www.burmeseclassic.com

အနမ်းတွေခြွေခဲ့ဖူးတယ် ပန်းလှေပေါ်က စကားဝိုင်းလေးတို့ ...




www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com



ရေထဲမှာ မှောက်ပြီး . ."

"ဟော့ကောင်. . . တော်ကွာ"

ပိုင်ပိုင်စိုးကို ကြည့်ပြီး ဝေလွင်ခေါင်းကုတ်တော့တယ်။ တစ်ခါတစ်ခါ ပိုင်ပိုင်စိုးက ဒီလိုပဲ ကြောင်တယ်။ သူများနဲ့ မတူအောင် အိမ်သာထဲမှာ တောင်းလို့ ပြောလိုက်ရင်လည်း စိတ်ဆိုးဦးမယ်။

စဉ်းစားရင်းနဲ့ပဲ ခေါင်းတင်မဟုတ်ဘဲ ဖင်ပါ ကုတ်လိုက်ရင်း. . .

"အင်း. . အဲ. . ငပိုင်ရာ. . သူများထက် ထူးချင်ရင်တော့ ဟို. . တိရစ္ဆာန်ရုံကို သွားပါလား"

"ဘာကွ"

ပိုင်ပိုင်စိုးအသံ တော်တော်ကျယ်သွားရဲ့။ ဘယ့်နှယ့်. . . ကြည်ကြည်နူးနူးနဲ့ လုပ်ရမယ့်ကိစ္စကိုမှ တိရစ္ဆာန်ရုံကို လွှတ်နေတာကိုး။

အဲ့ဒါကြောင့် ဒေါသတောင် ပြူထွက်လာပြီး. . .

"တော်ကွာ ဝေလွင်. . . မင်းရဲ့ချီးဘရိမ်းက ဒီလိုစိတ်ကူးပဲ ရတာပေါ့. . . ဟုတ်လား"

"ဟာကွာ. . . မင်းပဲ ထူးခြားချင်တယ်ဆို"

"ဟကောင်ရ. . . အဲဒီနေရာက ထူးခြားစရာလား၊ အကောင်ပလောင်တွေကြားထဲမှာကို"

"ဝေးပြန်ပြီ ငပိုင်ရာ၊ ငါဆိုလိုချင်တာကို နားမလည်တာက မင်းကွ"

ပိုင်ပိုင်စိုး အူတူတူတောင် ဖြစ်သွားရတယ်။ အဲဒါကြောင့် စိတ်





လျှော့ပြီး ပြန်မေးလိုက်ရတယ်။

"ဒါ. . ဒါဆို. . မင်းပြောချင်တာက"

စကားအဆုံးမှာပဲ ဝေလွင်က ဒီလိုကွလို့ အစချီပြီး ပိုင်ပိုင်စိုးကို တိုးတိုးလေး ကပ်ပြောလိုက်တယ်။ နားထောင်ပြီးပြီးချင်းပဲ ပိုင်ပိုင်စိုး အားရပါးရ ပြုံးလိုက်မိရဲ့။

လက်ဖျောက်တစ်ချက်တောင် တီးလိုက်ပြီး. . .

"ကောင်းတယ်ကွာ. . . ဒီတစ်ခါတော့ မင်းအကြံကို ငါ တော်တော်သဘောကျသွားပြီကွ"

ဝေလွင်က သူ့အကျီကော်လံကို သိသိသာသာပဲ ထောင်လိုက်တယ်။ ဆရာကြီးအထာ ဖမ်းလိုက်တာမျိုးပါ။ ပိုင်ပိုင်စိုးလည်း သူ့အကြံကို သဘောကျနေပြီမို့ အောင့်သက်သက်နဲ့ ငြိမ်နေလိုက်ရတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဝေလွင်ပေးတဲ့အကြံက သူများနဲ့ မတူဘဲ ထူးခြားနေလို့လေ။ ဒီခေတ်မှာတော့ ဒီကောင့်စိတ်ကူးက အသစ်ဖြစ်နေတယ် မဟုတ်လား။

အဲဒီနေ့မှာ မိုးဦးမေ အံ့ဩပျော်ရွှင်သွားမှာကို မြင်ယောင်ရင်း ပိုင်ပိုင်စိုး အတော်အားရကျေနပ်နေပါတယ်။

အင်း. . . အဲ့ဒီနေ့မှာပဲ. . .



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်လေကျတော့လည်း
ကံကြမ္မာဆိုတာ တကယ့်ကို
ကိုရိုးယားကားကြီး...(အဲလေ)
ကိုးရိုးကားယားကြီးပါ...
အဲဒါကြောင့်လည်း
ထီပေါက်ပြီး ထီလက်မှတ်ပျောက်တဲ့
အချစ်မျိုးတွေ ရှိနေတာပေါ့...



BURMESE CLASSIC .com

# အခန်း(၂)

အဲဒီမနက်ကတော့ ရာသီဥတုဟာ ကိုယ့်ဘက်ပါတယ်လို့ ပြောရမလား မသိပါဘူး။ အိပ်ယာကထ၊ ပြတင်းပေါက် ဖွင့်ကြည့်လိုက်ရင်ပဲ ပိုင်ပိုင်စိုးမျက်စိထဲမှာ အတော်ကို ပသာဒ ဖြစ်သွားရတယ်။

အစောင့်ကြီး စောင့်အိပ်ခဲ့ရတဲ့ မနက်ခင်း မဟုတ်လား။

"အဟက်ဟက်. . ဒီနေ့တော့. ."

"ဂလုံ"

"ဟာ. . . သွားပါပြီကွာ"

ပိုင်ပိုင်စိုး ဝမ်းသာအားရနဲ့ လှည့်အထွက် တစ်ညလုံး အိပ်မပျော်တိုင်း ထထပေါက်ထားရတဲ့ ဆီးအိုးကြီးကို ခလုတ်တိုက်မိပြီး တစ်

www.burmeseclassic.com

www.burmeseclassic.com



ခန်းလုံး ရွဲကုန်တယ်။

အရေးထဲမှကွာ. . .

အဲ့ဒါနဲ့ပဲ ဆီးအိုးကို သန့်စင်ခန်းထဲပို့၊ သန့်စင်ခန်းထဲကနေ ရေစိုဖတ်တစ်ခု ယူလာပြီး တိုက်ဟာချွတ်ဟာနဲ့ အတော့်ကို ဖတ်ဖတ်မောသွားတယ်။

ဒီမနက် ပုပ္ပနိမိတ် မကောင်းဘူးဆိုတာ စိတ်ထဲ သိနေပေမယ့် မသိချင်ဟန်ပဲ ဆောင်နေလိုက်တယ်။

မိုးနှောင်းကာလဆိုတဲ့အတိုင်း ညဦးပိုင်းက ရွာထားတဲ့ မိုးဖျောက်ဖျောက်ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးဟာ စိုလက်လှပနေလေရဲ့။ တချို့မိုးစက်ကလေးတွေဆိုရင် သစ်ရွက်အဖျားလေးတွေမှာ သီးခိုနေကြတုန်း။

ဘယ်လိုပဲဖြစ်ဖြစ် ဒီမနက်မှာ မိုးမရွာတာကိုပဲ ပိုင်ပိုင်စိုး သဘောကျနေမိတယ်။ မိုးတွင်းဆိုပေမယ့် စိုစိုစိစိနဲ့ မသွားချင်တာ အမှန်ပါ။ ခုတော့ မနက်ခင်းဟာ သာယာလင်းမနေတာကြောင့် ရာသီဥတုကတော့ သူ့အကြိုက်ပဲလေ။

ရေမိုးချိုး အဝတ်အစားလဲပြီးတော့ မိုးဦးမေဆီ ဖုန်းလှမ်းဆက်လိုက်သေးတယ်။ မနေ့ကတည်းက ချိန်းထားတာဆိုပေမယ့်လည်း လွဲမှာစိုးလို့လေ။

"မိုးဦးလား. . . မောင်ပါ၊ နောက်နာရီဝက်ဆို ရောက်တော့မယ်နော်၊ မိုးဦးကော ပြင်ဆင်ပြီးသွားပြီလား"

မိုးဦးမေဆီက ဟွန်းဆိုတဲ့အသံလေး အရင်ထွက်လာတယ်။ ပြီးမှ. . .



"ပြီးပြီ. . . ပြီးပြီ၊ မောင်ပဲ နောက်မကျနဲ့. . . မလွဲစေနဲ့"

ပိုင်ပိုင်စိုး သဘောကျသလို ရယ်လိုက်ပြီး. . .

"မလွဲပါဘူးကွာ. . တိရစ္ဆာန်ရုံဆိုတာ ရန်ကုန်မှာ ဘယ်နှစ်ခုရှိတာမှတ်လို့"

"ပြောလို့မရဘူးလေ. . . တော်ကြာ မောင်က နေပြည်တော်က တိရစ္ဆာန်ရုံကို သွားချင်သွားနေမှာစိုးလို့၊ ဒါနဲ့ နေပါဦး၊ ဒီနေ့မှ အရေးတကြီး ဘာဖြစ်လို့ အစောကြီး ချိန်းတာလဲ"

"ဟဲ. . ဟဲ. . သိရမှာပေါ့ကွာ၊ နောက်နာရီဝက်ဆိုရင် မိုးဦး တအံ့တသြ သိရတော့မှာပါ"

"ဒါဆိုလည်း ပြီးရော၊ မောင့်ကိုလည်း မိုးဦးပြောစရာရှိတယ်"

"အိုကေ မိုးဦး. . . ခဏနေရင် တွေ့တာပေါ့"

ဖုန်းပိတ်ပြီး ဗူးကလေးနဲ့ ထည့်ထားတဲ့လက်စွပ်ကလေးကို ထုတ်ကြည့်လိုက်သေးတယ်။ နောက်ထပ်တစ်နာရီ လောက်ကြာရင်တော့ ဒီလက်စွပ်ကလေးဟာ မိုးဦးမေရဲ့လက်သန်းကြွယ်မှာ တင့်တယ်နေတော့မှာပါ။ အဲဒီအတွေးလေးနဲ့တင် ပိုင်ပိုင်စိုး ပီတိတွေ ဖြစ်သွားရတယ်။

အားလုံးပြင်ဆင်ပြီးတော့ ကားတစ်စီးငှားပြီး ထွက်လာခဲ့တာပေါ့။ ယောကျ်ားလေးဆိုတာ ကိုယ်က ကြိုရောက်နေမှ သင့်တော်မယ်ဆိုတာ ပိုင်ပိုင်စိုး နားလည်ပါတယ်။

ရောက်ရောက်ချင်းပဲ တိရစ္ဆာန်ရုံထဲ ဝင်ပြီး အပေါက်ဝနားမှာပဲ မယောင်မလည် စောင့်နေလိုက်တယ်။ မိုးဦးမေက သူ့ကိုယ်ပိုင်ကားနဲ့ လာမှာဆိုတော့ မြင်သာတယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ စောင့်နေလိုက်တာ နာရီဝက်လောက် ရှိလာတယ်။ မိုးဦးမေကားက အရိပ်အယောင်တောင် မမြင်ရသေးဘူး။ ပိုင်ပိုင်စိုး လည်ပင်းက သစ်ကုလားအုတ်လောက် ရှည်လာပြီ။ တောင်ကြည့် မြောက်ကြည့်နဲ့ ဂဏှာမငြိမ်ဖြစ်လာပြီ။

သူမကို မျှော်ကြည့်လိုက်၊ ဟိုလှုပ်လှုပ် သည်လှုပ်လှုပ် လျှောက်လိုက်နဲ့ တစ်နေရာမှာ ပျော့ခနဲ နင်းမိလိုက်တဲ့အသိကြောင့် ငုံ့ကြည့်လိုက်တော့. . .

"အားလားလား"

"တောက်. . . ဘယ်ခွေးက ဖင်စည်းကမ်းမဲ့ပြီး လုပ်သွားပြန်ပြီလဲ မသိဘူးကွာ. . . ဒုက္ခပါပဲ"

ပိုင်ပိုင်စိုး ရှက်လည်းရှက်၊ ဒေါသလည်း ထွက်ပြီး နီးရာမြက်ခင်းနဲ့ ခြေကို ပွတ်ပြီး သုတ်လိုက်တယ်။

ဒီမနက်တော့ မဟုတ်သေးဘူးဆိုတဲ့အတွေးက ပေါ်လာပြန်လို့ အဲ့ဒီအတွေးကို အတင်းဖျောက်ဖျက်ပြီး ဆက်မျှော်တယ်။

နောက်တော့ ဘယ်လိုမှ မနေနိုင်တော့ဘဲ ဖုန်းနဲ့ လှမ်းဆက်မိတော့တယ်။ ဖြစ်ချင်တော့ ဖုန်းလိုင်းကလည်း ဆက်သွယ်မှုဧရိယာပြင်ပဆိုပဲ။ ပိုင်ပိုင်စိုးတစ်ယောက် လေပူကြီးကိုပဲ မချိမဆန့် မှုတ်ထုတ်နေမိတော့တယ်။

ချိန်းထားတဲ့အချိန်ထက် နာရီဝက်တောင် မကဘဲ လေးဆယ့်ငါးမိနစ်လောက် ကျော်လာပါပြီ။ ဖင်ကြား ခဲညှပ်သလို ထိုင်မရ ထမရနဲ့၊ အရှူးမီးဝိုင်းသလိုမျိုး ပတ်ပြေးရမလား ခံစားလာရတယ်။ သေသေချာချာ ချိန်းထားပြီးမှ ခုလိုဖြစ်ရတာကို ဘယ်လိုမှ မယုံနိုင်ဘူး။





အဲဒီအချိန်မှာပဲ ပိုင်ပိုင်စိုးရဲ့ဖုန်းက ထမြည်လာပါတယ်။

နံပါတ်ကြည့်လိုက်တော့ ထခုန်မိမတတ်ဖြစ်သွားရပြီး လျှာခလုတ်တိုက်မတတ် ပြောလိုက်မိလေရဲ့။

"မိုးဦး. . မိုးဦး. . ဘာဖြစ်လို့ နောက်ကျတာလဲကွာ၊ ဒီမှာ စောင့်နေရတာ ရူးတော့မယ်"

စကားသံ ဆုံးဆုံးချင်းမှာပဲ မိုးဦးမေရဲ့ဒေါသသံဟာ နားထဲကို ဒီရေဝင်ပွတ်ပါတော့တယ်။

"ဘာ. . ဘာပြောလိုက်တယ်၊ စောင့်နေရတာက မိုးဦးလေ၊ မိန်းကလေးတစ်ယောက်တည်း ကြောင်တောင်တောင်နဲ့ စောင့်နေရတာ၊ လူတွေ ဝိုင်းကြည့်ကုန်ပြီ"

"ဟာ. . . မိုးဦးကလည်း၊ မောင်လည်း အပေါက်ဝမှာ စောင့်နေတာပဲ၊ မိုးဦးကားနဲ့ တူတာတောင် မတွေ့ဘူး"

ပြောရင်း ပတ်ဝန်းကျင်ကို ကျိုးတိုးကျားတား ကြည့်လိုက်သေးတယ်။ တကယ်ကို မတွေ့မိတာပါ။

အဲဒီအချိန်မှာပဲ မိုးဦးမေက. . .

"နေစမ်းပါဦး. . . ရှင်က ဘယ်အပေါက်က စောင့်နေတာလဲ"

"မောနင်းစတား(Morning Star) ဆိုင်ဘေးက အပေါက်လေ၊ အဲဒီမှာ တစ်ခုခု အရင်စားမလားလို့"

"တောက်. . . ရှင်ကတော့ လုပ်ချလိုက်ပြန်ပြီ"

"ဘာ. . ဘာဖြစ်လို့လဲ မိုးဦးရယ်"

"ဘာဖြစ်ရမှာလဲ. . . ကျွန်မရပ်စောင့်နေတာ ကန်တော်ကြီးပတ်လမ်းက အပေါက်မှာလေ၊ မပြောလိုက်ချင်ဘူး. . . ချိန်းလိုက်ရင်



www.burmeseclassic.com

www.burmeseclassic.com



လွဲပြီ"

"ဟာ. . ."

စက်သေနတ်ပစ်သလို ပြောပြီး မိုးဦးမေ ဖုန်းချသွားပါတော့တယ်။ အတော်လေး ဒေါသထွက်နေပုံပါပဲ။ ပိုင်ပိုင်စိုးလည်း ဟိုဘက်ကို ဖနောင့်နဲ့တင်ပါး တသားတည်းကျအောင် ပြေးလိုက်ရတော့တယ်။

တော်ပါသေးလို့ ဆိုရတော့မှာပဲ။ ဟိုဘက်အပေါက်ဝနားမှာ မိုးဦးမေက စောင့်နေတုန်းပါ။

မျက်နှာလေးကတော့ စူပုတ်ပြီး ရှစ်ခေါက်ချိုးနေပါပြီ။

ပိုင်ပိုင်စိုးလည်း မျက်နှာကို သကြားဖြူးထားလိုက်ရင်း. . .

"ဆောရီးပါ မိုးဦးရယ်၊ ကိုယ် အပေါက်မှားသွားတာပါ ဟဲ. . ဟဲ. . ."

ဒေါသမပြေသေးဘဲ မိုးဦးမေက မျက်စောင်းထိုးလိုက်တယ်။

"မှားနေ. . မှားနေ. . အဲဒီလို အပေါက်ပဲမှားနေ. . သိလား"

"နောက်တစ်ခါဆို ဘယ်အပေါက်မှ မမှားတော့ပါဘူး မိုးဦးရယ်"

"ဘာပြောတယ်. ."

"ဩော်. . . ဒီနေ့ မောင် မိုးဦးကို လက်ထပ်ခွင့်တောင်းမလို့လေ. . . အဲဒါ. . ."

"ပိုင်ပိုင်စိုး"

နာမည်ခေါ်ရင်း မိုးဦးမေမျက်နှာ ရဲရဲနီသွားတယ်။ ဒီလောက်လွဲနေတာတောင် စကားကို ရှေ့နောက်မကြည့်ဘဲ ပြောချလိုက်တာကိုး။

ပိုင်ပိုင်စိုးလည်း သူ့အမှားကို ချက်ချင်းရိပ်မိသွားတယ်။ ချက်





ချင်းပဲ မျက်နှာလေး ငယ်ပြလိုက်ရင်း. . .

"ဟာ. . ဆောရီး. . ဆောရီး၊ မိုးဦးကို အံ့ဩစေချင်တာနဲ့ စကားပြောတာ လောသွားတာပါ. . လာ. . လာ"

ပြောရင်း လက်ဆွဲခေါ်လိုက်တော့ မိုးဦးမေ ဘောက်ဆတ်ဘောက်ဆတ်နဲ့ ပါလာလေရဲ့။ မျက်နှာကတော့ မှုန်ကုတ်နေတုန်းပဲ။

"တစ်ခုခု အရင်စားရအောင်နော် မိုးဦး"

ပြောရင်း နှစ်ယောက်သား ဆိုင်တစ်ဆိုင်ထဲကို ဝင်လိုက်ကြတယ်။ ပိုင်ပိုင်စိုးက ဗိုက်ဆာလို့ အုန်းနို့ခေါက်ဆွဲတစ်ပွဲ စားလိုက်ပေမယ့် မိုးဦးမေကတော့ အအေးတစ်ဘူးပဲ သောက်တယ်။

စားသောက်နေတုန်း သူမ အနံ့ရသွားတယ်နဲ့တူပါရဲ့။ နှာသီးလေး စူပွစူပွ လုပ်ရင်း. . .

"ဘာနံ့လဲ မသိဘူး"

ပိုင်ပိုင်စိုး ချွေးပြန်သွားတယ်။ သူ့ဖိနပ်က အနံ့ဆိုတာ သေချာနေတာ မဟုတ်လား။

"မောင်တော့ ဘာနံ့မှ မရပါဘူးကွ၊ ဩော. . သိပြီသိပြီ၊ အုန်းနို့ဟင်းရည်ထဲ ရှောက်သီးညှစ်ထားတဲ့အနံ့. . . ဒီမှာလေ"

ပိုင်ပိုင်စိုး သူ့ဘာသာ ပြောပြီး သူ့ဘာသာ အန်မထွက်မိအောင် အတော်မျိုချနေရတယ်။

စားသောက်ပြီးစီးတော့ ပိုင်ပိုင်စိုးကပဲ ငွေရှင်းလိုက်ပြီး. . .

"မိုးဦး. . . မောင်တို့ လျှောက်ကြည့်ကြဦးမလား"

"အာ. . . မကြည့်ချင်ပါဘူး၊ ရှင့်အမျိုးတွေကို ရှင်ပဲသွားကြည့်၊ ဒါနဲ့ ရှင် ကျွန်မကို ပြောစရာရှိတယ်ဆိုတာ ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်ထိ မိုးဦးမေက စိတ်ဆိုးမပြေသေးသလို သူ့ကို ဘာကြောင့် ဒီမှာချိန်းတာလဲဆိုတာကိုပါ မရိပ်မိသေးပါဘူး။

အဲဒီတော့မှ ပိုင်ပိုင်စိုးက. . .

"အဟဲ. . . ပြောမှာပေါ့ မိုးဦးရယ်၊ ခဏလေး စိတ်ကို လျှော့ထားလိုက်ပါ၊ လာ. . . သွားရအောင်"

ဒီတစ်ခါလည်း ပိုင်ပိုင်စိုး ခေါ်တဲ့နောက်ကို မိုးဦးမေ လိုက်ခဲ့ရပြန်တယ်။ ခုတစ်ခါ ခေါ်သွားတာက ရိုလာကိုစတာ စီးတဲ့နေရာကိုပါ။ အဲဒါကလည်း ဝေလွှင်ပေးတဲ့အကြံလေ။ သူများတွေထက် ထူးခြားအောင် ရိုလာကိုစတာ စီးရင်းနဲ့ပြောဆိုလို့ ဒီမှာချိန်းလိုက်တာ။

မိုးဦးမေက ဘာမှမပြောသေးဘဲ ပိုင်ပိုင်စိုးနဲ့အတူ ရိုလာကိုစတာပေါ် တက်လိုက်တယ်။ ခဏနေရင်ပဲ သူတို့စီးတဲ့ ရိုလာကိုစတာဟာ တဖြည်းဖြည်းနဲ့ ရွေ့လျားစပြုပါပြီ။

စီးနေရင်းနဲ့ ပိုင်ပိုင်စိုးတစ်ယောက် သူ့အကြံအစည်ကို အကောင်အထည်ဖော်ဖို့ ပြင်လိုက်တယ်။ ဒါပေမယ့် ထင်သလို ဖြစ်မလာဘူး။ အိတ်ကပ်ထဲက လက်စွပ်ဘူးကလေးကို ထုတ်ပြီး လက်ထပ်ခွင့်တောင်းဖို့ ပြင်လိုက်စဉ်မှာပဲ ရင်ထဲမှာ အေးခနဲဖြစ်လာတယ်။

အမှန်တော့ ဒီရိုလာကိုစတာဆိုတာကြီးကို ကြားဖူး မြင်ဖူးနေပေမယ့် တစ်ခါမှ စီးဖူးတာ မဟုတ်ဘူး၊ ကိုယ့်ဇောနဲ့ကိုယ် တက်စီးလာပြီးမှ ကဖြည်းဖြည်း မြန်လာတဲ့အရှိန်ကြောင့် အသဲထဲ အေးပြီး စိတ်လှုပ်ရှားလာတော့တယ်။ ဒါပေမယ့် အားတင်းပြီး စကားစလိုက်ပါသေးတယ်။

"မိုး. . မိုးဦး"





မိုးဦးမေက ဆတ်ကနဲ လှည့်ကြည့်တယ်။ ဘာလဲပေါ့။ ပိုင်ပိုင်စိုးကလည်း စကားဆက်ဖို့ အားယူပါသေးတယ်။

ဒါပေမယ့်. . .

တစ်ခါမှ မစီးဖူးတာရယ်၊ ကြောက်ပြီး စိတ်လှုပ်ရှားလွန်းတာကြောင့် ခေါင်းထဲ တရိပ်ရိပ် မူးဝေလာတာရယ် ရောပြီး ဗိုက်ထဲက အုန်းနို့ခေါက်ဆွဲတွေဟာ အော့ကနဲ လည်ချောင်းဝမှာ တစ်ဆို့လာလေရဲ့။

အဆိုးဆုံးက အီးသွားချင်သလို ဆီးသွားချင်သလို ဖြစ်လာတာပါ။ ပိုင်ပိုင်စိုး အတတ်နိုင်ဆုံး အံကြိတ်တင်းခံထားပေမယ့် တင်းမခံနိုင်တဲ့နေရာက သူ့အလိုလို ထွက်ကျကုန်ပါတယ်။

"ရှင်. . ရှင် ဘယ်လိုဖြစ်တာလဲ၊ ထွက်. . ထွက်ကုန်ပြီ"

ပိုင်ပိုင်စိုး ဘာမှကို ပြန်မပြောနိုင်ဘဲ မျက်စိပါ စုံမှိတ်ထားလိုက်တယ်။ အဲ့ဒီအချိန်မှာပဲ ဗိုက်ထဲကနေ အော့ကနဲပြီး တက်လာတဲ့ အုန်းနို့ခေါက်ဆွဲတွေကြောင့်. . .

ဘေးက လက်ကိုင်တန်းကို တင်းတင်းဆုပ်ပြီး အကြိမ်ကြိမ် ပြန်မျိုချပါသေးတယ်။ ဖြစ်ချင်တော့ ဘယ်လိုမှ အောင့်အီးမနိုင်တော့ဘဲ မျက်လုံးကြီး ပြူးထွက်လာပြီး ဗိုက်ထဲက အုန်းနို့ခေါက်ဆွဲတွေဟာလည်း အရှိန်ပြင်းပြင်းနဲ့ပဲ. . .

"ဝေါ့. . ."

"အမလေး. . . ဘာတွေလဲ"

ပထမအသံဟာ ပိုင်ပိုင်စိုးရဲ့ပါးစပ်က မချိမဆန့် ထွက်လာတဲ့အသံဖြစ်ပြီး ဒုတိယအသံကတော့ သူ့ရဲ့စကာဒ်တည့်တည့်ကိုကျလာတဲ့



www.burmeseclassic.com

www.burmeseclassic.com



အံ့ဖတ်တွေကြောင့် အထိတ်တလန့် အော်လိုက်တဲ့ မိုးဦးမေရဲ့အသံပဲဖြစ်ပါတော့တယ်။

"ဟာ. . မိုးဦး. . ဆောရီး. . ဆောရီး"

အလန့်တကြား ရေရွတ်ပြီး စက္ကဒ်ပေါ်က အံ့ဖတ်တွေကို ပိုင်ပိုင်စိုး ကျုံးလိုက်မှပဲ ပိုပြီးပေပွသွားလေရဲ့။ မိုးဦးမေကတော့ စနစ်တကျ လုပ်ကြံခံလိုက်ရတဲ့သူလို မျက်နှာတစ်ခုလုံး တင်းမာခက်ထန်ပြီး မျက်ဝန်းတွေကလည်း မီးဝင်းဝင်းတောက်နေပါပြီ။

"ပိုင်ပိုင်စိုး. . ."

ဒေါသတကြီး ကြုံးအော်လိုက်ချိန်မှာပဲ ရှိလာကိုစတာဟာ အချိန်စေ့လို့ ရပ်သွားသလို သူတို့ရဲ့ဇာတ်လမ်းဟာလည်း ရှိမန့်စ်ဖြစ်ချင်လွန်းတဲ့ ပိုင်ပိုင်စိုးရဲ့မဟာအကြံအစည်နဲ့ မဆန့်မပြဲ ရည်ရွယ်ချက်ကြီးကြောင့်. . .

"ဖြန်း. . ."

အဲဒီအသံနဲ့အတူ ပါးတစ်ဖက် မီးပွင့်သွားရပြီး လူတွေကြားထဲ စက္ကဒ်ပေပွပွနဲ့ ပြေးထွက်သွားတဲ့ မိုးဦးမေရဲ့ကျောပြင်ကိုသာ ပိုင်ပိုင်စိုး မြင်လိုက်ရပါတယ်။

အဲဒီနောက်မှာတော့. . .





## အခန်း(၃)

# လေးလခန့်ကြာသော်

အချိန်တွေသာ တစ်ရက်ပြီးတစ်ရက် လွန်မြောက်လာပါတယ်။ လူကြားထဲမှာ အရှက်ခွဲခံလိုက်သလို ဖြစ်သွားတဲ့ မိုးဦးမေဟာ ပိုင်ပိုင်စိုး ဘယ်လိုပဲ တွေ့ဖို့ ကြိုးစားကြိုးစား အတွေ့မခံတော့ပါဘူး။ ရှင်းပြခွင့်လေးတောင် မရတဲ့ ပိုင်ပိုင်စိုးမှာ ကြေကွဲရတော့တယ်။

ဒီကြားထဲမှာ မိုးဦးမေတစ်ယောက်. . သူတို့လိုပဲ ချမ်းသာတဲ့ အသိုင်းအဝိုင်းက ဘဲတစ်ပွေနဲ့ တွဲနေတယ်လို့လည်း ကြားနေရတော့ ပိုင်ပိုင်စိုး အသဲကွဲလို့ မဆုံးတော့ပါဘူး။

အချိန်က ကုစားလို့ ဒဏ်ရာတွေ သက်သာလား မသက်သာ



www.burmeseclassic.com

www.burmeseclassic.com



လားတော့ မသိဘူး။ ပိုင်ပိုင်စိုးကတော့ လဒမှိုင် မှိုင်နေတဲ့အသွင်နဲ့ ကွန်ပျူတာရှေ့မှာထိုင်၊ ကွန်ပျူတာမော်နီတာမှာ တင်ထားတဲ့ မိုးဦးမေ ရဲ့ဓါတ်ပုံကိုပဲ ကြည့်နေတော့တာပဲ။

အဲဒါကို ဘေးကနေပြီး ကြည့်မရတဲ့သူက ဝေလွင်ပါ။ သူ့စိတ် ထဲမှာ ပိုင်ပိုင်စိုး ဒီလောက်ကြီး ခံစားမနေသင့်ဘူးလို့လည်း ထင်တယ်။

"ဒီအတိုင်း မကြည့်နဲ့ကွာ၊ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ လက္ခဏာ ကြီးသုံးပါးနဲ့ ယှဉ်ပြီးကြည့်စမ်း ငပိုင်"

"ဟား. . . အရေးထဲ ဘာတွေ လာဘူနေတာလဲကွာ"

"ဘူတာ မဟုတ်ဘူး၊ မင်း အူနေလို့ ပြောတာ"

"ငါ့ဘာသာ ဖြည်းဖြည်းလွမ်းပါရစေ ဝေလွင်ရာ"

"မင်းကွာ. . . ခုမှ ရည်းစားထားဖူးတဲ့ သူငယ်နှပ်စားလည်း မဟုတ်ဘူး၊ တော်ရုံတန်ရုံ အသဲကွဲရရင် တော်ရောပေါ့ကွာ"

အဲဒီလိုပြောလိုက်တိုင်း ပိုင်ပိုင်စိုးမျက်နှာက အိုစာသွားတော့ တာပဲ။ ပင့်သက်ကို သတိရတိုင်း ရှိုက်ပြီး. . .

"ငါခံစားရတာ ငါပဲသိတယ်ကွ၊ ငါက မိုးဦးကို လက်ထပ်ဖို့အထိ ရည်ရွယ်ထားတာလေ"

"ဟုတ်ပါပြီကွာ. . . မင်းခံစားရတာကို ငါကိုယ်ချင်းစာပါတယ်၊ မင်းပဲ စဉ်းစားကြည့်ကွာ၊ မင်းလုပ်ခဲ့တာက ခွင့်မလွှတ်နိုင်တဲ့ကိစ္စမှ မဟုတ်တာ၊ မင်းအပေါ် တကယ်ချစ်ရင် ခွင့်လွှတ်ပေးရမှာပေါ့၊

ပြီးတော့. . ခု. . မိုးဦးမေက သူ့လို ချမ်းသာတဲ့ကောင်တစ် ကောင်နဲ့ ထပ်တွဲနေပြီလေ၊ ငါ့စိတ်ထင်ကတော့ မင်းကို ဖြတ်ချင်တုန်း ဒီကိစ္စက တိုက်ဆိုင်သွားတော့ ကွက်တိ ဖြတ်ပစ်လိုက်တာ၊ အကုန်ဖြတ်





မပစ်လိုက်တာပဲ ကံကောင်းတယ်"

"ဘာလဲဟ"

"အဲ့ဒီနေ့က မင်း ရိုလာကိုစတာပေါ့ ရှူးတွေ ပေါက်ချပစ် တာလေ"

"အဲ"

"သူ့လက်ထဲ ဓါးသာ ပါရင် အကုန်ပြတ်တယ်"

"အာ. . . မင်းကလည်း"

"မင်းကလည်း မလုပ်နဲ့လေ၊ မင်းကိုက အပေါ်ရော အောက် ရော ထွက်ကုန်တာ၊ အရှက်မကွဲ ခံနိုင်ရိုးလား၊ မိုးဦးမို့လို့. .ငါသာဆို ကန်ချပစ်တယ်"

"အဲဒီလိုတော့ မပြောပါနဲ့ကွာ၊ မိုးဦးက ငါ့အပေါ် တကယ် ချစ်ခဲ့တာပါ"

"ဒါကတော့ မင်းအထင်လေ၊ မင်းမိသားစုက အဆင်ပြေ တယ်ဆိုပေမယ့် မိုးဦးမေတို့က မင်းတို့ထက် အဆပေါင်း မြောက်များစွာ ချမ်းသာတယ်၊ နောက်တစ်ချက်က မိုးဦးမေဟာ မင်းနဲ့ ဘာသာမတူတဲ့ ခရစ်ယာန်ဖြစ်နေတယ်"

ပိုင်ပိုင်စိုးက ဝေလွင်ကို လက်ကာပြရင်း. . .

"တော်ပါတော့ကွာ. . . သူ့အိမ်ထောင်ရေးကို သူကိုယ်တိုင် ဆုံးဖြတ်ခွင့်ပေးထားတယ်လို့ မိုးဦးက ငါ့ကို ပြောပြဖူးတယ်"

ဝေလွင်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီးမှ. . .

"ဟုတ်မှာပါ. . . အဲဒါကြောင့်လည်း ခုပဲ မင်းရဲ့မိုးဦးက ရွေး ချယ်မှုကို သူကိုယ်တိုင် ပြောင်းလိုက်တာနေမှာပေါ့ ငပိုင်ရာ"



www.burmeseclassic.com

www.burmeseclassic.com



ဝေလွင်စကားတွေကတော့ တစ်စက်မှ အားရစရာ မရှိတာ အမှန်ပဲ။ ဘာပဲဖြစ်ဖြစ် မိုးဦးမေဆီက ခွင့်လွှတ်မှုနဲ့အတူ ရုပ်သိမ်းသွားတဲ့အချစ်ကိုလည်း ပိုင်ပိုင်စိုး ပြန်တမ်းတနေတာ တကယ်ပါ။

နောက်ဆုံးတော့ သူငယ်ချင်းဖြစ်တဲ့ဝေလွင်ကို မချိုပြုံးလေးနဲ့ပဲ ပြန်ပြောလိုက်ရတော့တယ်။

"မင်း အချစ်ဆိုတာကို မခံစားဖူးလို့ပါ ဝေလွင်ရာ၊ အဲဒါမျိုးက ကိုယ်ကိုယ်တိုင် ခံစားရမှ သိတာကွ"

ဝေလွင်ကလည်း ခပ်တည်တည်ပဲ တုန့်ပြန်လိုက်ပါတယ်။ ဒါတောင် ရိုသလို ငေါ့သလို အသံတော့ အပါသား။

"အေးလေ. . ကိုယ်တိုင်ကြုံဖူးအောင်တော့ ရည်းစားလေး ဘာလေး ထားကြည့်လိုက်ပါဦးမယ်၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ် ငပိုင်ရ၊ လူဆိုတာ အချိန်နဲ့ လိုက်ပြီး ပြောင်းလဲနေတာလေ၊ အဲဒီပြောင်းလဲမှုကို လက်ခံနိုင်ရမှာပေါ့။

မင်းပုံစံကြီးက မာနမရှိတဲ့အတိုင်းပဲ၊ ကိုယ့်ကို ထားသွားတဲ့ လူကိုမှ အသည်းအသန် ပြန်တမ်းတနေတာ ငတ်ပါတယ်ကွာ၊ ဒီလို ဘူမနေဘဲ ကိုယ့်ကိုယ်ကိုလည်း ပြန်ဆန်းစစ်ဦး"

စကားအဆုံးမှာ ပိုင်ပိုင်စိုး ခပ်ဖြည်းဖြည်းပဲ ခေါင်းခါလိုက်တယ်။ ပါးစပ်ကလည်း. . .

"မေ့လို့တော့ မရသေးဘူးကွာ၊ ဘယ်အချိန်ကျမှ မေ့နိုင်မလဲ တောင် မသိဘူး"

ဝေလွင်ကတော့ စိတ်မသက်မသာဖြစ်တဲ့ပုံစံ ကြည့်ရင်း စကားတစ်ခွန်းပြောကာ လှည့်ထွက်သွားလေရဲ့။





"အဓိက,ကတော့ မင်းစိတ်ထဲမှာ လွတ်တဲ့ငါးက အရမ်းကြီးနေတယ်လို့ သတ်မှတ်မထားရင် ပြီးတာပါပဲကွာ"

ပိုင်ပိုင်စိုးဆီက ပြန်အလာမှာတော့ ဝေလွင်ခေါင်းထဲ အတွေးတစ်ခု ဝင်လာပါတယ်။ သူငယ်ချင်းတစ်ယောက်အနေနဲ့ ဒီကောင့်ပုံစံကို ကြည့်ပြီး စိတ်မချမ်းသာတာလည်း ကြာပြီလေ။

ဒါကြောင့် အသဲတွေ အတင်းကွဲပြီး ကိုယ့်ကိုယ်ကို ဇာတ်နာပြနေတဲ့ ပိုင်ပိုင်စိုးကို စိတ်အပြောင်းအလဲဖြစ်အောင် ဘာလုပ်ပေးရင် ကောင်းမလဲဆိုတာပါ။

တွေးရင်းနဲ့ပဲ ဝေလွင်ခေါင်းထဲကို အစီအစဉ်တွေက ပြေးဝင်လာပါတော့တယ်။ ဒီတစ်ခါ ဝေလွင်ရဲ့အကြံအစည်က ပိုင်ပိုင်စိုးကို အပီဖမ်းစားနိုင်မလားဆိုတာတော့ ရှေ့ဆက်ကြည့်ရမှာပေါ့လေ။

အင်း. . . ဝေလွင့်အကြံအစည်က ဒီတစ်ခါလည်း လန်းပါတယ်လို့ ဆိုရမလားပဲ. . .။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုကြိတ်မှိတ်ထားရတဲ့
သောကတွေကို
ဂီတနဲ့ပဲ ဖွင့်ထုတ်လိုက်ရမလား
ယမကာနဲ့ပဲ မျောချလိုက်ရမလား
ဒါမှမဟုတ်....
ကောင်မလေးတွေကိုပဲ ရောင်းစားလိုက်ရမလား
အပြောင်းအလဲဆိုတာ
ပတ်ဝန်းကျင်အသစ်မှာ
စိတ်သစ်လူသစ်နဲ့မှ ဖြစ်တာလေ၊



# အခန်း(၄)

ဖုန်းထဲကို ဝင်လာတဲ့မက်ဆေ့ချ်ကို ကြည့်လိုက်တယ်။ ဝေလွင်ပဲ။ ဒီကောင် ဒီနေ့တစ်နေ့တည်းမှာပဲ မက်ဆေ့ချ်ပို့နေတာ လေးငါးခါ ရှိပြီ။ ပို့လိုက်တိုင်းလည်း ဖုန်းကိုင်ပါ ဆိုတာချည်းပဲ။

ပိုင်ပိုင်စိုးက ကိုယ့်ဟာကိုယ် ညစ်နေလို့ ဖုန်းမပြောချင်လို့ မကိုင်ဘဲ ထားတာပါ။

ဒီတစ်ခါတော့ ဖုန်းဖွင့်ကိုင်လိုက်ပါတယ်။ ဝေလွင့်အသံကြီးက ဆောင့်ကြီးအောင့်ကြီး နားထဲ ဝင်လာတယ်။

"ဟေ့ကောင်. . . ငပိုင်၊ ဖုန်းတောင် မပြောနိုင်ရအောင် မင်းက ဘာဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါပဲကွာ. . . အလုပ်ကိစ္စ"

"ဟော့ကောင်. . . အလုပ်ကိစ္စကို အကြောင်းလာပြမနေနဲ့၊ မင်းအလုပ်က ဖုန်းမပြောနိုင်လောက်အောင် မရှုပ်ဘူးကွ"

"ဟုတ်ပါပြီ. . ကဲ. . ပြော. . ဘာကိစ္စလဲ"

ဝေလွင်ဘက်က အသံခဏတော့ တိတ်သွားတယ်။ ပြီးမှ. . .

"ဟဲ. . ဟဲ. . သေသေချာချာ နားထောင်နော်၊ ငါ မင်းအတွက် တစ်ခုစဉ်းစားမိလို့ကွ"

"ဟေ. . . ဘာများလဲ"

"အင်း. . . ပြောရရင် သန်းကိုက်တဲ့ခေါင်းမှာ ကျိုးပေါင်းထနေတဲ့လည်ပင်းနဲ့ အသင်းခံထားရတဲ့ နွားထီးတစ်ကောင်ကို နွားမတစ်ထောင်နဲ့ ရောထားခံရသလို လူအိုရုံရောက်မှ စန်းထ ငမ်းသမျှ သွားရည်သာ လည်ပြီး ဘယ်အပျိုမှ အနားမကပ်၊ ငှက်ပျောတုံးခါတ်စီးနေတဲ့ လူပျိုကြီးကံဇာတာ ဆယ့်နှစ်ဘဝစာ အပိုင်စားရလို့ ငိုင်ကားကျနေတဲ့ မင်းရဲ့အခွက်ကြီးကို ပြုံးဖြီးလာအောင် လုပ်ချင်လို့လေကွာ"

"ဟာ. . . ဘာတွေလဲ ဝေလွင်ရာ"

စိတ်ရှုပ်ရှုပ်နဲ့ ပိုင်ပိုင်စိုး ပြန်ပြောလိုက်တယ်။ စိတ်ညစ်နေပါတယ်ဆိုမှ ဘာတွေလာပြောနေမှန်းကို မသိဘူး။

ဝေလွင်ကတော့ ခပ်တည်တည်အသံနဲ့ပဲ. . .

"ဟော့ကောင် ငပိုင်. . . နားထောင်၊ မင်း အပြောင်းအလဲလုပ်ရမယ်၊ မင်းအတွက် အလင်းရောင်ကို ငါမြင်နေရပြီကွ"

"ဟေ. . ."

"မဟေနဲ့. . . ဒီည စစ်ဆင်ရေး စမယ်၊ နာမည်က မုန်တိုင်း





စစ်ဆင်ရေး၊ ရည်မှန်းချက်က ကိုယ့်ပစ်ကွင်းထဲ ဝင်လာတဲ့ရန်သူကို မလွတ်တမ်း စောင့်ပစ်ရမယ့်စစ်ဆင်ရေးပဲ"

"ဟာ. . . ဘာတွေလဲကွာ၊ ပေါတောတောတွေ လာပြောမနေနဲ့"

"တယ်. . . ဆီးထွက်လို့ အားမရ၊ အီးထွက်မှ မှတ်မယ့်ကောင်၊ မင်း ကြောင်တောင်တောင်နဲ့ အခန်းအောင်းနေလို့ ပန်းပေါင်းခတဲ့ အရပ်ကို ခေါ်သွားမှာကွ. . . ရှင်းလား"

"နေစမ်းပါဦး. . . မင်းက ဘယ်ကိုသွားဖို့ ပြောနေတာလဲ"

"ကလပ်ကို"

"တော်ပါကွာ. . . အဲဒီမှာမှ တကယ်ပြတ်ကျမှာ"

ပိုင်ပိုင်စိုး ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲလိုက်တော့တယ်။ တစ်ဖက်က ဝေလွင်က တဟားဟား ရယ်ရင်း. . .

"ဘယ်လိုလဲကွ. . . အစီအစဉ်ကောင်းတယ်မလား၊ ကလပ်သွားမယ်. . ဘီယာစုပ်မယ်. . ကောင်မလေးတွေနဲ့ ဒန့်မယ်၊ အသားကုန် လန်းပစ်မယ်ကွာ၊ ဟဲ. . ဟဲ. . မင်းအတွက် စိတ်အပြောင်းလဲဖြစ်သလို ငါ့အတွက်လည်း ကောင်မလေးတစ်ယောက်လောက်နဲ့ နွေးနွေးထွေးထွေး ပတ်သက်ရင် ကောင်းမလားလို့"

"ဒုက္ခပဲကွာ. . . ငါတော့ ဒေဝဒတ်ကို တပည့်မွေးမိပြီ ထင်တယ်"

"အောင်မာ. . . အောင်မာ. . . မင်းကများ"

"ဟုတ်တယ်လေကွာ. . . ဟိုတစ်ခါလည်း မင်းအကြံပေးချက်ကြောင့် ငါ့မှာ အရှက်ကွဲတဲ့အပြင် အသည်းပါကွဲ၊ ခုလည်း အလုပ်တက်



www.burmeseclassic.com

www.burmeseclassic.com



မယ်တဲ့၊ ကြည့်လုပ်ပါဦး ဝေလွင်ရာ"

ဝေလွင်က ထပ်ရယ်သည်။ ပိုင်ပိုင်စိုးလည်း ဘာရယ်မဟုတ် နည်းနည်းတော့ စိတ်ဝင်စားသွားတာ အမှန်ပဲ။ အရင်ကဆို ဒီကောင်နဲ့ မကြာခဏ ကလပ်တက်နေကျ။ ခုမှ စိတ်လေပြီး ဘယ်မှ မသွားဖြစ်တာ ကြာပြီလေ။

စဉ်းစားနေတုန်းမှာပဲ ဝေလွင်က. . .

"ငပိုင် ဘယ်လိုလဲကွ. . . မင်းမလိုက်ရင် မင်းညီမကိုပဲ"

ဒီတစ်ခါတော့ စကားမဆုံးခင်မှာပဲ ပိုင်ပိုင်စိုး ဖြတ်ပြောလိုက်ပါတယ်။

"ဟေ့ကောင်. . တော်တော့. . မင်းဒကာခံမယ်ဆိုရင် ဒီည ငါ့ကို လာခေါ်. . ဒါပဲ"





# အခန်း(၅)

နိုက်ကလပ်(Night-Club) ဆိုတဲ့အတိုင်း မီးရောင်စုံ၊ လူရောင်စုံနဲ့ ပျော်စရာကောင်းတဲ့ ကမ္ဘာလေးတစ်ခုပါပဲ။ ကနေတဲ့ ကောင်လေး၊ ကောင်မလေးတွေဟာ မြူးကြွတဲ့ဂီတသံကြားမှာ စီးမျောနစ်မြုပ်နေကြတယ်။

ကလပ်ထဲ ရောက်ရောက်ချင်းပဲ ပိုင်ပိုင်စိုးစိတ်တွေ လန်းသွားရတာ တကယ်ပါ။ ကလပ်ထဲမှာက ကိုယ့်အတွဲနဲ့ကိုယ် လာကဲကြတဲ့လူတွေ ရှိသလို အတွဲမရှိဘဲ ကနေတဲ့ ကောင်မလေးတွေလည်း အများကြီးပါပဲ။

ဝေလွင်က ပိုင်ပိုင်စိုးအတွက် ဘီယာတစ်ခွက် ယူလာပေး



www.burmeseclassic.com

www.burmeseclassic.com



ရင်း. . .

"ရော့. . . ငပိုင်၊ ဒီဗျစ်ရည်လေး အရင်လွှတ်လိုက်ဦး၊ ပြီးမှ ဒန့်ကြတာပေါ့"

ဘာမှပြန်ပြောမနေဘဲ လှမ်းယူလိုက်ပါတယ်။ ကတယ်ဆိုတာ ကလည်း နည်းနည်းတော့ ရီဝေနေမှ ကောင်းတယ်လေ။

နှစ်ယောက်သား ရီဝေဝေလေး ဖြစ်လာတော့မှ ကနေတဲ့လူ တွေကြားထဲ တိုးဝင်လိုက်ကြတယ်။ ဝေလွင်က ကောင်မလေးတစ် ယောက်အနား မသိမသာ ကပ်သွားရင်း ကနေတာမို့ ပိုင်ပိုင်စိုးလည်း ဘယ်ရမလဲ၊ နောက်ထပ်ကောင်မလေးတစ်ယောက်အနား ကပ် သွားလိုက်တယ်။

ကလပ်ယဉ်ကျေးမှုအရ ဒီလိုကတာကို ဘယ်သူမှ အရေးတယူ ပြောမနေကြပါဘူး။ အဆင်ပြေသလို ကလိုက်ကြတာပဲ။

ပိုင်ပိုင်စိုးသဘောကတော့ ကလပ်ထဲမှာ အတူတွဲကရင်း အဆင်ပြေသွားရင်လည်း အဲဒီကောင်မလေးနဲ့ ရှေ့ဆက်ဇာတ်လမ်း လုပ်ဖို့ ရည်ရွယ်ချက် မရှိပါဘူး။

တချို့ကောင်မလေးတွေက ကလပ်ရဲ့မီးရောင်နဲ့ ညဘက်မှာ နတ်သမီးလောက် လှနေပေမယ့် နောက်နေ့ အပြင်မှာတွေ့ရင် ကပ် ကြေးနဲ့ ညှပ်ပစ်ချင်လောက်အောင် ရုပ်က ဂွမ်းနေတာမျိုးလည်း ရှိ တယ်လေ။ ပြီးတော့ ကိုယ်တွေ လာတာကလည်း မွန်းကျပ်နေတဲ့စိတ် ကို ခဏပဲဖြစ်ဖြစ် ထွက်ပေါက်ရချင်တာပဲ ရှိတယ်။

ပိုင်ပိုင်စိုး ဒွန့်နေရင်း လှည့်ကြည့်လိုက်တော့ ဝေလွင်လည်း ဖွာလန်လေးတစ်ယောက်နဲ့ ကရင်း တော်ကီတွေ လွှတ်နေတယ်။



ဒီကောင် ရည်းစားတောင် မထားဖူးတဲ့ကောင်။ နှုတ်တော့ ရဲသားလို့ တွေးရင်း ဘာတွေပြောနေမလဲလို့ အသာအနားကပ်ပြီး နားစွင့်ကြည့် လိုက်တယ်။

"တစ်ယောက်ထဲလား"

ကောင်မလေးက လက်နှစ်ချောင်း ထောင်ပြတယ်။

"နောက်တစ်ယောက်ကော"

ကောင်မလေး လှည့်ကြည့်ရှာဖွေရင်းက လက်ညှိုးထိုးပြလိုက် တယ်။ မကြာပါဘူး။ ကောင်မလေး လက်ညှိုးထိုးပြတဲ့ ဘူတားကြီးက ဖွာလန်လေးကို မ,သွားပါတော့တယ်။

အဲဒါနဲ့ ခဏလောက်ပဲ ကပြီး လူအုပ်ကြီးကြားထဲက တိုးထွက် လိုက်တယ်။ အပြင်ရောက်တော့ ဘီယာဗူးကြီး ကိုင်ပြီး စူပုတ်နေတဲ့ မျက်နှာနဲ့ ဝေလွင်ကို တွေ့လိုက်ရတယ်။

ပိုင်ပိုင်စိုးက အနားတိုးသွားလိုက်ပြီး. . .

"ဘယ်လိုဖြစ်နေတာလဲကွ. . . မင်းပဲ အသားကုန် ကဲမယ်ဆို"

ပြောလိုက်တော့မှပဲ ဝေလွင်က ဘီယာကို နွားသိုးကြီးဖြတ် မော့ချလိုက်ရင်း. . .

"တော်ပါကွာ. . . ငါနဲ့ ကနေတဲ့ကောင်မလေးနဲ့ အဆင်ပြေ ကာနီးမှကွာ. . . သူ့စပွန်ဆာဘီးကျဲကြီးက လာခေါ်သွားရော"

"ဟား. . ဟား. . ဖြစ်မှဖြစ်ရလေကွာ၊ ကလပ်ထဲမှာ ခဏလေး တွေ့ရတဲ့ကောင်မလေးတွေနဲ့ ဇာတ်လမ်းမလုပ်ချင်စမ်းပါနဲ့"

"ဘာပဲဖြစ်ဖြစ်ကွာ. . . ငါ ခုတလော ကောင်မလေးတစ် ယောက်နဲ့ တွဲချင်နေတာတော့ အမှန်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ပိုင်စိုး အတော်ရယ်ချင်သွားသည်။ ဒီကောင့်ရောဂါ ကလည်း မသေးဘူး။ ကိုယ်က ကိုယ့်ကိစ္စနဲ့ကိုယ် ညစ်နေတာ။ ဒီကြား ထဲ ဒီကောင့်ကို ရည်းစားရှာပေးရမယ်ဆိုတာက ဘယ်လိုဖြစ်နိုင်မှာလဲ။

ဒါနဲ့ပဲ ပိုင်စိုးက. . .

“ကဲပါ ဝေလွင်ရာ. . . အဲဒီကိစ္စဆိုတာ အတင်းကြီး လုပ်ယူလို့ ရတဲ့အရာမှ မဟုတ်တာ၊ သူ့ဘာသူ အချိန်တန်ရင် ဖြစ်လာမှာပေါ့”

သူပြောတဲ့စကားကို ကြားမကြားတော့ မသိဘူး။ ဝေလွင်တစ် ယောက် တစ်နေရာကို ကြည့်ပြီး အံ့သြသလို ပါးစပ်ကြီး ပြဲသွားလေရဲ့။

ပြီးမှ ပိုင်ပိုင်စိုးကို လှမ်းပြလိုက်တယ်။

“ဟာ. . ငပိုင်. . ဟိုမှာကြည့်စမ်း၊ ကိုကောင်းကျော်ကြီး မဟုတ်လား”

ပိုင်ပိုင်စိုးလည်း ဇိုးဇိုးဆတ်ဆတ်ကို ကြည့်လိုက်ပါတယ်။ တဆက်တည်း ဟာကနဲ ဟင်ကနဲတောင် ဖြစ်သွားရတယ်။ ဘာဖြစ်လို့ လဲဆိုတော့ ကိုကောင်းကျော်ကြီးကို ကောင်မလေးတစ်ယောက်နဲ့ တွေ့ လိုက်ရလို့ပါ။

အဲဒီလို အံ့သြသွားရတာက အကြောင်းရှိတယ်။ ဘာဖြစ်လို့ လဲဆိုတော့ ကိုကောင်းကျော်ဆိုပြီး သူတို့သိထားတဲ့လူဟာ လမ်းဘေး မှာ ဘေထုတ် (နိုင်ငံခြားက လာတဲ့အဝတ်အထည်ဟောင်း) ရောင်းတဲ့ လူပျိုသိုးကြီးလေ။ ပြီးတော့ သူတို့သိထားသလောက် ရည်းစားလိုချင် တာလည်း တစ်ပိုင်းကို သေနေတာ။ လိုက်ခဲ့သမျှလည်း တစ်ခါမှ စွံခဲ့ တာမဟုတ်ဘူး။ ခုလို ကောင်မလေးလှလှပပလေးနဲ့ တွေ့လိုက်ရတာ အံ့သြမိတာ ဘယ်ဆန်းပါ့မလဲ။





နှစ်ကောင်သား ကြောင်အမ်းပြီး အငေးသား ကြည့်နေတုန်း ကိုကောင်းကျော်က သူတို့ကို မြင်သွားတယ်။ ချက်ချင်းပဲ မာန်တက် နေတဲ့မျက်နှာထားနဲ့ မြောက်ကြွမြောက်ကြွ လျှောက်လာလေရဲ့။

အနားကို ရောက်တော့ ဘေးက သူ့ကောင်မလေးကို သာသာ ထိုးထိုး ဖက်လိုက်သေးတယ်။

“ဟေ့ကောင်တွေ. . . ဘယ်တုန်းက ရောက်နေတာလဲ၊ မင်း တို့နှစ်ယောက်တည်းပဲလား”

“ဟုတ်ကဲ့. . သုံးယောက်ဖြစ်ကာနီးမှ ပါကျကြီးတစ်ယောက် နောက် ပါသွားလို့ ငုတ်ပြီးထိုင်နေတာ”

“အဟားဟား. . . ကိုယ့်လူတို့က တယ်လည်း အ,တာကိုး၊ ဒါမျိုးက ငုတ်မိသဲတိုင် တက်နိုင် လျှာတစောင်း စိတ်ပေါင်းကိုယ်ပူး ဒီဂျေလူးသလိုလူးနိုင်မှ တော်ကာကျတာ. . . ဟက်ဟက်ဟက်”

ဒီတစ်ချီတော့ နှပ်ပက်ခံလိုက်ရသလို ပိုင်ပိုင်စိုးတို့ တံတွေး မျိုချပြီး ဟီးခနဲ ပြုံးပြလိုက်ရတယ်။

အဲဒီအချိန်မှာ ကိုကောင်းကျော်ကြီးက. . .

“ဘာလဲ. . . ငါက မင်းတို့မျက်လုံးထဲ နည်းနည်းပိုလင်းနေ လို့လား. . .

ဒီခေတ်က နည်းပညာခေတ်ကွ၊ ဖေယျကြီးခေတ်လို ပို့ဆွမ်း စောင့်နေရင် ဝတ်သွားမယ်၊ ရှာဖွေလေ တွေ့ရှိလေဆိုတဲ့စကား ကြား ဖူးလား”

ဝေလွင်တို့ အ,အဆီမှာ စကားသင်ရသလို မအီမသည်နဲ့ အင်းအဲလုပ်နေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဗျ. . . ကိုကောင်းကျော်ကြီးက ထူးထူးဆန်းဆန်း ကလပ်လာလို့ပါလား"

ဝေလွင်ပြောလိုက်တော့ ကိုကောင်းကျော်က တဟဲဟဲ ထရယ်တယ်။ သူ့ကောင်မလေးကိုလည်း တစ်ချက်ကြည့်လိုက်ပြီးမှ. . .

"ဒီလိုပဲပေါ့ကွာ. . . ငယ်လေးက လာချင်တယ်ဆိုလို့ လိုက်ပို့တာ၊ မင်းတို့ကြည့်ရတာ ကလပ်လာပြီး ယောကျ်ားအချင်းချင်း တွဲကကြမလို့လားကွ"

နှစ်ယောက်စလုံး အောင့်သီးအောင့်သက်ဖြစ်သွားရတာ တကယ်ပါ။ ကိုကောင်းကျော်က ကြွားသလိုဟန်နဲ့ ဘလိုင်းကြီး နှိပ်ကွပ်လိုက်တာကိုး။

အဲဒီအချိန်မှာပဲ ကောင်မလေးက ကိုကောင်းကျော်ကို ကြည့်ပြီး. . .

"ကိုကို. . . သွားကရအောင်လေ"

အဲဒီလိုပြောလိုက်မှပဲ ကိုကောင်းကျော်က သူတို့ရှေ့မှာ ကောင်မလေးရဲ့ပါးကို ရွှတ်ခနဲ နမ်းလိုက်သေးတယ်။ ပြီးမှ. . .

"အင်း. . . သွားမယ်လေ၊ ငယ်လေး အရင်သွားနှင့်၊ ကိုကို လိုက်လာခဲ့မယ်"

ကောင်မလေး ထွက်သွားတော့မှ ဝေလွင်က အားကျသံကြီးနဲ့ မေးလိုက်တယ်။

"ကိုကောင်းကျော်ကြီးက တကယ်လန်းတယ်ဗျာ၊ ဒီလို အမိုက်စားလေးကို ဘယ်မှာ သွားရှာထားတာလဲ"

"ဟဲ. . ဟဲ. . ဟဲ. . ဟဲ"





ရယ်သံကိုက မခိုးမခန့်နဲ့ အမြင်ကတ်စရာပါ။ ဟုတ်တယ်လေ သူတို့ အထင်သေးထားတဲ့လူက မျက်လှည့်ပြသလို မထင်မှတ်ထားတာတွေ လုပ်ပြလိုက်တာကိုး။

ပြီးမှ ကိုကောင်းကျော်က. . .

"အဟဲ. . . ပြောပြပါ့မယ်ကွာ၊ အခုတလော ကိုကိုးကျွန်းဘက်သွားတဲ့ အပျော်စီးသင်္ဘောခရီးစဉ်တွေကို မင်းတို့ ကြားတယ် မဟုတ်လား"

"အင်း. . . သိသားပဲ"

"အေး. . . ငါလည်း အဲဒီသင်္ဘောနဲ့ အပန်းဖြေခရီးထွက်ရင်း ငယ်လေးနဲ့ တွေ့ပြီး ငြိလာတာကွ"

"ဟာ. . . တကယ်"

"တကယ်ပေါ့ကွ. . . သင်္ဘောပေါ်မှာဆို အပျော်ခရီးထွက်လာတဲ့ ကောင်မလေးလှလှတွေဆို အများကြီးပဲကွာ၊ စိတ်ကြိုက်ရွေးပြီး သာလိုက်၊ ပြီးတော့ အားလုံးကလည်း စိတ်လွတ်ကိုယ်လွတ်နဲ့ ပျော်နေကြတဲ့အချိန်မလား"

သူ့အပြောနဲ့တော့ ဟုတ်နေတာပဲ။ ဝေလွင်လည်း ပိုင်ပိုင်စိုးကို အဓိပ္ပါယ်ပါပါ ကြည့်လိုက်တယ်။

အဲ့ဒီအချိန်မှာပဲ ကိုကျောင်းကျော်က. . .

"မင်းတို့လည်း အဲဒီလို ခရီးလေးဘာလေး ထွက်ကြပါလား၊ တကယ်ကို စိတ်အပြောင်းအလဲဖြစ်တာကွ၊ အခြေအနေပေးရင် ငါ့လို ရည်းစားလေးဘာလေးတောင် ရနိုင်တယ်"

အဲဒီစကားကတော့ နှစ်ယောက်စလုံးကို တကယ်ထိသွားတာ



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ာမူခွင့်ပြုချက်အမှတ် ၅၀၀၈၂၄၀၁၁၁၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၀၁၁၀၂၁၁၊

**ထုတ်ဝေသူ**

ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊အမှတ်(၁၆)၊ သစ်ရာပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊

ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။

၅၄၁၇၄၅၊၅၅၂၁၀၃၊ ၀၉ ၈၀ ၃၄၅၈၁ ၊၀၉ ၅၀ ၂၁၃၅၄ ။

ပထမအကြိမ် - ၂၀၁၁ ခုနှစ်၊ (မတ်လ)၊ အုပ်ရေ(၅၀၀) ၊ တန်ဖိုး(၂၀၀)ကျပ်

၈၉၅.၈၃

ဝိဇ္ဇာ

အနမ်းတွေခြွေခဲ့ဖူးတယ်

ပန်းလေ့ပေါ်ကကောင်မလေးကို / ဝိဇ္ဇာ။ - ရန်ကုန်၊

အောင်မြင်စာပေ၊ ၂၀၁၁။

၁၅၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။

(၁) ဝိဇ္ဇာ



တစ်ခါတစ်လေကျရင်

ကိုယ့်ကိုယ်ကိုတောင်

မနာလိုဖြစ်မိတယ်၊

ဒီလိုချစ်သူလေးတစ်ယောက်

ကိုယ့်မှာ ရထားလို့လေ....။



www.burmeseclassic.com

www.burmeseclassic.com



ပါ။ စိတ်အပြောင်းအလဲဖြစ်တယ်ဆိုတဲ့စကားက ပိုင်ပိုင်စိုးကို ဖမ်းစားလိုက်သလို ရည်းစားရနိုင်တယ်ဆိုတဲ့စကားက ဝေလွင်ကို တွန်းပို့လိုက်သလိုပဲ။

"စိတ်ကူးမလွဲနဲ့နော်. . ခရီးသာ ထွက်ကြည့်လိုက်၊ ရန်ကုန်မှာ မွန်းကျပ်နေရတာတွေ လစ်သွားလိမ့်မယ်၊ ကဲ. . ငါလည်း ငယ်လေးနဲ့ သွားကလိုက်ဦးမယ်ကွ"

ကိုကောင်းကျော် လှည့်ထွက်သွားချင်းပဲ နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြလေရဲ့။

ဝေလွင်ကအရင် တက်ကြွတဲ့လေသံနဲ့. . .

"ဟေ့ကောင် ငပိုင်. . . ဘယ်လိုလဲ ဒိုးမလား"

ပိုင်ပိုင်စိုး တစ်ချက်တော့ စဉ်းစားလိုက်သေးတယ်။ ပြီးမှ ငါ ရန်ကုန်မှာ နေနေရင် မွန်းကျပ်နေရဦးမှာပဲဆိုတဲ့အတွေးနဲ့. . .

"အေး. . . သွားမယ်ကွာ၊ မနက်ဖြန် ငါတို့ လက်မှတ်စုံစမ်းကြတာပေါ့"

"အိုကေ. ."

အိုကေဆိုပြီး ပြန်ဖို့ လှည့်ထွက်ကာမှ အလန်းလေးနှစ်ယောက် ရှေ့ကနေ ဝင်ပိတ်ကာပြီး တစ်ယောက်က. . .

"ဟေ့. . . ပျော်စရာအချိန်တွေ အချဉ်ထည့်ပစ်မလို့လား၊ နှမျောစရာကြီး"

"ဟုတ်တယ်. . . ဂင်ချီလုပ်ထားပြီးမှ တစိမ့်စိမ့် ပြန်ဆွဲမှာ"

အဲဒီတော့ နောက်တစ်ယောက် ကြာမျက်လုံးလေးနဲ့. . .

"လာပါ. . . တို့က လိုအပ်နေတာ"





ပိုင်ပိုင်စိုး စိတ်မရှည်တော့တဲ့အသံနဲ့. . .

"ဆောရီးကွာ. . . ငါတို့အတွက် ပိုနေတယ်. . နေခဲ့တော့၊ လာကွာ ဝေလွင်"

ဝေလွင် စိတ်မပြတ်သလို ကပ်တပ်ကပ်တပ်နဲ့ လှည့်ကြည့်ပြီး လိုက်လာတယ်။

"နှမျောစရာကြီးကွာ"

"လွမ်းမနေနဲ့. . ဘီးကျဲကြီးတွေ ဘီယာစုပ်နေလို့ လွတ်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၆)

**နောက်**နေ့ကျတော့ လက်မှတ်စုံစမ်းဖို့ နှစ်ယောက်သား ထွက်လာခဲ့ကြတယ်။ အရမ်းတက်ကြွနေတဲ့ဝေလွင်က သူ့ဦးလေးရဲ့ ကားကိုတောင် ယူမောင်းလာသေးတယ်။ လက်မှတ်ဘယ်မှာဝယ်ရမလဲ ဆိုတာကိုလည်း ဝေလွင်ကပဲ ကိုကောင်းကျော်ဆီ သွားမေးပြီးပါပြီ။

နှစ်ယောက်သား ကားတစ်စီးနဲ့ ထွက်လာကြရင်း ဝေလွင်က. . .

"ဒီလိုခရီးမျိုး တစ်ခါမှ မထွက်ဖူးတော့ နည်းနည်းတော့ စိတ်လှုပ်ရှားတာ အမှန်ပဲကွ"

"အေး. . . ငါလည်း အဲဒီလိုပဲ ခံစားရတယ်၊ ရေလမ်းနဲ့ ခရီးမှ





မထွက်ဖူးတာကိုး၊ လှိုင်းတွေဘာတွေများ မူးဦးမလား မသိဘူးနော်"

ပိုင်ပိုင်စိုး ပြောရင်းက ရှိလာကိုစတာပေါ်ကအဖြစ်ကို သတိရပြီး. . .

"မူး. . မူးလာရင်. . ငါ. . ဟို. . ဟိုတစ်ခါလို ဖြစ်နေမလား ကွ. . ဟေ"

"ဒါဆိုလည်း အမူးပြေတဲ့ ဆေးလေးဝါးလေး ဆောင်လာခဲ့ ပေါ့ကွာ. . . မဟုတ်ဘူးလား"

ပိုင်ပိုင်စိုး ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်တယ်။ တစ်ချက် တစ်ချက် အတွေးထဲ မိုးဦးမေက ဝင်ဝင်လာလို့ သတိရစိတ်ကို မောင်းထုတ်နေရတာလည်း ပင်ပန်းတယ်လေ။ သက်ပြင်းတစ်ချက် ချလိုက်ပြီး တကယ်ဆို ဒီအချိန်မှာ မိုးဦးမေနဲ့ လက်ထပ်ပြီး ဒီလိုခရီးစဉ်နဲ့ ဟန်းနီး မွန်း ထွက်နေရမှာလို့တောင် တွေးမိသေးရဲ့။ ခုတော့လည်း သူ့ရဲ့ အိပ်မက်တွေဟာ ခွေးလျက်ခံရတဲ့ထန်းလျက်လုံးလို လုံးပါးပါးပြီး လွင့် ပျောက်သွားခဲ့ပြီ။

နောက်တော့လည်း သတိရစိတ်ကို ဖျောက်ပြီး ဘေးက ဝေလွင်နဲ့ပဲ စကားတွေ တောင်ပြောမြောက်ပြော ပြောနေလိုက်တော့ တယ်။

အဆောက်အဦးတစ်ခုနား ရောက်တော့ ဝေလွင်က. . .

"လက်မှတ်ရောင်းတဲ့ရုံးခန်းကတော့ ဒါပဲကွ၊ နေဦး. . . ငါ ကားပါကင်ထိုးလိုက်ဦးမယ်"

ပြောပြောဆိုဆိုပဲ ကားကို ပါကင်ထိုးဖို့ ရှေ့နည်းနည်းမောင်းပြီး ဘက်ပြန်ဆုတ်လိုက်လေရဲ့။ တိုက်တိုက်ဆိုင်ဆိုင်ဆိုသလိုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကားနှစ်စီးကြားထဲ ပါကင်ထိုးအထည့် တစ်ဖက်ကားက ကားတံခါး အဖွင့်မှာ ဒုတ်ကနဲ ထိမိပါတော့တယ်။

"ဟိုးထား. . . ဟိုးထား"

အပြင်က အော်သံကြောင့် ဝေလွှင်လည်း ဘရိတ်အုပ်လိုက် တယ်။ ချက်ချင်းပဲ အော်လိုက်တဲ့လူဟာ ကားနားရောက်လာပြီး. . .

"ဘယ်လိုပါကင်ထိုးနေတာလဲကွ၊ ဘေးက ကားတံခါး ဖွင့် နေတာ မမြင်ဘူးလား"

မျက်နှာထားတင်းတင်းနဲ့ ပြောလာလို့ ဝေလွှင်လည်း တင်းသွားတယ်။ တကယ်ဆို ပါကင်ထိုးပြီးမှ အဲဒီလူ တံခါးဖွင့်ရင် ထိစရာ မလိုဘူးလေ။

ဒါကြောင့် ပြန်တင်းလိုက်တယ်။

"ဒီမှာ ခင်ဗျားကကော ကားတစ်စီးလုံး ပါကင်ထိုးတာကို မမြင်ဘူးလား"

"မမြင်လို့ပေါ့ကွ. . . တကယ်ဆို နောက်ကြည့်မှန်က မင်း မြင်ရမှာလေ"

"ဘာပဲဖြစ်ဖြစ်ဗျာ. . . နှစ်ယောက်စလုံး မှားတာပဲ၊ ခုကော ခင်ဗျားကားတံခါးက ဘာဖြစ်သွားလို့လဲ"

"မဖြစ်လို့ပေါ့ကွ. . . ဖြစ်ရင်တော့. . . "

"တော်ဗျာ. . . မဖြစ်တာကို လာပြီးမောက်မာမနေနဲ့တော့ ဒါပဲမလား"

အဲဒီလူ တောက်တစ်ချက်ခေါက်ပြီး ရှုံ့ရှုံ့ရှားရှားနဲ့ လှည့် ထွက်သွားတယ်။ တကယ်ဖြစ်ရင်တော့ ရှင်းရမယ့်ပုံပါပဲ။





ခုတော့ ဘာမှမဖြစ်တာမို့ ကားပါကင် အသေအချာ ထိုးပြီး ရုံးခန်းထဲ ဝင်သွားလိုက်တယ်။

အထဲရောက်တော့ အပျော်စီးသင်္ဘောခရီးစဉ်အကြောင်း မေးရတော့တာပေါ့။ ဝန်ထမ်းကောင်လေးက ရှင်းပြပါတယ်။

"သန်ဘက်ခါ ထွက်မယ့်သင်္ဘောက သုံးစီးတောင် ရှိပါတယ်၊ လက်မှတ်ဈေးနှုန်းတွေကတော့ မတူဘူးပေါ့၊ သူ့လမ်းကြောင်းနဲ့သူ လေးရက်လောက် ကမ်းမကပ်ဘဲ တောက်လျှောက်သွားမှာပါ"

"အေး. . . ဟုတ်ပြီကွာ၊ ဘယ်သင်္ဘောက ဘယ်လိုဆိုတာ ရှင်းပြပါဦး၊ ကိုယ်တို့က တစ်ခါတည်း လက်မှတ်ဖြတ်သွားမလို့ကွ"

"သြော်. . . ဟုတ်တဲ့၊ ဒါဆိုလည်း ဒီဘက်အခန်းထဲကို ကြွပါ ဆရာ၊ အဲဒီမှာ ကျွန်တော်တို့ စူပါဗိုက်ဆာ ရှိပါတယ်၊ သူနဲ့ တွေ့ပြီး လက်မှတ်ဖြတ်သွားလိုက်ပေါ့"

ဝန်ထမ်းကောင်လေးနောက် လိုက်ခဲ့ကြတယ်။ အခန်းထဲ ရောက်တော့ စားပွဲမှာ ထိုင်နေတဲ့လူကို ကြည့်ပြီး မျက်လုံးပြူးသွား လေရဲ့။

"ဟင်. . . "

ဟိုလူကလည်း ပြန်ကြည့်ပြီး အံ့သြသွားတဲ့ပုံပဲ။ ဒါတင် မကသေးဘူး။ မျက်မှောင်တောင် ကြုံ့လိုက်သေးတယ်။ ကြုံ့မှာပေါ့၊ အဲဒီစူပါဗိုက်ဆာဆိုတာ ခုနက ကားပါကင်မှာ ငြိခဲ့တဲ့လူဖြစ်နေတာကိုး။

အဲဒီအချိန်မှာပဲ ခုနက ဝန်ထမ်းကောင်လေးက စူပါဗိုက်ဆာ ကို. . .

"ကိုဝင်းဇော်. . ဒီကဆရာတွေက သန်ဘက်ခါ ထွက်မယ့်



www.burmeseclassic.com

www.burmeseclassic.com



သဘော်တွေရဲ့ဈေးနှုန်း ဘယ်လိုကွာတယ်ဆိုတာ သိချင်လို့တဲ့"

"ဟာ. . . မင်းရှင်းမပြလိုက်ဘူးလား၊ နည်းနည်းပါးပါး ပြောပြလိုက်လေ၊ အဲဒီလို လာစုံစမ်းတိုင်း မင်းက ငါ့ဆီ ခေါ်ခေါ်လာတယ်၊ ပြီး လက်မှတ်မဝယ်ဘဲ ပြန်သွားတော့ ငါ့မှာပဲ လေကုန်ရော"

"သူတို့က ခု လက်မှတ်တစ်ခါတည်း ဝယ်မယ်ဆိုလို့ပါ"

"ပြီးရော. . . ကဲ. . . ထိုင်ကြပါ"

ထိုင်သာ ထိုင်လိုက်ရတယ်။ အဲဒီလူရဲ့ပြောပုံဆိုပုံကိုတော့ နှစ်ယောက်စလုံး တင်းနေကြပြီ။

"တစ်ခုတော့ ကြိုပြောရဦးမယ်၊ သဘော်က ရက်ရှည်အပျော်စီးသဘော်ဆိုတော့ အနိမ့်ဆုံးလက်မှတ်က သာမန်လူတစ်ယောက်အတွက် ဈေးကြီးတယ်နော်"

ပြောပုံကိုက သူတို့ကို မဝယ်နိုင်ဘူးဆိုတဲ့သဘောလို ဖြစ်နေတာမို့ ဝေလွင် တင်းသွားတယ်။

အဲဒါကြောင့် မျက်နှာထားတည်တည်နဲ့ မခိုးမခန့် ပြန်ကြည့်လိုက်ရင်း. . .

"ဟုတ်ပါပြီ. . . ဘယ်အခန်းမှာ ဘယ်လိုဝန်ဆောင်မှုတွေ ပါတယ်၊ ဈေးနှုန်းတွေက ဘယ်လောက်ဆိုတာပဲ ပြောပါဦး"

ဟိုလူက သူ့စားပွဲပေါ်က ဖိုင်ကို ယူပြီး ဓါတ်ပုံတွေ ပြရင်း ရှင်းပြဖို့ ပြင်လိုက်တယ်။ အဲဒီအချိန်မှာ ပိုင်ပိုင်စိုးလည်း အတော်လေး စိတ်ထဲက ချဉ်နေပါပြီ။

"ဈေးအနိမ့်ဆုံးအခန်းတွေကို အရင်ပြမယ်. . ဒါက. ."

စကားတောင် မဆုံးလိုက်ဘူး။ ပိုင်ပိုင်စိုးက ခပ်တည်တည်ပဲ





ဖြတ်ပြောလိုက်ပါတော့တယ်။

"ရှင်းပြမနေနဲ့တော့ဗျာ. . . ခင်ဗျားလည်း လေကုန်တယ်၊ ကျုပ်တို့လည်း မျက်စိညောင်း နားငြီးတယ်၊ အကောင်းဆုံးသဘော်က ဈေးအကြီးဆုံး နှစ်ယောက်ခန်းတစ်ခန်းပဲ ပေးတော့".

အဲဒီလိုပြောရင်းနဲ့ ယူလာတဲ့ပိုက်ဆံထုတ်ကို စားပွဲပေါ် တင်လိုက်လေရဲ့။ ဘယ်လောက်ကျကျ လက်မှတ်ဖြတ်မယ်ဆိုတဲ့ သဘောပါ။

ဟိုလူလည်း ပိုက်ဆံထုတ်ကို တစ်ချက်စွေကြည့်ပြီး မျက်နှာကို မသိမသာလေး မဲ့လိုက်ပါတော့တယ်။

အဲဒီလိုနဲ့ပဲ. . .



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

သဘော်ာစီးရမယ့်နေရာကို ရောက်တော့ မြူးကြွနေတဲ့ ရောင်စုံလူတွေကို အုပ်စုလိုက် အုပ်စုလိုက် တွေ့နေရတယ်။ အပျော်ခရီးစဉ်အတွက်လည်း မျက်နှာတွေဟာ အရောင်တူ ရွှင်လန်းလို့ပေါ့။

လှုပ်ရှားနေကြတဲ့လူတွေကို ကြည့်ပြီး ဝေလွင်က ဟေးကနဲ အော်လိုက်သေးတယ်။ ပြီး. . .

"မိုက်တယ်ကွာ ငပိုင်၊ ငါတို့ ဒီခရီးထွက်ဖို့ ရွေးချယ်လိုက်တာ မှန်သွားပြီကွ"

ပိုင်ပိုင်စိုးလည်း ခေါင်းငြိမ့်ညိတ်ပြလိုက်ပါတယ်။ ဟုတ်တယ်လေ. . . သူကိုယ်တိုင်တောင် စိတ်ထဲက မြူးတူးနေမိပြီကိုး။





ဒါနဲ့ပဲ. . .

"ဟေ့ကောင်. . . ရပ်မနေနဲ့ဦး၊ ငါတို့စီးရမယ့်သဘော် သွားရှာဦးမယ်"

ဝေလွင်က. . .

"ဟာကွာ. . . ဟိုမှာ သဘော်သုံးစီးပဲ ရှိတာကွ၊ အရေးတကြီး ရှာစရာမလိုပါဘူး၊ တစ်ခုခု စားဦးမယ်လေ၊ မနက်ထဲက ဘာမှ မသွတ်ရသေးဘူးဟ"

ဟုတ်သားပဲလို့ ပိုင်ပိုင်စိုး တွေးမိတယ်။ သူလည်း ဘာမှကို မစားရသေးဘူး။ ပြောမှပဲ ဗိုက်က တဂွီဂွီ မြည်လာတယ်။ သဘော်တွေဆီ လှမ်းကြည့်ပြီး ဝေလွင်ပြောတာလည်း သဘာဝကျနေတာမို့ အစီအစဉ်ကို လက်ခံလိုက်တယ်။

"အေး. . . ဒါဆိုလည်း သွားမယ်လေ၊ ငါလည်း ဘာမှမစားရသေးဘူး"

ဆိပ်ကမ်းက စားသောက်ဆိုင်တစ်ခုဆီ ချီတက်လိုက်ကြတယ်။ ဆိုင်ထဲ ရောက်တော့ အစားအစာတွေ မှာနေရင်း ဝေလွင်က အဆိုတင်သွင်းလာတယ်။

"ငပိုင်. . . ငါတို့ မစားခင် နည်းနည်းဆော်လိုက်ရအောင်၊ ဒီလိုခရီးသွားတယ်ဆို ဒါလေးလည်း လုပ်ထားမှကွ"

ပထမတော့ ငြင်းဖို့ကြံလိုက်ပေမယ့် စဉ်းစားကြည့်တော့လည်း ဟုတ်နေတယ်။ အပျော်ခရီးထွက်လာမှတော့ အပျော်ပဲ ရှာရမှာပေါ့။

"ဒါဆိုလည်း မှာကွာ. . . မထူးတော့ပါဘူး"

ဝေလွင်မှာတော့လည်း ဟဲဗီး။ ဂျော်နီလမ်းလျှောက်တစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



တောင် မှာတာ။ ပိုလည်း သင်္ဘောပေါ် ရောက်ရင် သောက်လို့ရတယ်၊ ဒါမျိုးက သိုးသွားတာမှ မဟုတ်တာတဲ့။ ပိုင်ပိုင်စိုးလည်း အချေအတင် ပြောမနေတော့ပါဘူး။

ခဏနေတော့လည်း အမြည်းတွေ မှာပြီး နှစ်ယောက်သား ဝီစကီ တွယ်နေကြပါပြီ။ အရည်ဝင်တော့လည်း မျက်နှာတွေပါ အရောင်ပြောင်းပြီး အသံတွေပါ ဘော်လူးမြင့်လာတယ်။ စကားတွေ တစ်ယောက်တစ်ပေါက် ပြောရင်း ရီဝေဝေ အရှိန်တက်နေစဉ်မှာပဲ. . .

"ဘူ. . . ဘော်"

အဲဒီအသံနဲ့အတူ သင်္ဘောတွေဆီက ခရီးသည်တွေ ကျန်သေးရင် အမြန်လာကြဖို့ အချက်ပေး ကြေညာသံတွေ ထွက်လာတယ်။ နှစ်ကောင်သား ငွေရှင်းပြီး ထလာခဲ့ရတာပေါ့။

သင်္ဘောတွေဆီ လှမ်းကြည့်တော့ သူ့ခရီးသည်နဲ့သူ လူတွေ ပြည့်နေကြပါပြီ။ ဝေလွင်က သင်္ဘောလက်မှတ်ထုတ်ရင်း စီးရမယ့် သင်္ဘောနာမည်ကို ကြည့်လိုက်တယ်။ ပြီးတော့ လက်ညှိုးညွှန်ပြရင်း. . .

"ငါတို့ စီးရမှာ ဟိုသင်္ဘောပဲကွ၊ လာ. . . သွားရအောင်"

ကျန်နေခဲ့မှာစိုးလို့ ပြေးသွားလိုက်ကြတယ်။ သင်္ဘောပေါ် တက်တဲ့လှေကားပေါ် ရောက်တော့ ပိုင်ပိုင်စိုးက. . .

"ဝေလွင်. . . မင်းနဲ့ငါ့အဖြစ်က တိုက်တန်းနစ်သင်္ဘောပေါ် နောက်ဆုံးမှ ပြေးတက်ရတဲ့ လီယိုနာဒိုနဲ့ သူ့သူငယ်ချင်းကျနေတာပဲ နော်"

ဝေလွင်က မူးစပ်စပ်နဲ့ ပြန်ကြည့်ပြီး. . .



"အေး. . . အဲဒါဆိုရင် မင်းပဲ လီယိုနာဒိုလုပ်၊ ကိတ်ဝင်းစလက်ကို တွေ့အောင်ရှာ၊ ပြီးရင် အသေဆိုးနဲ့သေ"

"ဟာ. . . မဦးမချွတ်ကွာ"

ပိုင်ပိုင်စိုးက တစ်တစ်ခွခွ ဆဲတော့ ဝေလွင်က ခွက်ထိုးခွက်လန် ရယ်ပါတော့တယ်။

"နောက်တာပါကွာ. . လာ. . လာ. . ငါတို့အခန်း လိုက်ရှာရအောင်"

လက်မှတ်ကြည့်လိုက်တော့ အပေါ်ထပ်ဖြစ်နေတယ်။ ဈေးကြီးတဲ့အကောင်းစားအခန်းကို ယူထားတာကိုး။

အပေါ်ထပ်ကို လှေကားနဲ့ တက်လာကြရင်း အပေါ်က ဆင်းလာတဲ့ ကောင်မလေးနှစ်ယောက်ကို တွေ့တယ်။ ဝေလွင်က ရီဝေဝေနဲ့ လှမ်းကြည့်နေပြီးမှ အောင့်သက်သက် ရေရွတ်လိုက်ရဲ့။

"ခွိုးတဲ့မှပဲ. . . ရောက်ရောက်ချင်း ကောင်မလေးတွေနဲ့ တွေ့ရမလားမှတ်တယ်. . . ဈေးဦးကျိုးတာပဲ"

ဝေလွင်အပြောကြောင့် ပိုင်ပိုင်စိုးလည်း လှမ်းကြည့်ပြီး ပြုံးစိစိ ဖြစ်သွားတာပေါ့။ ဟုတ်တယ်လေ။ မခို့တရို့ ဆင်းလာတာတွေက အခြောက်မနှစ်ယောက်ဖြစ်နေလို့ပါ။ ရုတ်တရက် ကြည့်ရင်တော့ မိန်းကလေးလို ဝတ်စားထားတာမို့ ဝေလွင်လည်း ပထမတော့ မရိပ်မိလိုက်ဘူး ထင်ရဲ့။ ခုကတော့ ဘူသွားတယ်။

အနားရောက်တော့ အခြောက်မတွေက ကြာပါပါ ညော နာနာအသံတွေနဲ့. . .

"ဟယ်. . . သူတို့က အပေါ်ထပ်မှာလား၊ ဒေမီတို့လည်း

www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာပဲ၊ ဟင်း. . ဟင်း. . အခန်းနံပါတ်က ဘလော်တကောက်လဲ ဟင်”

ဝေလွင် ကြောင်ပြီးကြည့်နေတယ်။ နောက်အခြောက်မ တစ်ယောက်ကလည်း ပိုင်ပိုင်စိုးကို မျက်စောင်းထိုးရင်း. . .

“ချောလိုက်တာဟယ်”

အဲ့ဒီအချိန်မှာပဲ အမူးဒဏ်မခံနိုင်တဲ့ ပိုင်ပိုင်စိုး ဇာတိပြပါတော့တယ်။

“ဝေါ့. . အော့. . ခတ်”

“ဟာ. . . ဟော့ကောင်”

“မူးနေပြီကွ”

“ဟင်း. . သဘော်တောင် ပင်လယ်ထဲ မရောက်သေးဘူး. . ချီးမှုပဲ”

“ဝေါ့. . အော့”

အခြောက်မနှစ်ယောက် ရပ်ကြည့်နေရာကနေ တွန့်တုံကုန်ပြီး. . .

“ဟဲ့. . လာဟဲ့ အေမီ၊ ဥဩဆွဲနေပြီ”

“ဘယ်မှာလဲ. . . ဘာသံမှလည်း မကြားရဘူး”

“ဟိုမှာလေ. . . ညည်းလင်လေး ဥဩဆွဲနေတာ”

“ဟယ်. . . သနားပါတယ်”

“တော်. . . အန်ဖတ်ပုံထဲ ဒီဂျေပွတ်နေရမယ်”

အဲ့ဒီနောက်တော့ ဝေလွင်က ပိုင်ပိုင်စိုးကို တွဲလာပြီး အခန်းရှာတယ်။





အံမယ်. . . အထဲမှာ ဖက်ဆယ်လတီ ပြည့်စုံပေမယ့် ကုတင်ကျတော့ နှစ်ယောက်အိပ် ကုတင်ကြီးတစ်လုံးတည်း။ ပြီး ခေါင်းအုံးတွေကတောင် အသဲပုံတွေဘာတွေနဲ့။

အခန်းထဲ လှည့်ပတ်ကြည့်ပြီး ကုတင်ပေါ် ပစ်လှဲလိုက်ကြတယ်။ ခုနက သောက်ထားတဲ့အရှိန်နဲ့ မျက်ခွံတွေတောင် လေးလာကြပြီ။

ဝေလွင်က အိပ်မပျော်သေးခင်မှာပဲ. . .

“ကဲ. . . ငပိုင်ရေ၊ တစ်ရေးလောက် မှေးလိုက်ရအောင်၊ အိပ်ယာက နိုးလာမှ အပြင်ထွက်ပြီး လန်းကြတာပေါ့”

“အေး. . . အေး”

ခဏနေရင်ပဲ နှစ်ကောင်သား နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါတော့တယ်။

တစ်နာရီပြီးတစ်နာရီ အချိန်ကြာလာတာနဲ့အမျှ သဘော်ကြီးကလည်း ပင်လယ်ထဲသို့ ရေမိုင်တစ်မိုင်ပြီးတစ်မိုင် ထိုးခွဲဖြတ်သန်းနေပါတော့တယ်။

ပိုင်ပိုင်စိုးနဲ့ ဝေလွင်ဆိုတဲ့ ငတိနှစ်ကောင်ကတော့ မျှော်လင့်ချက်အိပ်မက်တွေ မက်ရင်း အိပ်လို့ကောင်းနေဆဲပါ။



www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာဆိုတဲ့ကောင်က
တစ်ခါတစ်ခါ
ဆွဲထိုးချင်စရာကောင်းလောက်အောင်
ချောက်ချတတ်တယ်
ဒါပေမယ့်...
ငါကလည်း 007 ပါပဲ
မင်းချောက်ချတာလောက်ကတော့
(ဟိုသီချင်းလိုပေါ့)
ပျင်းသေးတယ်
ပျင်းသေးတယ်
ပျင်းတောင်ပျင်းသေးတယ်...း



## အခန်း(၈)

**ဘယ်**လောက်တောင် အိပ်ပျော်သွားကြတယ် မသိဘူး။ ဝေလွင် အိပ်ယာက နိုးတော့ နာရီကြည့်လိုက်တယ်။ ဘုရား. . ဘုရား။ မှုးမှုးနဲ့ အိပ်လိုက်ကြတာ အိပ်ချိန်ချည်းပဲ လေးနာရီလောက်ရှိမယ်။ အိပ်မောကျနေသေးတဲ့ ပိုင်ပိုင်စိုးကို အတင်းနှိုးရတော့တာပေါ့။

"ငပိုင်. . ငပိုင်. . ထတော့၊ ဟာ. . ထတော့ကွာ"

တအင်းအင်း တအဲအဲနဲ့ ပိုင်ပိုင်စိုး ထလာတယ်။ ဒါတောင် ခေါင်းထဲမှာ ရီဝေဝေဖြစ်နေသေးရဲ့။ ဝေလွင်ကိုလည်း ကောလိုက်တယ်။

"ဘာလဲကွာ. . . ဒီမှာ အိပ်နေတာကို"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်. . . အပျော်ခရီးထွက်တယ်ဆိုတာ အိပ်နေလို့ ချည်း ဘယ်ဖြစ်မလဲ၊ ရတဲ့အချိန်လေးမှာ ပစ်မှတ်ကို လိုက်ရှာရဦးမှာ လေ. . ဟဲ. . ဟဲ. . ဟဲ"

ဒီလောက်ဆို ပိုင်ပိုင်စိုး ရိပ်မိပါတယ်။ ဒီကောင် အခန်းထဲက ထွက်ပြီး လမ်းသလားဖို့ အာရုံယူနေပြီဆိုတာ။ ဘာမှပြောမနေတော့ဘဲ လူးလဲထလိုက်ပါတယ်။ နှစ်ယောက်သား ရေမိုးချိုး အဝတ်အစားလဲပြီး အခန်းအပြင်ဘက်ကို ထွက်ခဲ့ကြတယ်။

ဒါတောင် ဝေလွင်က သူတို့အခန်းနံပါတ်ကို ကြည့်ပြီး. . .

"ငပိုင်. . . မင်း ဒီနံပါတ်ကို ကြည့်ထား"

"ဟေ. . . ဘာလုပ်မလို့လဲ၊ ပြန်ရောက်ရင် လောင်းကစား လုပ်မလို့လား"

"ဟာကွာ"

ဝေလွင်မျက်နှာကြီး ရွတ်တွသွားတယ်။ အခန်းနံပါတ်က ဂဏန်းသုံးလုံးကြောင့် ပိုင်ပိုင်စိုးက တမင်နောက်လိုက်တာပါ။

ဝေလွင်ကပဲ ရှုတင်းတင်းနဲ့. . .

"ငါပြောချင်တာ ဒီနံပါတ်ဟာ မကြာခင်မှာ မိန်းကလေးတွေ ပါးစပ်ဖျားမှာ တသသ ရွတ်နေရမယ့်နံပါတ်လို့ ပြောတာ"

"တော်တော်ပေါ်ရဲတာပဲ"

"ဘာကွ"

ဝေလွင်ရဲ့ဘာကွကို တုန့်ပြန်မနေတော့ပါဘူး။ နှစ်ကောင်သား အခန်းရှေ့က လှည့်ထွက်လာကြတုန်း. . .

"ဟာ. . . ဝေလွင်. . . ဟိုမှာကြည့်စမ်း"





ဝေလွင်က လှမ်းကြည့်လိုက်တယ်။ မျက်ခုံးနှစ်ဖက်ကလည်း အပေါ်နှစ်လက်မလောက် တက်သွားရဲ့။

"ဟော့ကောင်. . . အခြောက်. . အခြောက်တွေပါလား"

"ငါတို့ သဘော်မှားပြီကွ"

"ဟေ. . . ဘာလို့ မှားရမှာလဲ"

"မှားနိုင်တယ်. . . မဟုတ်မှလွဲရော. . . ဒါ တောင်ပြုန်းပွဲ သွားမယ့်သဘော်ပဲ ဖြစ်ရမယ်"

"ဟာ. . . တောင်ပြုန်းကို ပင်လယ်ဖက်က ပတ်သွားရမလား"

"မဟုတ်ရင် ဒီအခြောက်တွေက ဘာလဲကွ"

"ဩော. . . ငါသိပြီ၊ နတ်တော်စစ်ထွက် မဟုတ်ရင် ပခန်းပွဲ ကွ"

"မင်းပြောမှ ပိုဝေးနေပြီကွာ"

ဟုတ်ပါတယ်။

မနက်က တွေ့ခဲ့တဲ့အခြောက်နှစ်ယောက်နဲ့အတူ နောက်ထပ် အခြောက်သုံးယောက်ကိုပါ အုပ်စုလိုက်ကြီး တွေ့လိုက်ရတယ်။ သူတို့ ဘာသာစကားတွေနဲ့ တဟီးဟီးတဟားဟား ပြောရင်း ခပ်လှမ်းလှမ်းမှာ လျှောက်သွားနေကြတယ်။ နောက်မှာ ရှိနေတဲ့ သူတို့နှစ်ယောက်ကို သတိထားမိပုံ မပေါ်ဘူး။

"များလှချည်လားကွာ. . . ရောက်ကတည်းက အခြောက်တွေ ပဲ တွေ့နေရတယ်"

ပိုင်ပိုင်စိုး ညည်းလိုက်သံကြောင့် ဝေလွင်က မျက်မှောင်ကြီး ကြုံ့ကာ တစ်ချက်စဉ်းစားလိုက်ပြီးမှ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ငါစဉ်းစားမိပြီကွ၊ အဲဒီအခြောက်တွေ ကြည့်ရတာ ဖျော်ဖြေရေးအဖွဲ့တွေ ဖြစ်မှာပါ၊ ဒီခရီးစဉ်မှာက ဖျော်ဖြေရေး အစီအစဉ်တွေလည်း ပါတာကိုးကွ၊ အဲဒါတွေပဲ ဖြစ်မှာပေါ့"

ဒီကောင်သုံးသပ်တာလည်း ဖြစ်နိုင်တာပဲ။ ရန်ကုန်မှာလည်း ဒီလိုအခြောက်တွေ ဖျော်ဖြေတာ ရှိတယ်လေ။ အဲဒီလို စဉ်းစားလိုက်မှပဲ နှစ်ကောင်သား ပြုံးနိုင်တော့တယ်။

ဒါပေမယ့် သိပ်မကြာလိုက်ပါဘူး။ ဟိုဒီလျှောက်ကြည့်ရင်းနဲ့ မျက်လုံးပြူးလာရတော့တယ်။ တွေ့လိုက်ဆုံလိုက်သမျှ အခြောက်ဆန်ဆန်တွေချည်းဖြစ်နေလို့ပါ။ ပြောချင်တာက လုံးဝ မိန်းမလို ဝတ်ထားတဲ့အခြောက်တွေရယ် ယောကျ်ားလို ဝတ်စားထားပေမယ့် ဟန်ပန်အမူအရာနဲ့စကားပြောသံတွေကြောင့် အခြောက်လို့ သတ်မှတ်ရမယ့်လူတွေရယ်ပဲ တွေ့နေရတယ်။

နှစ်ကောင်သား မသိုးမသန့် ဖြစ်နေရတာအမှန်ပါ။ ပိုင်ပိုင်စိုးက သိပ်မသင်္ကာဟန်နဲ့ တီးတိုးပြောလိုက်တယ်။

"ဝေလွင်. . . ဘာတွေလဲကွာ၊ တစ်ခုခုတော့ လွဲနေပြီထင်တယ်၊ ဖျော်ဖြေရေးအခြောက်တွေက ဒီလောက်တောင် များလို့လား"

ဝေလွင်က စိတ်မသက်မသာဟန်နဲ့ လေပူကြီး မှုတ်ထုတ်လိုက်ပြီး. . .

"ဟူး. . . မပြောတတ်တော့ပါဘူးကွာ၊ လာကွာ. . . စားသောက်ခန်းမဘက် အခြေအနေကို သွားကြည့်ရအောင်"

ရင်တမမနဲ့ ထွက်ခဲ့ကြပြန်တယ်။ စားသောက်ခန်းမထဲကို ရောက်တော့ စားပွဲတစ်ခုမှာ နေရာယူပြီး ဝေ့ဝဲကြည့်လိုက်ကြတယ်။





လား. . လား. . အခြောက်တွေ အခြောက်တွေဆိုတာ နေရာအနှံ့ပဲ။ သူတို့တွေအားလုံး အုပ်စုလိုက် အုပ်စုလိုက် ရယ်မောပျော်ရွှင်နေကြရဲ့။ နှစ်ယောက်စလုံးရဲ့ရင်ထဲမှာ စိုးရိမ်မှုတွေ မြင့်တက်လာကြပါပြီ။ မိန်းမလို ဝတ်မထားတဲ့လူတွေ ရှိပေမယ့်လည်း နွဲ့နေတာက သိသာပါတယ်။

ဝေလွင်လည်း ဝိတ်တာလေးတစ်ယောက်ကို လှမ်းခေါ်လိုက်ပါတယ်။ အနားရောက်လာတော့. . .

"ညီလေး. . . ဒီသင်္ဘောပေါ်မှာ အခြောက်တွေရယ်၊ နွဲ့နေတဲ့ယောကျ်ားတွေပဲ တွေ့နေရတယ်၊ ဘယ်လိုဖြစ်တာလဲကွ"

ဝိတ်တာလေးကတောင် ခပ်နွဲ့နွဲ့ပုံစံလေးနဲ့ အံ့ဩသလို ကြည့်တယ်။ ပြီး. . .

"အစ်ကိုတို့ကလည်း နောက်နေပြန်ပြီ"

"ဟင်. . . ငါတို့က ဘာနောက်ရမှာလဲ"

"နောက်တာပေါ့. . . အစ်ကိုတို့က ရန်ကုန်ကမှ လိုက်လာတာထင်တယ်"

နားရှုပ်သွားကြတယ်။ ပိုင်ပိုင်စိုးက. . .

"ဟုတ်တယ်လေ. . . အကုန် ရန်ကုန်က လိုက်လာတာပဲဥစ္စာ"

"မဟုတ်ဘူး အစ်ကိုရဲ့၊ တချို့အဖွဲ့တွေက နေရာအရပ်ရပ်က လူတွေ တောင်ပြိုင်ပွဲအပြီးမှာ စုပြီးလာကြတာလေ၊ တချို့ကတော့ ရန်ကုန်အဖွဲ့တွေရဲ့ကြော်ငြာနဲ့ လိုက်လာကြတာ"

စကားအဆုံးမှာ နှစ်ယောက်လုံး တစ်ယောက်မျက်နှာကို တစ်ယောက် အလန့်တကြား ကြည့်လိုက်ကြပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁)

"**ဟင်း**. . . ဘယ်အချိန်ပဲကြည့်ကြည့် မနာလိုစရာကောင်းလောက်အောင် သန့်ခန့်နေတာပဲ"

ဒီစကားဟာ ကောင်မလေးတစ်ယောက်ဆီက ထွက်ကျလာတဲ့ စကားလည်း မဟုတ်ပါဘူး။ ကောင်လေးတစ်ယောက် ပြောလိုက်တာလားလို့ဆိုလည်း နိုးပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒီစကားဟာ ပိုင်ပိုင်စိုးဆိုတဲ့ငနဲက ကိုယ့်ရုပ်ကိုယ် မှန်ထဲကြည့်ရင်း ရေရွတ်တဲ့အသံပဲ ဖြစ်ပါတယ်။

ပေါ်စေကတော ပြောနေတယ်လို့ မထင်လိုက်ကြပါနဲ့။ သူ ဒီလို





တစ်ခါတစ်ခါ ပြောမိတာ အကြောင်းရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ကိုယ်သူတောင် မဟုတ်ဘူး၊ ကျန်တဲ့အပေါင်းအသင်းတွေတောင် ပိုင်ပိုင်စိုးကို အားကျပြီး မနာလိုကြတာ အမှန်ပါ။

အဲဒီအကြောင်းတွေကတော့. . .

ပိုင်ပိုင်စိုးဟာ ယောကျ်ားကြီးတန်မဲ့ မိန်းမချော ချောတဲ့ ရုပ်ရည်ကို ပိုင်ဆိုင်ထားတယ်။ စိတ်ကတော့ အတိအကျ ယောကျ်ားစိတ်ပါပဲ။ လုံးလုံးကို မနွဲ့ပါဘူး။ တချို့မိန်းမချော,ချောတဲ့ ငတိတွေကျတော့ နွဲ့တတ်ကြတယ်လေ။

ထားပါတော့။ ပိုင်ပိုင်စိုးမှာ အဲဒီရုပ်ရည်အပြင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းအဖြစ် မိတ္တူနဲ့ ကွန်ပျူတာစာစီစာရိုက်တဲ့ ဆိုင်တစ်ဆိုင်လည်း ပိုင်ဆိုင်ထားသေးတယ်။ တစ်ကိုယ်စာ ငွေရေးကြေးရေးအတွက်တော့ သိပ်ပူပူပင်ပင်ဖြစ်စရာ မလိုဘူးပေ့ါ။ ဆိုင်ပိတ်ချိန်တွေမှာ ဖုန်းကလေးတစ်လုံးနဲ့ လန်းလန်း,လန်းလန်း လုပ်လို့ရသေးတယ်။ နယ်က မိဘတွေလည်း စီးပွားရေး ပြေလည်ကြတာကိုး။

နောက်အရေးကြီးတဲ့တစ်ချက်ကတော့ ရန်ကုန်မှာ လုပ်ငန်းကြီး တော်တော်များများကို ပိုင်ဆိုင်ထားတဲ့ ဦးမိုးဆွေဆိုတဲ့ သူဌေးကြီးရဲ့တစ်ဦးတည်းသောသမီး မိုးဦးမေဆိုတဲ့ကောင်မလေးရဲ့အချစ်ကို ပိုင်ဆိုင်ထားတာပဲ။

မိုးဦးမေဆိုတဲ့ကောင်မလေးကလည်း အလန်းလေးပါ။ သူဌေးသမီးဆိုပြီး အပေါ်ယံ အဝတ်အစား အသုံးအဆောင်တွေနဲ့ မလှ,လှအောင် လုပ်ယူထားတာ မဟုတ်ပါဘူး။ နဂိုရှိလို့ နဂိုင်းထွက်ပြီး ရှိတာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ. . ဒါဆို ဒီသင်္ဘောပေါ်မှာ ပါလာတဲ့ ခရီးသည်တွေက ဟို. . . ဟို. . ."

ဝိတ်တာလေးက ခေါင်းညိတ်ရင်း. . .

"ဟုတ်တယ်. . . နည်းနည်းခြောက် များများခြောက်တဲ့ အခြောက်တွေကြီးပဲပေါ့"

"ဟာ. . . ဟာ. . ."

"ဟင်. ."

ရင်ဝကို မီးစနဲ့ ထိုးခံလိုက်ရသလို နှစ်ကောင်လုံး ဝုန်းကနဲ ထရပ်လိုက်မိကြတယ်။ ပြီးတော့. . မျက်လုံးတွေ ပြူးထွက်ကာ တစ်ယောက်ကိုတစ်ယောက် အထိတ်တလန့် ကြည့်လိုက်ကြရင်း အသံနက်ကြီးက ပြိုင်တူထွက်သွားကြလေရဲ့။

ဟုတ်ကဲ့. . . ကြားတဲ့အတိုင်းပါပဲ။

"ကယ်ကြပါဦးဗျ. . ."





# အခန်း(၉)

"အဲဒါ မင်းကြောင့်. . . မင်းကြောင့်"

"ဘာ. . မင်းကြောင့်လဲ. . မင်းကြောင့်ဖြစ်တာ"

အခန်းထဲ ပြန်ရောက်လာပြီးမှ နှစ်ကောင်သား ဘာလုပ်ရမှန်း မသိဘဲ တစ်ယောက်ကိုတစ်ယောက် အပြစ်တင်နေကြတယ်။ ဒေါသအခိုးတွေကလည်း ရှက်စိတ်နဲ့ ရောကာ မျက်နှာပေါ်မှာ ထင်ဟပ်နေကြလို့ပေါ့။ ပိုင်ပိုင်စိုးက လက်ညှိုးငေါက်ငေါက်ထိုးပြီး. . .

"ဟော့ကောင် ဝေလွင်. . . လက်မှတ်ရောင်းတဲ့ကောင်နဲ့ ကားချင်း ငြိပြီး စကားများတာ မင်းလေ၊ အဲဒါကြောင့် မင်းကို တင်းပြီး အချွန်နဲ့ မ,လိုက်တာပေါ့"

"ဘာမှမဆိုင်ဘူး ဟော့ကောင်၊ လက်မှတ်ဖြတ်မယ် လှည်းတော့ ဟိုကောင်က ပြတာတောင် မင်းက ဆရာကြီးစတိုင်နဲ့ ဘာမှမပြနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဈေးအကြီးဆုံးအခန်း ပေးပါဆိုပြီး မစဉ်းစားဘဲ ဝယ်ခဲ့တာလေ"

ဝေလွင်ကလည်း ခပ်တင်းတင်းပဲ တုန့်ပြန်လာတယ်။ ပိုင်ပိုင်စိုး ဒေါသကို ထိန်းမရတော့ဘဲ ဝေလွင့်လည်ပင်းက အင်္ကျီစကို ဆွဲကိုင်လိုက်ရင်း. . .

"ဟေ့ကောင်. . . မင်းအပြစ်ကို ငါ့အပြစ်လာဆွဲချမနေနဲ့ကွ"

"ငပိုင်. . . မင်း ငါ့အင်္ကျီကို လွှတ်နော်"

"မလွှတ်တော့ ဘာလုပ်ချင်လဲ. . . ပြောစမ်းပါဦး၊ ဒီသင်္ဘောပေါ်မှာ အဲဒီအခြောက်တွေနဲ့ ဘယ်လိုဆက်နေရမှာလဲကွ. . . ပြော"

အသားတွေ တဆတ်ဆတ် တုန်ပြီး ပိုင်ပိုင်စိုး အော်လိုက်တယ်။ ဝေလွင်လည်း လုံးဝသည်းမခံနိုင်တော့ဘဲ. . .

"ဟေ့ကောင်. . . လွှတ်ဆိုလွှတ်နော်"

"မလွှတ်ဘူးကွာ. . . ဘာလုပ်ချင်လဲပြော"

"ကဲကွာ. ."

"ဟေ့ကောင်. . ."

ဝေလွင်က ပစ်ထိုးလိုက်တာ မဟုတ်ပါဘူး။ ပိုင်ပိုင်စိုးအင်္ကျီစကို ပြန်ကိုင်ရင်း တွန်းလိုက်တာပါ။ ဟိုကောင်လည်း မလွှတ်သေးဘူးဆိုတော့ နှစ်ကောင်သား ကုတင်ပေါ် လုံးထွေးသွားကြတယ်။

ပိုင်ပိုင်စိုးက အပေါ်က ရောက်လိုက်၊ ဝေလွင်က တစ်ပြန် အပေါ်က ပြန်ခွလိုက်နဲ့ ပွဲကတော့ အတော်လေး ကြမ်းလာပါပြီ။

အဲဒီအချိန်မှာပဲ အခန်းတံခါးဟာ ဝုန်းခနဲ ပွင့်လာပြီး မနက်တုန်းက တွေ့ခဲ့တဲ့ အေမီဆိုတဲ့အခြောက်မရဲ့မျက်နှာ ပေါ်လာတယ်။

မျက်လုံးပြူး ရင်ဘတ်ကလေး ဖိကာ အံ့သြတဲ့အသံနဲ့ စာစာ





လေး အော်ပါတော့တယ်။

"ဟယ်. . ဟယ်. . ရှင်တို့က အဲဒီလောက် အချစ်မကြမ်းကြနဲ့လေ၊ အို. . . မျက်စိရှက်လိုက်တာ. . . တကယ်ပဲ"

အေမီပုံစံနဲ့ စကားအသွားအလာကြောင့် ဝေလွင် ခွခံထားရတဲ့ ပိုင်ပိုင်စိုးဟာ မျက်လုံးလေး ကလယ်ကလယ်နဲ့ ဘုရားသာ တ,မိပါတော့တယ်။

ဘုရား. . ဘုရား. . အထင်လွဲသွားပြီနဲ့တူတယ်၊ ဘဝကတော့ သွားပါပြီ။

အေမီ ဆိုတဲ့ အခြောက်မ ထွက်သွားတဲ့ အချိန်မှာတော့ ဝေလွင်ဟာ ပိုင်ပိုင်စိုးကိုယ်ပေါ် ခွနေရာက ဖယ်လိုက်တယ်။

ပြီးနောက် တစ်ယောက်ကိုတစ်ယောက်လည်း မမြင်ဖူးသလို ကြည့်မိကြတယ်။ အေမီ အထင်လွဲသွားတာကတော့ သေချာပါပြီ။ အခြောက်ပါးစပ်ဆိုတဲ့အတိုင်း လိုက်ဖွနေရင် ဒုက္ခပါပဲ။

လောလောဆယ်မှာတော့ ဘယ်လိုရှင်းရမှန်းကို မသိတော့ပါဘူး။ တစ်ယောက်ကိုတစ်ယောက် ခပ်စိမ်းစိမ်း ကြည့်လိုက်ကြပြီး အခန်းထဲက ထွက်လိုက်ကြတယ်။

အခန်းအပြင်ဘက် ရောက်တော့ တိုင်ပင်စရာတောင် မလိုဘဲ တစ်ယောက်တစ်နေရာစီ ဦးတည်လိုက်လေရဲ့။ နှစ်လုံးစလုံးရဲ့ ရည်ရွယ်ချက်ကတော့ အထူးပြောစရာ မလိုတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတာကို
ဘယ်သူတွေက ဘယ်နေရာမှာ
တွေ့ခဲ့ကြပါသလဲ
ကျွန်တော့်အထင်တော့...
ချစ်သူတွေအတွက်...
ဘယ်နေရာပဲဖြစ်ဖြစ်
ဧဒင်ဥယျာဉ်ဖြစ်နိုင်သလို
နေ့တိုင်းဟာလည်း
ချစ်သူများနေ့ပါပဲ
အဲဒါ ဘယ်သူငြင်းမလဲ...။






## အခန်း(၁၀)

ဒေါ်သတွေ၊ ရှက်စိတ်တွေ ရောပြီး တင်းလို့သာ ထွက်ခဲ့ရတယ်။ နှစ်ကောင်စလုံး ဘာလုပ်ရမှန်း မသိသေးဘူး။ ဝေလွင်က အပေါ်ထပ်က သဘော်ကုန်းပတ်ပေါ် ထွက်ခဲ့သလို ပိုင်ပိုင်စိုးလည်း အောက်ထပ်ကို ဆင်းခဲ့တယ်။

ကိုယ့်အဖြစ်ကိုယ် ပြန်စဉ်းစားတိုင်း ပိုင်ပိုင်စိုးမှာ ယူကြုံးမရစိတ်တွေနဲ့။ စိတ်ပြေလက်ပျောက် ခရီးထွက်လာကာမှ အခြောက်သဘော်ပေါ် ရောက်လာရတယ်လို့။ တကယ့်ကို ရင်နင့်စရာပါပဲ။

အောက်ထပ်ရောက်တော့ အခြောက်တွေ အုပ်စုလိုက် အုပ်စု



www.burmeseclassic.com

www.burmeseclassic.com



လိုက် ခန်းမတစ်ခုစီ သွားနေကြတာကို တွေ့လိုက်ရတယ်။ သူတို့ကြည့်ရတာတော့ ကမ္ဘာသစ်တစ်ခုမှာ ပျော်ရွှင်လွတ်လပ်နေတာကျနေတာပဲ။ ဟုတ်မှာပေါ့လေ။ အားလုံး မျိုးတူတွေပဲကိုး။ ကိုယ့်မှာတော့ ထိုင်ပြီး ငိုချင်းချရတော့မလို ဖြစ်နေပြီ။

ကြေကွဲဆို့နစ်စွာနဲ့ ရပ်ကြည့်နေတုန်းမှာပဲ. . .

"ဟိတ်. ."

"ဟဲ့. . . ပလုတ်တုတ်ကြီး"

နောက်ကနေ ပခုံးလှမ်းပုတ်လိုက်လို့ ပိုင်ပိုင်စိုး လန့်ပြီးတောင် ယောင်လိုက်မိတယ်။ လှည့်ကြည့်လိုက်တော့ အေမီဖြစ်နေတယ်။

သူကပဲ ပိုင်ပိုင်စိုးကို မျက်လုံးလေး ထောင့်ကပ်ပြီး. . .

"အမလေး. . . အသဲငယ်လိုက်တာဟယ်၊ အဟင်း. . . ယူတို့ ပြီးသွားပြီလားဟင်"

ပိုင်ပိုင်စိုးကလည်း သူတို့ ရန်ဖြစ်တာ ပြီးသွားပြီလားလို့ မေးတယ်ထင်လို့. . .

"အင်း. . . ပြီးပြီ"

"ဟင်. . တကယ်ကြီး. . မြန်လိုက်တာ၊ အင်းပေါ့လေ. . . အားကောင်းမောင်းသန်တွေကိုး"

"ဗုဒ္ဓေါ. . ."

ပိုင်ပိုင်စိုး ဆံပင်တွေ ထောင်တက်သွားရတယ်။ ပြောရင်းဆိုရင်းကို တလွဲတွေ ထင်နေတော့တာပဲ။ အမြန်ပဲ ငြင်းလိုက်ရတယ်။

"ဟာ. . . အဲဒီလိုမဟုတ်ဘူးနော်"

"အံမယ်. . . ရှက်မနေပါနဲ့နော်၊ တို့တွေက နားလည်တတ်ပါ





တယ်၊ အဟင်း. . . ဒါနဲ့ ပါတီမသွားဘူးလား"

"ဟင်. . . ဘာပါတီလဲ"

အေမီက ရင်ဘတ်ကလေး ဖိပြီး. . .

"ဟယ်. . . ဒါတောင်မသိဘူး၊ ဒီနေ့ တို့တွေအားလုံး ကဲမယ့် ပါတီပွဲ ရှိတယ်လေ၊ ဟိုအခန်းမှာ. . ."

ခုမှပဲ သဘောပေါက်သွားရတယ်။ အဲဒါကြောင့် အခြောက်တွေ အဲဒီအခန်းဝမှာ ရုံးစုရုံးစု ဖြစ်နေတာကိုး။

ပိုင်ပိုင်စိုး စိတ်ပျက်လက်ပျက် ခေါင်းခါလိုက်ရင်း. . .

"မသွားပါဘူးဗျာ. . . ရှက်စရာကြီး"

"လာပါဆို"

"ဟာ. . . လွှတ်ဗျာ၊ စိတ်ရှုပ်ရတဲ့အထဲ"

"လာပါဆို"

ပိုင်ပိုင်စိုး လန့်ဖျတ်ပြီး လစ်ပြေးဖို့ပြင်မှ. . .

အေမီက သူ့တင်ပါးကို သာသာထိုးထိုး လှုပ်ရင်း ကော့ပတ်ကော့ပတ်နဲ့ ထွက်သွားပါတော့တယ်။ ပိုင်ပိုင်စိုးစိတ်ထဲ မြင်ရတွေ့ရသမျှ စိတ်မချမ်းသာစရာတွေချည်းပဲလို့ တွေးမိလိုက်ရဲ့။

ဘာလုပ်ရမှန်းမသိဘဲ ယောင်ချာချာနဲ့ စားသောက်ခန်းမဘက်ကို ထွက်ခဲ့လိုက်တယ်။ စိတ်ညစ်ရလွန်းလို့ လုပ်စရာတစ်ခုပဲ ရှိတော့တယ်။ သိတဲ့အတိုင်းပဲလေ။ အရက်သောက်ဖို့ပေါ့။

အကုန်လုံး ပါတီရောက်နေကြလို့လား မသိဘူး။ စားသောက်ခန်းထဲမှာ တိတ်ဆိတ်ခြောက်ကပ်လို့။

ဒါနဲ့ပဲ အရက်ဘားမှာ ထိုင်ပြီး ဝီစကီနှစ်ပက် အရင်မှာလိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒီလိုပင်လယ်ကြီးထဲမှာ စိတ်ညစ်နေတဲ့လူအဖို့ အရက်သောက်နေတာက အကောင်းဆုံးပဲ မဟုတ်လား။

တစ်ခွက်ပြီးတစ်ခွက်၊ နှစ်ပက်ပြီးနှစ်ပက် သောက်ရင်းခေါင်းထဲမှာ ရီဝေလာတယ်။ ဘာကိုမှ မတွေးချင်တော့တာလည်း အမှန်ပဲ။ တဖြည်းဖြည်းနဲ့ မိုးဦးမေကိုလည်း သတိမရ။ အပျော်ခရီးဆိုတာကိုလည်း မေ့။ အခြောက်ဆိုတာကိုလည်း မတွေးချင်တော့လောက်အောင် မူးနစ်ခြင်းမှာပဲ အရသာခံနေလိုက်တော့တယ်။

အရက်ဘားက ထွက်လာတဲ့အချိန်မှာတော့ အတော်လေးယိုင်ထိုးနေပါပြီ။

ဒါတောင် လက်ထဲမှာ ဘီယာတစ်ဗူးက ကိုင်လာသေးတယ်။ စားသောက်ခန်းမထဲက ထွက်လာပြီး လျှောက်နေရင်း ပါတီလုပ်နေတဲ့အခန်းက ဆူညံအော်ဟစ်သံတွေကို ကြားနေရသေးရဲ့။

(ချီးပေကောင်တွေ) မပီမသဆဲရေးလိုက်ပြီး အဲဒီခန်းမနဲ့ဆန့်ကျင်ဘက်ကို ထွက်ခဲ့တယ်။ လျှောက်လာရင်း ရေကူးကန် ရှိတဲ့ခန်းမဆီ ရောက်သွားလေရဲ့။

ဘီယာတကျိုက်မော့ပြီး ရေဆင်းကူးရင်ကောင်းမလားလို့ တွေးမိသေးတယ်။ ပြီးမှ ကိုယ်ရေမကူးတတ်တာ သတိရလိုက်မိလို့ တော်ပါသေးတယ်။

ရေကူးကန်ဘောင်မှာ လျှောက်ရင်း ဝေလွှင်နဲ့ ရန်ဖြစ်လာတဲ့အကြောင်းကို ပြန်စဉ်းစားမိတယ်။ တကယ်တော့ ခုလိုဖြစ်ရတာဘယ်သူ့အမှားမှ မဟုတ်သလို မှားတယ်ဆိုရင်လည်း နှစ်ယောက်စလုံးမှားတာပါပဲ။ အပြစ်တင်နေလို့လည်း ထူးမှာမဟုတ်ဘူး။ သူ့ ကြမ္မာက



ဒီလိုဖြစ်ဖို့ ဖန်လာတာကိုး။ ဝေလွှင်နဲ့ ထပ်စကားမများဖို့ ဆုံးဖြတ်လိုက်တယ်။ စိတ်ညစ်ရလည်း လွန်ရောကျွံရော ရှေ့သုံးလေးရက်ပေါ့။

အဲဒီလို တွေးလိုက်မှပဲ စိတ်ထဲမှာ ကြည်လင်ပြီး ပေါ့လာတယ်။ အမူးကတော့ မပြေသေးဘူး။ ဒါနဲ့ပဲ လန်းသွားအောင်ဆိုပြီး ရေကူးကန်ပေါင်အစပ်မှာ ဆောင့်ကြောင့်လေးထိုင်၊ ကန်ထဲက ရေနဲ့ မျက်နှာသစ်ပစ်ဖို့ အကြံရတာကိုး။

ရေက ကန်ပေါင်နဲ့ တစ်ပေကျော်လောက် လွတ်နေတော့ကုန်းရမှာပါ။

ပိုင်ပိုင်စိုး ဖင်ဘူးတောင်းလေး ထောင်ပြီး ရေကို လက်ဖဝါးခွက်ကလေးနဲ့ ကုန်းခပ်လိုက်တယ်။

ရေကို မထိသေးတော့ ဖင်ကလေး ထပ်ထောင်၊ ရှေ့ကို ထပ်ကုန်းလိုက်တဲ့ ခန္ဓာကိုယ်ကြီးဟာ. .

"ဗွမ်း. . ."

ပိုင်ပိုင်စိုး ရေထဲကို ဦးစောက်ထိုးပြီး ကျသွားတာပါ။ ပြီးတော့ အလန့်ကြီး လန့်သွားတယ်။ သူ ရေမကူးတတ်တာ သတိရပြီး. . .

"ကယ်. . ကယ်ကြပါဦးဗျ. . ဖရူး. . ဖရူး"

ရေထဲမှာ ယက်ကန်ယက်ကန်နဲ့ အော်ဟစ်အကူအညီတောင်းရပါတော့တယ်။ မြုပ်လိုက်ပေါ်လိုက်နဲ့ ကန်ထဲက ရေတွေတောင် ဗိုက်ထဲကို မနည်းရောက်နေပြီ။ အသက်ရှူရတာလည်း မဝတော့ဘူး။

ပင်လယ်ဖြတ်နေတဲ့သင်္ဘောရဲ့ရေကူးကန်မှာ ရေနစ်ရတယ်လို့။ ဗာတာကိုက ဆိုးပါတယ်။ သေရင်တောင် သေပန်းမပွင့်တဲ့သေဖြစ်တော့မှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကြောက်လန့်တကြား တွေးရင်း ရေထဲမှာ ရုန်းကန်ရင်း နောက်ဆုံးမှာ ဗွမ်းခနဲ အသံတစ်ခုကိုပဲ ပိုင်ပိုင်စိုး ကြားလိုက်ရပါတော့တယ်။

လောလောဆယ်တော့ ဆက်သွယ်မှုဧရိယာပြင်ပ။





# အခန်း(၁၁)

အဲဒီအချိန်မှာ ဝေလွှင်လည်း သင်္ဘောကုန်းပတ်ပေါ်မှာ ဖင်ကြား ခဲညပ်သလို ဆောက်တည်ရာမရ ဟိုပြေးဒီပြေး လုပ်နေတယ်။ ပါးစပ်ကလည်း ပွစိပွစိ ရေရွတ်လို့။

တခြားတော့ မဟုတ်ပါဘူး။ သူလိုကိုယ်လိုပဲ ယောကျ်ားလို ဝတ်ထားပြီး ဆေးလိပ်သောက်နေလို့ သူလည်း သောက်ချင်တာနဲ့ မီးတစ်တို့ တောင်းမိတာပါ။

"မီးခြစ်လားဟင်. . . ရှိတယ်. . ခဏနော်"

ဗုဒ္ဓေါ. . ဒါ. . ဒါလဲ. .

ဝေလွှင် အတွေးမဆုံးပါဘူး။ ယောကျ်ားဝတ်ကြီးက မီးခြစ်



www.burmeseclassic.com

www.burmeseclassic.com



ပေးရင်း ဝေလွှင့်လက်ကို ဆွဲလိုက်လို့ ဝေလွှင် လန့်ပြီး လှည့်ပြေးပါတော့တယ်။

"ဟော့. . . နေဦးလေ၊ မီးခြစ်ဆို. . မီးကို ချစ်မလို့ဆို. . ဟော့"

"ဟာကွာ. . . ဒီသောက်သင်္ဘောနဲ့မှ ပါလာရတယ်လို့၊ ရှေ့လျှောက် ဘယ်လိုနေရမလဲ၊ သင်္ဘောပေါ်က ခုန်ချပြီး ရေကူးသွားရင် ကောင်းမလား"

တတွတ်တွတ်ပြောရင်း ကုန်းပတ်ကနေ ရေထဲကို ငုံ့ကြည့်မိသေးရဲ့။ ခုန်ချပြီး ရေကူးသွားဖို့ မပြောနဲ့။ ရေအောက် ငုံ့ကြည့်တာတောင် ရင်ထဲ လှပ်ကနဲ ဖြစ်သွားရတယ်။ သတ္တိကတော့ မဟာဝန္ဓုလသွေး ပါတယ်လို့ ဆိုရမလားပဲ။ ခုန်ချရင်တောင် ရေထဲ မရောက်ခင် နှလုံးရပ်ပြီး သေသွားနိုင်တယ်။

"တောက်. . . ဆိုးလိုက်တဲ့ကံကွာ"

ကြံရာမရဘဲ ဟိုတွေးဒီတွေး တွေးရင်း ပိုင်ပိုင်စိုးကို သတိရလာတယ်။ ဒီကောင်ဘယ်သွားပြီး ဘာတွေလုပ်နေပြီလဲ မသိဘူး။ ခုနက သွေးပူပြီး စကားများခဲ့ပေမယ့် သေချာတွေးကြည့်တော့လည်း ဘယ်သူ့အမှားမှ မဟုတ်ပါဘူး။ ကံတရားက စနစ်တကျ ချောက်တွန်းလိုက်တာပါ။

အဲဒီလိုတွေးနေတုန်းမှာပဲ သင်္ဘောအရာရှိနဲ့ဝန်ထမ်းတွေ ကုန်းပတ်ပေါ် ရောက်လာကြပြီး အော်ဟစ်ပြောဆိုသံတွေကို ကြားလိုက်ရတယ်။ စကားသံတွေအရ ခပ်လှမ်းလှမ်းမှာ သင်္ဘောငယ်တစ်စီး မီးစွဲလောင်နေတာတဲ့။

ဝေလွှင် လှမ်းကြည့်တော့ မီးရောင်ပျပျပဲ မြင်ရတယ်။ ကိုယ်နဲ့





လည်းမဆိုင်၊ တတ်လည်းမတတ်နိုင်တဲ့ကိစ္စဆိုတော့ အလုပ်ရှုပ်နေတဲ့ ဝန်ထမ်းတွေကြားထဲက ထွက်ခဲ့လိုက်တယ်။

စဉ်းစားမိတာကတော့ ပိုင်ပိုင်စိုးကို ရှာပြီး ဘားမှာ တစ်ခွက်နှစ်ခွက်လောက် သောက်ဖို့ပါ။ ဒီအချိန်ဆို ဒီလောက်လည်း စိတ်ပြေလောက်ပါပြီ။ တွဲလာတာကြာပြီမို့ တစ်ယောက်ပါးစပ်ဟာရင် တစ်ယောက်က ဟိုးဖင်ခွကြားအထိ မြင်တယ်လေ။

ဟိုဒီလိုက်ရှာရင်း မတွေ့တော့တာမို့ ဘားမှာပဲ ရှိမလားဆိုပြီး ဝေလွှင် စားသောက်ခန်းမဆီပဲ သွားလိုက်ပါတော့တယ်။

အဲဒီအချိန်မှာတော့. . .



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဘယ်ကံကြမ္မာကျမ်းထဲမှာမှ
ချစ်သူနဲ့ဆုံချိန်မှာ
မှန်တိုင်း မတိုက်ခဲ့ပါဘူး၊





BURMESE CLASSIC .com

# အခန်း(၁၂)

သတိရရလာချင်း မျက်လုံးအဖွင့်မှာ ပိုင်ပိုင်စိုးမြင်လိုက်ရတာက နီးကပ်လွန်းနေတဲ့မျက်နှာလေးတစ်ခု။ ပြီးတော့ သူ့နှုတ်ခမ်းကို ထိတွေ့နေတဲ့ ပူနွေးအိစက်တဲ့ တစ်ခြားနှုတ်ခမ်းတစ်စုံပါ။

"အင်း. . အဲ. . အင်း. . "

လူးလွန့်ရင်း ပိုင်ပိုင်စိုး ညည်းလိုက်မိတယ်။

အဲဒီတော့မှ မျက်နှာလေးဟာ သူ့အပေါ် အုပ်မိုးနေရာက ခွာသွားတယ်။

ပြီး စိတ်ပူသံ ရောစွက်နေတဲ့ စကားသံလေး ထွက်ပေါ်လာရဲ့။



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

"ဟင်. . ရှင်. . ရှင်. . သတိရလာပြီနော်"

ပိုင်ပိုင်စိုးအမြင်အာရုံတွေ ဖိုးကပ်စ်ပြတ်လာပါပြီ။ တစ်ကိုယ်လုံး ရေတွေ စိုရွှဲနေတဲ့ကောင်မလေးတစ်ယောက်ပါ။

အသားဆိုင်တွေမှာ ကပ်နေတဲ့ ခပ်ပါးပါးအဝတ်အစားကြောင့်သာ မိန်းကလေးလို့ သိလိုက်ရတာ။ ပိုင်ပိုင်စိုး အံ့ဩမင်သက်သွားရတယ်။

အားယူကာ လူးလဲထလိုက်ရင်း. . .

"ခင်. . ခင်ဗျားက. . ."

ကောင်မလေးက ပြုံးလိုက်ပြီး. . .

"ကျွန်မက ဒီသင်္ဘောက ဝန်ထမ်းတစ်ယောက်ပါ၊ ဒီသင်္ဘောရဲ့ စတိုကို ကိုင်ရတာဆိုပါတော့၊ ပစ္စည်းတစ်ခု လာယူရင်း ရှင်ရေနစ်နေတာ တွေ့လို့ ဆင်းဆယ်လိုက်တာ"

"ကျေးဇူးတင်လိုက်တာဗျာ. . ကျော်မကောင်းကြား မကောင်းတွေ ဖြစ်တော့မလို့ ပင်လယ်ကူးသင်္ဘောပေါ်မှာ ရေနစ်သေတယ်ဆိုပြီးတော့လေ"

သူမ တခိခိနဲ့ ရယ်တယ်။ ရယ်တော့မှ ပိုလှသွားလို့. . .

"ခင်ဗျား အတော်ချောတာပဲနော်"

"ရှင်. ."

"ဩော်. . . ဟို. . . ကျွန်တော်

ဟုတ်တယ်. . . အမူးလွန်ပြီး ပြုတ်ကျသွားတာ"

"ဩော်. . . "

ရေစွတ်ရင်း ကောင်မလေးက မပွင့်တပွင့် ထပ်ပြုံးတယ်။





ပြီး. . .

"ဟုတ်မှာပါ. . . အဲဒါကြောင့် ခုနက ရှင့်ပါးစပ်က အရက်နံ့နံ့နေတာကိုး"

ပိုင်ပိုင်စိုး ကိုယ့်နှုတ်ခမ်းကိုယ် ယောင်ယမ်းစမ်းမိတယ်။ ကောင်မလေးက သူ အသက်ရှူလို့ရအောင် ပါးစပ်ချင်း တေ့ပြီး (Mouth to mouth)လုပ်ပေးရတာကို ဘာမှမဖြစ်သလိုပဲ။ ရှက်တက်တက်တောင် ဖြစ်မနေတာပါ။

ပိုင်ပိုင်စိုးကပဲ. . .

"ဒီသင်္ဘောမှာ အမျိုးသမီးတစ်ယောက်မှ မမြင်ဖူးလို့ပါ"

"ဟုတ်တယ်. . . ကျွန်မတစ်ယောက်တည်းပဲ"

"ဟင်. . . မကြောက်ဘူးလား၊ ဒီမှာက ယောကျ်ားတွေချည်းပဲလေ"

ရေစိုနေတဲ့ဆံပင်လေးတွေ လှုပ်ခတ်သွားတဲ့အထိ တသိမ့်သိမ့် ရယ်ပါတော့တယ်။

"မကြောက်ပါဘူး. . . ယောကျ်ားဆိုတာက တကယ့်ယောကျ်ားတွေမှ မဟုတ်တာ၊ ဘာစိတ်ပူစရာရှိလဲ၊ အဲဒီယောကျ်ားတွေအကုန်လုံးက အခြောက်၊ အဲ. . . ဆောရီးနော်၊ အဲဒါကြောင့် မကြောက်တာပေါ့၊ ဒါနဲ့ ရှင့်နာမည်က"

"ပိုင်ပိုင်စိုးပါ"

"အို. . . ဒါဆို ပိုင်ပိုင်ပေါ့. . . ဟုတ်လား"

သွားပြီ။

ကောင်မလေးရဲ့အကြည့်နဲ့ပြောပုံက သူ့ကိုလည်းအခြောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လို့ ထင်နေတာကိုး။

ရှင်းပြဖို့ စဉ်းစားနေတုန်းမှာပဲ ကောင်မလေးက. . .

"ကျွန်မနာမည်က သက်ထားစံတဲ့၊ ပိုင်ပိုင်လည်း သက်ထားလို့ ခေါ်ပေါ့၊ လာပါ. . . ကျွန်မလိုက်ပို့ပေးမယ်"

ပြောပြောဆိုဆိုပဲ ပိုင်ပိုင်စိုးကို ချိုင်းကနေ ဆွဲမ,လိုက်တယ်။ အလိုက်သင့် ထရပ်လိုက်တော့ တစ်ချက်ယိုင်သွားပြီး သက်ထားစံရဲ့ အသားစိုင်တွေနဲ့ သွားမိတ်ဆက်မိတယ်။

သက်ထားစံက. . .

"အိုး. . . ပိုင်ပိုင် ရရဲ့လား၊ ကျွန်မပခုံးကို ဖက်ထားလေကွာ. . . လက်ပေး"

လက်ကလေးကို ဆွဲယူရင်း သက်ထားစံက သူ့ပခုံးပေါ်ကို လှမ်းတင်လိုက်တယ်။

သူမရဲ့လက်တစ်ဖက်ကလည်း ပိုင်ပိုင်စိုးကို ခါးကို သိုင်းဖက်ထိန်းလိုက်တယ်။

ပိုင်ပိုင်စိုးရင်ထဲမှာ ပြောင်းဆန်လာတယ်။

သက်ထားစံက အခြောက်လို့ ထင်ပြီး ခုလိုဆက်ဆံနေပေမယ့် ယောကျာ်းစစ်စစ် သူ့မှာ သွေးတွေလည်း ရုတ်ချည်းပူနွေးသွားရတယ်။ သာယာမှုမြစ်ကလည်း တရစပ်စီးဆင်းလို့. . .။

ဘာမှပြောမနေတော့ဘဲ သက်ထားစံနဲ့အတူ အပေါ်ထပ် အခန်းကို တက်လာခဲ့တယ်။

အခန်းရှေ့ရောက်တော့ သက်ထားစံကပဲ အခန်းသော့ကို တောင်းယူပြီး ဖွင့်လိုက်တယ်။





ပြီးမှ ကုတင်ပေါ် ထိုင်လျက်အနေအထား ရောက်အောင် လိုက်ပို့ပေးပြန်တယ်။

သေချာပါပြီ. . . သက်ထားစံဟာ သူ့ကို အခြောက်လို့ ထင်ပြီး ဒီလောက် ရဲတင်းနေတယ်ဆိုတာ။

"ပိုင်ပိုင်. . . သက်သာသွားပြီလား"

ကုတင်ပေါ်မှာ တင်ပါးလွှဲ ဝင်ထိုင်ရင်း သက်ထားစံက မေးလိုက်တာပါ။

ဘာမှပြန်မဖြေသေးဘဲ ပိုင်ပိုင်စိုး ကြည့်မိတယ်။

နုမြစ်လှပတဲ့ သက်ထားစံရဲ့အလှကြောင့်လည်း ရင်တဖိုဖို ဖြစ်သွားတယ်။

အခန်းထဲမှာ နှစ်ယောက်တည်း ရှိနေတယ်ဆိုတဲ့အသိက ပိုင်ပိုင်စိုး လည်ချောင်းတွေကို ခြောက်သွေ့လာစေပါတယ်။

"ပိုင်ပိုင် ဘာကြည့်နေတာလဲ. . . နေသာသွားပြီလားလို့"

"ဩော်. . အင်း. . ကောင်းသွားပါပြီ"

"တော်သေးတာပေါ့"

ပိုင်စိုးက သက်ပြင်းဖွဖွချရင်း. . .

"အဲဒါ သက်ထားရဲ့ကျေးဇူးကြောင့်ပါ၊ ဟိုလေ. . . သက်ထားနဲ့ ခင်ချင်တယ်"

သက်ထားစံက ပခုံးကို လှမ်းပုတ်ပြီး ရယ်ဟဟနဲ့. . .

"ဘာများလဲလို့ ပိုင်ပိုင်ရယ်၊ သက်ထားကလည်း ပိုင်ပိုင်ကို မြင်မြင်ချင်း ခင်သွားတာပါ၊ ပိုင်ပိုင်က တကယ်မိန်းကလေးလို့ချော တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူဌေးသမီးဆိုတော့ ပြီးပြီပေါ့။ လန်းတာထက် လွန်ပြီး လန်ကိုထွက်နေတော့တာပဲ။ အဲဒီလောက်ဆို ကိုယ့်ဆရာတို့လည်း သဘောပေါက်မှာပါ။ ခေတ်ပေါ်ဒီဇိုင်းနဲ့ ကိုရီးယားလိုင်း ဝင်နေတဲ့ မိုးဦးမေပေါ့ဗျာ။

အဲဒီလိုကောင်မလေးနဲ့မှ ချစ်သူတော်ထားရတာ ပိုင်ပိုင်စိုး ကိုယ့်ကိုယ်ကို ကျေနပ်လို့ မဆုံးသလို အပေါင်းအသင်းတွေကလည်း အားကျစိတ်နဲ့ မနာလိုဖြစ်ကြတာ ဘယ်ဆန်းပါ့မလဲ။

ဒါပေမယ့် တစ်ခုတော့ ရှိတယ်။ ဘာလဲဆိုတော့ ခြောက်ပြစ်မကင်းတဲ့ လူ့သဘာဝအတိုင်း ပိုင်ပိုင်စိုးမှာလည်း အားနည်းချက်ကလေးတွေရှိတာ မဆန်းဘူးပေါ့။

ဥပမာပဲဆိုပါတော့။ ချိန်းထားရင် နေရာလွဲပြီး စောင့်နေတာမျိုးတွေ။ ကိုယ်နဲ့ ဖုန်းဆက်ချိန်းတုန်းကတော့ သေသေချာချာ နားမထောင်ဘဲ နေရာမှားပြီး သွားစောင့်နေမယ်။ ပြီးမှ မိုးဦးမေ မလာလို့ ရက်စက်တယ်ဘာညာနဲ့ ကိုယ့်ကိုယ်ကို ဇာတ်နာလိုက်သေးတယ်။ ဖုန်းဆက်တော့လည်း မိုးဦးမေက တင်းပြီး မကိုင်တော့ဘူးလေ။

အဲဒီလိုတွေ မကြာခဏ ဖြစ်ပေမယ့်လည်း မိုးဦးမေက သည်းခံပါသေးတယ်။ ပိုင်ပိုင်စိုးက သူ့ကို တကယ်ချစ်တာတွေ၊ သူ့အပေါ်ကောင်းတာတွေကလည်း အများကြီးရှိတာကိုး။

နောက် ပိုင်ပိုင်စိုးရဲ့အားနည်းချက်က စိတ်လှုပ်ရှားလွန်းရင် မူးတတ်တယ်။

မိုးဦးမေနဲ့ ချစ်သူတွေသဘာဝ လွတ်လပ်တဲ့နေရာမှာ နှစ်ယောက်တည်း ချိန်းတွေ့တဲ့ခါမျိုးတွေမှာဆိုရင် စိတ်လှုပ်ရှားလွန်းလို့





ဘီယာတစ်ဂျားစာလောက် မူးပြီး ဘာမှအလုပ်မဖြစ်တာ များတယ်။ နမ်းတောင် မနမ်းဖြစ်တာမျိုးပေါ့။



ဘယ်လိုပဲဖြစ်ဖြစ် သူတို့ အတွဲလေးက ဒီလိုပုံစံနဲ့ပဲ ရှေ့ဆက်နေကြတုန်းပါ။ ချစ်သူတွေသက်တမ်း တစ်နှစ်လောက် ကြာလာတော့ ပိုင်ပိုင်စိုးလည်း မိုးဦးမေနဲ့ လက်ထပ်ချင်လာပြီလေ။

အဲဒါနဲ့ပဲ လက်ထပ်ခွင့်တောင်းဖို့ စိတ်ကူးလိုက်တယ်။ ရိုမန့်ဆန်အောင်တောင် လက်ထပ်ခွင့်တောင်းဖို့ လက်စွပ်သွားလုပ်ထားသေးရဲ့။

အခင်ဆုံးသူငယ်ချင်းဖြစ်တဲ့ ဝေလွင်နဲ့တောင် တိုင်ပင်လိုက်ပါသေးတယ်။

"အဲဒါပဲ ဝေလွင်ရာ၊ မိုးဦးကို ငါ ဘယ်လိုနေရာမျိုးမှာ လက်ထပ်ခွင့်တောင်းရင် ကောင်းမလဲလို့၊ ဟိုကွာ. . . ဘယ်သူနဲ့မှ မတူဘဲ ထူးခြားချင်တာမျိုးလေ"

"ရေထဲ ဆင်းပြီး တောင်းကွာ"

"ဟာ. . . မနောက်နဲ့လေကွာ"

"အေးလေ. . . သူများနဲ့ မတူအောင်ဆိုမှ ဒါပဲရှိတာ၊ လူတိုင်း ကုန်းပေါ်မှာပဲ တောင်းကြတယ်. . ဒူးလေး ထောက်ပြီးတော့၊ မင်းက



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ပိုင်စိုး နင်သွားရတယ်။ လွဲနေတာကို ဘယ်လိုတည့်ရမှန်းတောင် မသိဘူး။

ခုနေ အမှန်ကို ပြောပြလိုက်ရင် သက်ထားစံလည်း ရှက်လို့သေသွားမလားပဲ။

ဘာလုပ်ရမလဲလို့ စဉ်းစားနေတုန်း အခန်းထဲကို ဝေလွှင်ဝင်လာပြီး. . .

"ဩော်. . . ငါ့မှာတော့ ရှာလိုက်ရတာ၊ မင်းက ဒီမှာ လာဂွတ်နေတာကိုး. . . အေ့. . . ဂစ်"

ရုတ်တရက် သက်ထားစံလည်း ရှက်ပြီး ထရပ်တယ်။

"ငပိုင်. . သူငယ်ချင်း ငါ့ကို စိတ်မဆိုးပါနဲ့ကွာ"

အာလေးလျှာလေးကြီးနဲ့ ပြောရင်း ဝေလွှင်က ပြေးဖက်ပါတော့တယ်။ တကယ်တော့ မူးနေတဲ့အရှိန်နဲ့ ခုနက ရန်ဖြစ်ခဲ့တာကို ဆိုလိုတာပါ။

သူ့ခန္ဓာကိုယ်နဲ့ ကွယ်နေလို့ သက်ထားစံကိုလည်း မြင်ပုံမပေါ်ဘူး။ ပိုင်ပိုင်စိုး လန့်သွားရတယ်။

ဝေလွှင့်ခန္ဓာကိုယ်ကြီးကို အတင်းပြန်တွန်းရင်း. . .

"ဟော့ကောင်. . . ဒီမှာ ဧည့်သည်ရှိတယ်ကွ"

ပြောမှပဲ သက်ထားစံက ဘယ်လိုထင်သွားလဲ မသိဘူး။ ပြုံးစိစိနဲ့ ခေါင်းလေး ခါပြရင်း. . .

"ကိစ္စမရှိပါဘူး. . . သက်ထား နားလည်ပါတယ် ပိုင်ပိုင်. . . သွားပြီနော်"

ပြောပြောဆိုဆို ထထွက်သွားပါတော့သည်။ ဒီတစ်ခါတော့





အဆိုးဝါးဆုံး နားလည်မှုလွဲခြင်းပါပဲ။

မြွေခြောက်သာ ပြေးပြီး အကိုက်ခံလိုက်ချင်တော့တယ်။ ဘယ်လိုမှ ရှင်းလို့ မလွယ်တော့ပါဘူး။ ဝေလွှင်ကလည်း မျက်လုံးကြီးပြူးပြီး ကြောင်ကြည့်နေတယ်။

ပြီးမှ ထစ်ထစ်ငေါ့ငေါ့နဲ့. . .

"ငပိုင်. . င. . ငပိုင်. . ဘယ်လိုဖြစ်တာလဲ၊ သူ. . သူက"

"ကိုယ်ကျိုးတော့ နည်းပါပြီကွာ"

"ဟေ. . ."

ဝေလွှင် ပါးစပ်ကြီး ပြဲထွက်သွားတယ်။ ပိုင်ပိုင်စိုးလည်း လေပူကြီးကို မသာမယာ မှုတ်ထုတ်ပြီး ဖြစ်ပုံကို အစအဆုံး ရှင်းပြရတော့တယ်။

ဝေလွှင်က မျက်နှာအမူအယာအမျိုးမျိုးတွေနဲ့ နားထောင်နေပြီးမှ. . .

"ဟာ. . . အဲဒီလိုကြီး တကယ်ဖြစ်သွားတာလား"

"သွားပြီပေါ့ ဝေလွှင်ရာ၊ ငါလည်း လုံးရာက ပြားပြီး ပြားရာကနေ ပြန်လုံးနဲ့ ပြားလုံးကြီး ဖြစ်ပြီး အကုန်ဂွမ်းကုန်ပြီကွ. . . ဟူး"

ပိုင်ပိုင်စိုးအပြောကြောင့် ဝေလွှင့်မျက်နှာကြီးက ပြုံးစိစိဖြစ်လာပြီး သူ့ကို ကြည့်တယ်။ ပြီးတော့ ခွက်ထိုးခွက်လန် ရယ်တော့တာပဲ။

ပိုင်ပိုင်စိုးလည်း ကိုယ့်အဖြစ်ကိုယ် ခုမှတွေးပြီး ရယ်ချင်လာတယ်။

ခဏနေမှ မျက်နှာကို တည်လိုက်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ဝေလွင်. . ."

"ဟေ. . . ဘာလဲ"

ဝေလွင်ကို ကြည့်ရင်း ပိုင်ပိုင်စိုး ပင့်သက်ရှိုက်လိုက်တယ်။

"ငါ. . ငါ. . သူ့ကို စိတ်ဝင်စားတယ်ကွာ၊ ဘယ်လိုလုပ်ရမလဲ"

ဝေလွင် အကြီးအကျယ် အံ့ဩသွားပုံရတယ်။ တစ်ချက် စဉ်းစားပြီး ခေါင်းခါယမ်းရင်း. . .

"မင်းခုလို နောက်တစ်ယောက်ကို စိတ်ဝင်စားတာကို ငါဝမ်းသာပါတယ်၊ ဒါပေမယ့် ခုအဆင်ကြီးက ခုတ်ရာတလွဲ ရှရာတခြား အဆင်ကြီးကွ"

ဟုတ်တော့လည်း ဟုတ်ပါတယ်။ ကိုယ်ကသာ သူ့ရဲ့အလှအပ တွေနဲ့ အထိအတွေ့မှာ သာယာယစ်မူးသွားခဲ့ရတာ။ သူ့ဘက်ကတော့ ကိုယ့်ကို အခြောက်လို့ ထင်နေပြီ။

တကယ့်ကို ဟဲဗီးလ်ကွိုင်ပါပဲ။

"မင်းပြောတာဟုတ်တယ် ဝေလွင်၊ ဒါပေမယ့် ဒီသင်္ဘောပေါ် မှာ ရှိနေတဲ့အချိန်လေးမှာ သူနဲ့ နီးနီးကပ်ကပ် နေချင်တယ်ကွာ"

အဲဒီတော့မှ ဝေလွင်က. . .

"ဟာ. . . ငါသိပြီကွ၊ အဟီး. . . လွယ်လွယ်လေးပဲ"

"ဟေ. . . ဘယ်လိုလုပ်ရမှာလဲ"

အားကိုးတကြီး မေးလိုက်တဲ့ ပိုင်ပိုင်စိုးကို ဝေလွင်က စေ့စေ့ ကြည့်ပြီး. . .

"သူက မင်းကို အခြောက်လို့ ထင်နေတာလေ၊ သူ့အနားမှာ နေချင်ရင် အခြောက်ပုံစံနဲ့ နေပေါ့"





"ဟေ. . ."

ဒီတစ်ခါ ပါးစပ်ကြီး ပြဲသွားရသူက ပိုင်ပိုင်စိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ
ပုံစံတစ်မျိုးတည်းရှိရမယ်လို့ ဘယ်သူပြောလဲ၊
မင်းအတွက်အချစ်က
ပါးချိုင့်လေးတစ်ခုဖြစ်နိုင်သလို
ငါ့အတွက် အချစ်က
ရေစိုနေတဲ့ ကောင်မလေးရဲ့
နှုတ်ခမ်းတစ်စုံလည်း ဖြစ်နိုင်တာပဲ၊
သေချာတာတစ်ခုကတော့
မင်းရော ငါရော...
ချစ်သူကိုချစ်ကြတယ်ဆိုတာပါပဲ...။



# အခန်း(၁၃)

သက်ထားစံအနားကို သွားပြီး နီးနီးကပ်ကပ် နေချင်ပေမယ့်လည်း တကယ်တမ်းကျတော့ အခြောက်လို ဟန်ဆောင်ရမှာ ပိုင်ပိုင်စိုးကျွတ်ကဲ့နေပါတယ်။ အမှန်အတိုင်း ပြောပြလိုက်ရင်လည်း သက်ထားစံက လက်မခံတဲ့အပြင် မုန်းတောင်မုန်းသွားဦးမယ်။

ဒါနဲ့ ဘာလုပ်ရမှန်းမသိဘဲ အခန်းထဲမှာပဲ ဘူပြီးထိုင်နေမိတယ်။ ခဏနေတော့ အခန်းထဲကို ဝေလွင် အူလျားဖားလျားနဲ့ ပြေးဝင်လာတယ်။ ပိုင်ပိုင်စိုးပခုံးကိုလည်း အားရပါးရ ကိုင်လှုပ်လိုက်ပြီး ဝမ်းသာအားရလေသံကြီးနဲ့. . .



www.burmeseclassic.com

www.burmeseclassic.com



"ငပိုင်. . ငပိုင်. . သဘော်ပေါ်ကို ကောင်မလေးတွေ ရောက်နေပြီကွ၊ ကောင်မလေးတွေ ရောက်နေပြီ"

ပိုင်ပိုင်စိုးတောင် ကြောင်သွားရတယ်။ ဝေလွင့်ပုံစံက ကမ္ဘာဦးလူသား မီးကို စတင်တွေ့လိုက်ရသလိုမျိုး ဟန်မဆောင်နိုင်လောက်အောင်ကို ဖြစ်နေတာပါ။ ကြည့်ရတာ မွေ့ယာပေါ်တောင် ဂွမ်းပစ်တိုးမယ့်အတိုင်းပဲ။

ပိုင်ပိုင်စိုးက အမြင်ကတ်ကတ်နဲ့ ပိတ်ကောပစ်လိုက်တယ်။

"ဘယ်လိုဖြစ်နေတာလဲ ဝေလွင်ရာ၊ မိန်းမ,မမြင်ဖူးတာကျနေတာပဲ"

"ဖြစ်ရမယ်ကွ. . . ဖြစ်ရမယ်၊ မိန်းမ,မမြင်ရတဲ့ ဒီနှစ်ရက်လောက်မှာ ငါ့စိတ်ထဲ နေလိုမီးလို ပူလောင်နေတာကွ"

တော်တော်တရားကျဖို့ကောင်းပါတယ်။

ကိလေသာ ကုန်သွားပေမယ့် တဏှာနဲ့ရမ္မက် အနည်းငယ်ကျန်သေးတဲ့ပုံပဲ။

ဝေလွင်ကပဲ. . .

"ကောင်မလေးတွေက အလန်းတွေချည်းပဲ ဟော့ကောင်၊ အယောက်နှစ်ဆယ်လောက်ရှိမယ်"

"ဘယ်ကဘယ်လို ရောက်လာတာလဲကွ"

"ကံကြမ္မာက ငါတို့အတွက် လက်ဆောင်ပေးပို့လိုက်တာနေမှာပေါ့ကွာ. . ဟဲ. . ဟဲ"

စပ်ဖြီးဖြီးနဲ့ ဝေလွင့်အပြောကို ပိုင်ပိုင်စိုးက. . .

"တော်. . တော်. . ဝေလွင်၊ အခြောက်တွေ မိန်းမလို ဝတ်စား





ပြီး ထွက်နေတာနေမှာ၊ ဒီအရွယ်ကြီးကျမှ ငုတ်စူးပြီး သေရမယ့်အဖြစ်တော့ အဖြစ်မခံနိုင်ဘူး"



"ဟား. . . မင်းလိုက်ကြည့်လိုက်လေ"

ဒီလောက် ရေထဲမှာ ရောက်နေတဲ့ သဘော်ပေါ်ကို ဟတ်စကီးနဲ့ လာမှ ရမယ်"

"ဟား. . ဟား. . ဒါတော့ မင်းမှားသွားပြီ၊ မနေ့ညက ငါသဘော်ကုန်းပတ်ပေါ်မှာ ရှိနေတုန်း ခပ်လှမ်းလှမ်းမှာ မော်တော်တစ်စီးမီးလောင်နေတယ်လို့ ကြားခဲ့တာကွ၊ အဲဒီကလူတွေကို သွားကယ်လာတာလေ၊ ညက ငါတို့ အိပ်ပျော်နေတော့ ဘယ်သိမလဲ၊

ဖြစ်ချင်တော့ ရန်ကုန်က ဒန်ဆာ(Dancer)အဖွဲ့က မော်တော်



www.burmeseclassic.com

www.burmeseclassic.com



တစ်စီးလုံး ငှားပြီး အပျော်ခရီးထွက်လာတာတဲ့လေ၊ အဲဒါ အင်ဂျင်ခန်းမီးလောင်လို့ ဒီသင်္ဘောက သွားကယ်တာနဲ့ ရောက်လာကြတာ"

"ဪ. . . ဒီလိုလား"

"အေး. . . ဒီလိုပဲ၊ အဲဒါကြောင့် ပြောတာ၊ ငါတို့အတွက် လက်ဆောင်လို့"

"ထားစမ်းပါကွာ. . . ငါ ဒီမှာ သက်ထားနဲ့ ပတ်သက်ပြီး ဘာဆက်လုပ်ရမလဲလို့ ဦးနှောက်စားနေတာ"

"ဘာမှ ဦးနှောက်စားမနေနဲ့ ဟေ့ကောင်၊ အခွင့်အရေးဆိုတာ ရတုန်း ယူထားရတယ်၊ ငါပြောသလိုပဲလုပ်၊ နောက်ကိစ္စ နောက်မှ ကြည့်ရှင်းလို့ရတယ်၊ မင်းလည်း သက်ထားစံအနားမှာ နေလို့ရအောင် ငါလည်း ကောင်မလေးတွေအနားကို ကပ်လို့ရအောင်"

လဒက စကားဖြတ်ထားလိုက်သေးတယ်။ ပြီးမှ ချက်ချင်းဆိုသလို အခြောက်ပုံစံ ကန္တဲ့ကလျ လုပ်လိုက်ရင်း. . .

"ပိုင်ပိုင်ကလည်းဟယ်. . . ဒီသင်္ဘောပေါ်မှာ သငယ်မှ မရှိတာ၊ သငယ်မလေးတွေကို ထောင်မယ်လေ၊ အကုန်အစင်ကလေးတွေပဲ"

ပိုင်ပိုင်စိုးက ကြောင်ပြီးကြည့်နေတာမို့ ဝေလွင်က နဖူးကို လက်ညှိုးနဲ့ လာထိုးရင်း. . .

"သွား. . . လူဆိုး၊ ဒီက ပြောနေတာကို မတုန်မလှုပ် ကျောက်ရုပ်ကြီး လုပ်နေတယ်၊ ပစ္စည်းမပါဘူးလားလို့"

ကြည့်နေရင်း ပိုင်ပိုင်စိုး ဝါးလုံးကွဲ ရယ်မိတော့တယ်။ ဒီလိုဆိုတော့လည်း အခြောက်လုပ်ရတာ အလွယ်သားရယ်။





ဝေလွင်က မျက်နှာပြန်တည်လိုက်ပြီး. . .

"ဘယ်လိုလဲ ငပိုင်၊ အဲဒီလောက်ဆို ဖြစ်တယ်မလား၊ အပျော်ပေါ့ကွာ. . . ဘယ်သူသိတာမှတ်လို့"

"အပျော်တော့ အပျော်ပေါ့ကွာ. . ဒါပေမယ့်. . ."

"ဒါပေမယ့် ဘာဖြစ်လဲလို့"

အခြောက်ပုံစံနဲ့ လာမေးနေလို့ ပိုင်ပိုင်စိုးကလည်း မျက်နှာပြောင်ပြီး ပြန်ဖြေလိုက်ပါတယ်။

"အမေက မှာထားတယ်၊ လင်ကုန်ရှုံးရင် တစ်သက်တဲ့၊ များတော့ အပျိုကြီးပဲ လုပ်တော့မယ်"

"ဟားဟားဟားဟား. . . ရပြီ ငပိုင်၊ ကွက်တိပဲ"

ပိုင်ပိုင်စိုး မုဝင်သွားပုံပါ။ ထိုင်ရာကထပြီး ကန္တဲ့ကရနဲ့. . .

"အပျော်ဆိုပေမယ့်ဟယ်. . . တို့တော့ တွေးလိုက်ရင် မြီးညှောင့်ကို တွန့်တွန့်သွားတာပဲ သိလား"

"ဟယ်. . . ကောင်မ"

ခဏနေရင်ပဲ အခန်းထဲက လက်ဝါးရိုက်သံတစ်ခုဟာ ခပ်အုပ်အုပ် ထွက်လာပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

မင်းကိုချစ်တဲ့စိတ်ကြောင့်ပဲ
ငါဟာ ဟန်ဆောင်မှုကို ဖက်တွယ်ခဲ့ပေါ့
ဒါဟာ...
လိမ်လည်မှုတစ်ခုဆိုပေမယ့်
"အချစ်နဲ့စစ်မှာ မတရားတာမရှိ" ဆိုတဲ့
စကားကလည်းရှိတယ် မဟုတ်လား...။

အက္ခရာ
(မလိမ်မိုးမလိမ္မာနေ့ရက်များ...မှ)





## အခန်း(၁၄)

**နောက်** တစ်ခေါက် ပြန်တွေ့တော့လည်း သက်ထားစံက မှတ်မိသလို အရင်ပြုံးပြပါတယ်။ ပိုင်ပိုင်စိုးလည်း မခို့တရို့လေး ပြန်ပြုံးပြလိုက်ရတာပေါ့။

"ပိုင်ပိုင်ပါလား. . . ဘယ်သွားမလို့လဲ"

"တို့လား. . . သက်ထားဆီကို လာတာလေ၊ ဘာလဲ. . . အစကတော့ ခင်တယ်ဆိုပြီး သက်ထားပဲ ပြောခဲ့တာလေ"

"မမေ့ပါဘူး ပိုင်ပိုင်ရယ်၊ သက်ထားလည်း အလုပ်များနေလို့ပါ"

"ကဲ. . . ကြည့်၊ အခုပဲ တို့အနားက ထွက်သွားဦးမလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ပိုင်စိုးကတော့ အပီအပြင်ကို သရုပ်ဆောင်နေပါတော့တယ်။ ပြောရတာကလည်း လျှာက ယားကျိကျိနဲ့။

သက်ထားစံက ပိုင်ပိုင်စိုးကို မျက်စောင်းလေး ထိုးပြီး. . .

"မသွားပါဘူးရှင်. . ကဲ. . ပိုင်ပိုင်က ဘာလုပ်ချင်လို့လဲ"

ပါးပြင်ပေါ် လက်ညှိုးလေး ထောက်ပြီး ငတိက စဉ်းစားတဲ့ အခြောက်ဟန်လေး လုပ်လိုက်သေးတယ်။ ပြီးမှ တစ်လုံးချင်း ပြောလိုက်တယ်။

"အင်း. . . တို့လေ. . သက်ထားနဲ့ မနက်စာ စားချင်တာ သိလား"

"သြော်. . . ဘာများလဲလို့ ပိုင်ပိုင်ရယ်၊ လာလေ. . . တို့ ကျွေးပါ့မယ်"

စကားအဆုံးမှာ ပိုင်ပိုင်စိုးက မျက်လုံးလေး မှိတ်ပြီး ခေါင်းခါလိုက်သေးတယ်။ ပြီးမှ. . .

နွဲ့နွဲ့နှောင်းနှောင်းလေး လုပ်ကာ သက်ထားစံရဲ့ခါးကလေးကို ဖက်ရင်း. . .

"ဟင့်အင်း. . မရဘူး. . မရဘူး၊ တို့ကျွေးတာပဲ သက်ထား စားရမယ်"

သက်ထားစံက သက်ပြင်းချကာ ဖွဖွလေး ပြုံးရင်း. . .

"ကောင်းပါပြီရှင်. . . ကောင်းပါပြီ"

ဒါနဲ့ပဲ စားသောက်ခန်းမထဲကို နှစ်ယောက်သား သွားလိုက်ကြတယ်။ ပိုင်ပိုင်စိုး လမ်းလျှောက်တာတောင် မသိမသာ နွဲ့ထားလိုက်သေးရဲ့။ အတူယှဉ်လျှောက်ရင်း သက်ထားစံရဲ့ကိုယ်သင်းရနံ့လေးက





ပိုင်ပိုင်စိုးရဲ့နှာခေါင်းကို ကလူ၏သို့ မြူ၏သို့နဲ့။ ကိုယ့်ကိုယ်ကို ရင်တွေ ခုန်နေတာ ပိုင်ပိုင်စိုး သတိထားမိပါတယ်။ သူ သက်ထားကိုများ စိတ်ဝင်စားနေပြီလား။

စားသောက်ဆိုင်ထဲ ရောက်တော့ ပိုင်ပိုင်စိုးက. . .

"သက်ထား. . . ဘာစားမလဲ မှာလေ"

"ပိုင်ပိုင်ပဲ မှာလိုက်ပါ. . . ကျွေးမယ့်သူပဲ"

"အို. . . မဟုတ်တာ၊ တို့က ကျွေးချင်လို့ ခေါ်လာတာလေ၊ ပြီးတော့ သက်ထားက ဒီသဘော်ကဆိုတော့ ဘာတွေကောင်းလဲ ပိုသိမှာပေါ့လို့"

သက်ထားစံက ထပ်ပြောမနေဘဲနဲ့ ဝိတ်တာလေး ခေါ်ပြီး မှာနေပါတယ်။ သက်ထားစံက ဝန်ထမ်းဆိုပေမယ့် အပြင်ထွက်ပြီး အလုပ်လုပ်ရတာ မဟုတ်လို့ ယူနီဖောင်း ဝတ်မထားပါဘူး။ ခုလည်း စပို့ရှပ်ကို ဂျင်းစကတ်လေးနဲ့ တွဲဝတ်ထားတာမို့ ကိုရီးယားမင်းသမီးလေးလို လန်းနေပါတယ်။

သက်ထားစံက အစားအသောက်တွေ မှာပြီးတော့ ပိုင်ပိုင်စိုး ဘက်ကို မျက်နှာမူလိုက်တယ်။ မှောပြီးကြည့်နေတဲ့ ပိုင်ပိုင်စိုး မျက်ဝန်းတွေကြောင့်. . .

"ပိုင်ပိုင်. . . ဘာဖြစ်လို့ ဒီလောက်ကြည့်နေတာလဲ"

ပိုင်ပိုင်စိုးက မပွင့်တပွင့်လေး ပြုံးရင်း. . .

"သက်ထားက အရမ်းလှတာပဲနော်၊ အားကျတယ်. . . သိလား"

ခပ်ချွဲချွဲ ပြောလိုက်တဲ့စကားကြောင့် သက်ထားစံက ရှက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နဲ့. . .

"အဲဒီလောက်မဟုတ်ပါဘူး ပိုင်ပိုင်ရယ်၊ အဝတ်အစားကြောင့် နေမှာပါ"

ပိုင်ပိုင်စိုးက ပျာပျာသလဲ. . .

"အို. . . မဟုတ်တာ၊ အဝတ်အစား မပါလည်း သက်ထားက လှမှာပါ"

"အာ. . . ပိုင်ပိုင်ကလည်း ပြောပုံကြီးက. . ."

ပြောရင်း သက်ထားစံမျက်နှာလေး ရဲပဒေါင်းခတ်သွားလေရဲ့။ ပိုင်ပိုင်စိုးစကားကြီးကိုလည်း ကြည့်ဦးလေ။ အဝတ်အစား မပါလည်း လှတယ်ဆိုတော့ ဟိုက ရှက်ပြီပေါ့။

ပိုင်ပိုင်စိုး အတော်လေး အားနာသွားတယ်။ သက်ထားကို သည်း. . .

"သက်ထား. . . ဆောရီးနော်၊ တို့စကားပြော လောသွားတယ်၊ ဟိုလေ. . . ဆိုလိုချင်တာက ဘာဝတ်ဝတ် လှတယ်လို့ပါ"

"ဟိုလေ. . . သက်ထားရဲ့မျက်လုံးထဲမှာ ပိုင်ပိုင်ရော ဘယ်လိုနေလဲဟင်"

"ချောတာပေါ့. . . တကယ့်မိန်းကလေးလိုပဲ"

"အဟင်းဟင်း. . . ပိုင်ပိုင် ယောက်ျားစစ်စစ်ပဲ ဖြစ်ချင်တာ ပါလား"

"ကြိုးစားကြည့်ပေါ့ ပိုင်ပိုင်ရဲ့"

"ယောက်ျားဖြစ်ရင် မချောမှာစိုးလို့လေ၊ ပိုင်ပိုင်က အချော ခလှကို အရမ်းမက်တာ၊ အဲ့ဒါကြောင့် သက်ထားကို မြင်မြင်ချင်း. . .





အဟင်းဟင်း"

"ဟုတ်ပါပြီ. . . တော်ပါတော့"

နှစ်ယောက်သား ရယ်လိုက်ကြတယ်။ ကိုယ်စီရင်ထဲမှာလည်း ရင်းနှီးမှုတွေ ပိုပြီးပျော်ဝင်လာကြသလိုပဲ။

အဲဒီရင်းနှီးမှုတွေအတွက်လည်း ပိုင်ပိုင်စိုးမှာ လိပ်ပြာမလုံချင်ပြန်ဘူး။ ခက်လိုက်တာ။

ထိုင်နေရင်း သက်ထားစံက ငြိမ်သွားလို့ ပိုင်ပိုင်စိုး စကားမရှိ စကားရှာလိုက်တယ်။

"ဒါနဲ့ သက်ထား ဒီမှာ အလုပ်ဝင်တာ ကြာပြီလားဟင်"

"အင်း. . . တစ်နှစ်နီးပါးရှိပြီ ပိုင်ပိုင်ရဲ့"

"ဟုတ်လား. . . ပင်လယ်ထဲပဲ ထွက်နေရတာ မပျင်းဘူးလား"

"အလုပ်ဆိုတော့လည်း ပိုင်ပိုင်ရယ်. . . ဒီလိုပါပဲ၊ ဒါပေမယ့် ဒီတစ်ခေါက် ခရီးစဉ်ကိုတော့ သက်ထား ပျော်တယ် သိလား"

"ဘာဖြစ်လို့. . ."

မူနွဲ့နွဲ့လေး ပြန်မေးလိုက်တာပါ။ သက်ထားက နှုတ်ခမ်းလေး ကွေးညွတ်ရင်း. . .

"ဒီလိုလေ. . . အရင်အခေါက်တွေထက်ဆိုရင် သင်္ဘောပေါ်မှာ သွားရလာရတာ မလွတ်လပ်ဘူးလေ. . . ပြီးတော့. . ."

စကားကို ဖြတ်ထားလိုက်သေးတယ်။ ခုတစ်ခေါက်က အခြောက်တွေချည်းပဲဆိုတော့ လွတ်လပ်တယ်လို့ ဆိုလိုတာပဲဖြစ်မယ်။

"ပြီးတော့ အခုတစ်ခေါက်မှာ ဒီက ပိုင်ပိုင်နဲ့ ခင်ရတယ်လေ"

"တကယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပေါ့ ပိုင်ပိုင်ရဲ့"

ပြောနေရင်း ပိုင်ပိုင်စိုးက မျက်နှာကို ခပ်ညှိုးညှိုးလေး လုပ်လိုက်ပြီးမှ. . .

"သက်ထားက ခုလိုချည်းပဲ ခရီးထွက်နေရတော့ သက်ထားဘဲဘဲက လွမ်းနေမှာပဲနော်"

"အာ. . . ဘယ်က ဘဲဘဲရှိမှာလဲ. . . အဝေးကြီး"

"ယုံပါဘူး. . . သက်ထားက ဒီလောက်လှတာကို"

ဒီစကားကတော့ နှုတ်ခမ်းလေး စူပြီး ပိုင်ပိုင်စိုး ပြောလိုက်တာပါ။ သက်ထားစံက ခပ်လွင်လွင် ရယ်လိုက်သေးတယ်။ ပြီးမှ မျက်လွှာလေး ချပြီး. . .

"တကယ်ပါ ပိုင်ပိုင်ရယ်၊ သက်ထားဘဝမှာ ချစ်သူဆိုတာ တစ်ခါမှ မရှိခဲ့ဖူးပါဘူး"

"တကယ်. . . ဝမ်းသာလိုက်တာ"

"ရှင်. ."

သက်ထားစံ အလန့်တကြားလေး ဖြစ်သွားပုံရတယ်။

ပိုင်ပိုင်စိုးက. . .

"ဩော်. . . ဒီလိုပါ၊ တို့က သက်ထားကို အရမ်းခင်တော့လေ၊ တို့ထက် ခင်ရမယ့်သူ ရှိသွားမှာ ကြောက်တယ် သိလား"

သက်ထားစံက ခေါင်းကလေး ထပ်ငုံ့သွားလေရဲ့။ ပိုင်ပိုင်စိုးကလည်း အကယ်ဒမီရှော့ခ်တွေနဲ့ စွတ်တင်နေပါပြီ။

ခဏနေတော့ တိုးတိုးဖွဖွလေး ထပ်ခေါ်လိုက်တယ်။

"သက်ထား"





"ဟင်. . ."

"တို့ကို အမြဲခင်နေမှာလားဟင်"

"တကယ်ပေါ့ ပိုင်ပိုင်ရဲ့"

"တို့က အခြောက်မ မဟုတ်တော့ဘဲ ယောက်ျားလေး ဖြစ်သွားရင်ကော"

"အင်း. . . ခင်ပြီးမှတော့ ဘာထူးတော့မှာလဲ"

"ဒါဆို ပိုင်ပိုင် ယောက်ျားဖြစ်အောင် ကြိုးစားလို့ ဖြစ်သွားရင် လုံးဝအခင်မင်မပျက်ရဘူးနော်"

"အင်း"

ပိုင်ပိုင်စိုး ဆွေ့ဆွေ့ခုန်အောင် ပျော်ပြီး အခြောက်မှ လွတ်ချင်ချင် ဖြစ်သွားလို့ မနည်းပြန်ထိန်းလိုက်ရတယ်။

"ဟင့်. . . မယုံသေးဘူး"

"ဩော်. . . ယုံပါ ပိုင်ပိုင်ရယ်"

"ကတိနော်"

"အင်းပါ. . ကတိ. . ကတိ"

ပိုင်ပိုင်စိုးက သူ့လက်သန်းလေးကို ကွေးပြီး ရှေ့တိုးပေးလိုက်တယ်။ သက်ထားစံကလည်း ဒါကို သဘောပေါက်ပါတယ်။ သူ့လက်သန်းလေးနဲ့ ချိတ်လိုက်ပြီး လက်မနှစ်ခုကို ထပ်ပူးလိုက်လေရဲ့။ ဒါက အမူအရာနဲ့ ကတိပြုတဲ့ သင်္ကေတလေ။

စားသောက်ပြီးစီးတော့ သက်ထားစံက အလုပ်ထဲ ပြန်ဝင်သွား၊ ပိုင်ပိုင်စိုးလည်း ဘယ်သွားရမှန်းမသိဘဲ ယောင်ချာချာနဲ့ အပေါ်ထပ် ကုန်းပတ်ပေါ် တက်လျှောက်၊



www.burmeseclassic.com

www.burmeseclassic.com



ဟိုငေးဒီငေးနဲ့ လျှောက်လာရင်း တွေ့လိုက်ရတဲ့မြင်ကွင်းကြောင့် မျက်လုံးပါ ပြူးသွားရလေရဲ့။ ဘာဖြစ်ရမှာလဲ။ ဝေလွှင်ဆိုတဲ့ကောင်ပေါ့။ ဒန်ဆာ့ကတဲ့ ကောင်မလေးသုံးယောက် ခြံရံပြီး ဖင်ပုတ်ခေါင်းပုတ်နဲ့ စကားပြောနေတာလေ။ တကယ့်အခြောက်အတိုင်းပဲ။

ပိုင်ပိုင်စိုးကိုလည်း လှမ်းမြင်သွားရော ဝေလွှင်က. . .

“ဟဲ့ကောင်မ ပိုင်ပိုင်. . . ဒါက ဘယ်ကို သဝေထိုးဦးမလို့လဲ”

ဘုရား. . ဘုရား. . အသံက ရုံးပတီသီး အဖေခေါ် ရလောက်အောင် ချွဲပျစ်အီဆိမ့်နေပါလား။

ဒီကောင် ခွင်တည့်နေပြီ ထင်တယ်။

မသိမသာ မျက်စိမှိတ်ပြလာလို့ ပိုင်ပိုင်စိုးကလည်း. . .

တရော်ခေါက် ဝါးထားတဲ့အသံနဲ့. . .

“ပျင်းလို့ပေါ့ဟဲ့ အထောင်မရဲ့”

“ပျင်းရင် လာခဲ့လေ၊ ညီမလေးတွေနဲ့ မိတ်ဆက်ပေးမယ်. . . လာ”

“ဟင်. . . သူများက အခြော်ရကောက် စကားမှ မပြောတတ်တာ. . ဟာပဲဟာ ကို”

“မလေး. . စတွန့်ပြမနေနဲ့. . . လာခဲ့”

ဝေလွှင်က အခြောက်လို ရယ်ရင်း. . .

“ဟင်း. . ဟင်း. . ဒီမှာ ညီမတွေနဲ့လေ အတော်ရကင်းဖော်ကုနေတာ၊ နော်ကင်ရော တော်ကုဦးမလား. . လော်ကာလေ”

“ဟော့အေး. . . မထော်တကုတော့ပါဘူးဟယ်၊ သော်ကွားပြီ”

မနည်းအားယူပြောရင်း ပိုင်ပိုင်စိုး အနိုင်နိုင် လှည့်ထွက်ခဲ့ရ





တယ်။ ခပ်လှမ်းလှမ်းရောက်မှ ရှူထားတဲ့တင်ပါးက ကြွက်သားတွေကို ဖြေလျှော့မိလေရဲ့။

အမင်းနော်. . .

အခြောက်လုပ်ရတာ. . . တကယ်မလွယ်ပါလား. . .

ကျွတ်(စ်). . . ။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးရေ
မင်းကိုချစ်ရတာကလည်း
ဘုန်းကြီးကညာတစ်ပါး
လုံးရာကပြားမယ့်ကိန်းပါလားနော်
(ပြားရာကပြန်လုံးမလာရင်အခက်
အင်း...
ဒုက္ခတော့ရောက်ရချည်ရဲ့)



# အခန်း(၁၅)

"ဟား. . ဟား. . ဟား. . ဟား. . ဟား"

"ဟား. . ဟား. . ဟား. . ဟား"

နှစ်ကောင်သား အခန်းတံခါး ပိတ်ပြီး အူလှိုက်သည်းလှိုက် ရယ်နေကြတာပါ။ အရယ်ရပ်တော့ ဝေလွင်က စပ်ဖြီးဖြီးနဲ့. . .

"အခြောက်က နာမည်သာ ဆိုးတာကွ၊ လုပ်စားရတာ ချောင်တယ်၊ ဟီဟိ. . . ဒန်ဆာအဖွဲ့ထဲက သီရိဆိုတဲ့ကောင်မလေးနဲ့ ငါ အတော်ခင်နေပြီကွ၊ မနက်ကတောင် လိုးရှင်းလိမ်းပေးခဲ့သေးတယ်"

"ဟေ. . . ဘယ်မှာလဲ"

"သူ့အခန်းထဲမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“ဟာ. . . မင်း အဲ့သလောက် အတင့်မရဲနဲ့လေကွာ၊ ဟိုအမူ ဖြစ်သွားရင် အခြောက်ဆိုပြီး ထောင်လျှော့ချမယ် မထင်နဲ့၊ Full ပဲ”

“နေပါဦးကွာ. . . ငါပြောချင်တာက. . ”

“မဟုတ်ဘူး ဝေလွင်၊ မင်းက အတွေ့အကြုံမရှိတော့ ဖွန်းသံခရင်းသံ ထွက်သွားရင် သိမှာပဲ”

တအံ့တသြ ရေရွတ်မိလိုက်တာမို့ ဝေလွင်က လက်ကာပြရင်း. . .

“နေဦး. . အဲဒီလောက်အထင်မကြီးပါနဲ့ကွာ၊ လက်မောင်းလေးပဲ လိမ်းပေးတာပါ”

“သြော်. . ”

ခုမှ သက်ပြင်းကျတော့တယ်။ ဝေလွင်ဆိုတဲ့ကောင်က ပြောလို့ရတာ မဟုတ်ဘူး။ နွားသိုးကြိုးပြတ်လိုကောင်။ တော်ကြာ လိုးရှင်းလိမ်းပေးရင်း ဖီးလ်တွေ တက်ပြီး မတော်တာတွေ လုပ်မိမှဖြင့်. . .

သူ့အတွေးကို ဝေလွင်က ရိပ်မိသွားပုံရတယ်။ ချက်ချင်းပဲ ရှုသိုးသိုးနဲ့. . .

“ဟေ့ကောင်. . . ငါ အဲဒီလို အခွင့်အရေးယူတဲ့ကောင်မျိုး မဟုတ်ဘူးနော်၊ ခုဟာက အခန်းထဲမှာ သီရိရဲ့အခန်းဖော်သူငယ်ချင်းလည်း ရှိတယ်၊ ပြီးတော့ အတင်းလိမ်းခိုင်းလို့ လိမ်းပေးရတာ”

“သြော်. . . ဒါဆို မင်းစိတ်ထဲမှာ ဘာမှမခံစားရဘူးပေါ့ ဟုတ်လား”

မျက်နှာက စပ်ဖြဲဖြဲတော့ ဖြစ်သွားတယ်။ ပြီးမှ သူ့ကိုယ်သူ





မလုံတဲ့အမူအယာနဲ့. . .

“အဟီး. . . အဲလိုကြီးကျတော့လည်း စိတ်ထဲ သရိုးသရီတော့ ဖြစ်တာပေါ့ကွာ၊ သီရိက တော်တော်လှတာကွ၊ ဒါပေမယ့်. . . ”

“ဒါပေမယ့် ဘာဖြစ်လဲ”

“ဟိုကွာ. . . သူတို့ဒန်ဆာအဖွဲ့မှာ အုပ်ချုပ်ရေးမှူးဆိုတဲ့ အပျိုကြီးတစ်ယောက် ပါလာတယ်ကွ၊ သူ့ရဲ့ကြည့်ပုံတွေက ငါ့အပေါ် သိပ်မသင်္ကာတာ အမှန်ပဲ”

“အေး. . . မရိပ်မိအောင်တော့ သတိထားပေါ့ကွာ”

ပြောသာပြောလိုက်ရတယ်။ ကိုယ့်ကိုယ်ကိုလည်း စိတ်ထဲမှာ လေးသွားတာ အမှန်ပဲ။ သက်ထားစံများ အဖြစ်မှန်ကို ရိပ်မိသွားရင်တော့ အကုန်လုံး ဂိုးပြီ။

ဒါပေမယ့်လည်း ယောကျာ်းဖြစ်အောင် ကြိုးစားမယ်လို့ ပြောထားတော့ တော်သေးတယ်။ ယောကျာ်းဖြစ်လည်း ခင်မှာပဲတဲ့. . . အဟိဟိ. . အင်း။

တွေးရင်း သက်ပြင်းသာ တွင်တွင်ချမိတော့တယ်။

ငြိမ်နေတဲ့ဝေလွင်က. . .

“ငါ အခု အခြောက်တွေနဲ့ ပေါင်းမှ သတိထားတာ ရှိတယ်ကွ”

“ဟင်. . . ဘာလဲ”

“ဒီလိုကွာ. . အရွယ်ရောက်ပြီး ပေတေနေတဲ့ယောကျာ်းလေးတွေ၊ လက်ကြောမတင်းတဲ့ မိန်းကလေးတွေသာ ရှိမယ်၊ အခြောက်တွေထဲမှာ ကိုးဆယ်ရာခိုင်နှုန်းလောက်ဟာ အလုပ်လုပ်ကြတယ်ကွ၊ ပြီးတော့ လေးစားစရာက သူတို့ ကျေနပ်စွာ ခံယူထားတဲ့ဘဝထဲမှာ နေပြီး



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်နေကြတာပဲ၊

ဥပမာ ဒေသအသီးသီးမှာ အလှဖန်တီးရှင်တို့၊ ဒီဇိုင်နာတို့ ဆိုတာ သူတို့ပဲ အအောင်မြင်ဆုံး မဟုတ်လား"

"အေးကွ. . . ဒါတော့ ဟုတ်တယ်"

ပိုင်ပိုင်စိုး လေးလေးနက်နက် ထောက်ခံလိုက်တာပါ။ ဟုတ်လည်း ဟုတ်တယ်လေ။ ကိုယ့်ပတ်ဝန်းကျင်မှာလည်း အောင်မြင်နေတဲ့အခြောက်တွေကို တွေ့နေရတာကိုး။ ခုလို ဂလိုဘယ်လိုက်ဇေးရှင်း ခေတ်မှာတော့ အခြောက်တွေကို အမြင်တစ်မျိုးနဲ့ မကြည့်ကြတော့ သလို တချို့အခြောက်တွေလည်း ရင်ကော့ခေါင်းမော့နေနိုင်ပါပြီ။








ဒါဟာလည်း လေးစားသင့်တဲ့အချက်တစ်ချက်ပါ။

ပိုင်ပိုင်စိုး စဉ်းစားနေတုန်းမှာပဲ ဝေလွင်က. . .

"ဘာတွေစဉ်းစားနေတာလဲကွ"

"ဩော်. . . အခြောက်တွေအကြောင်းပါ"

"ဘာလဲ. . . မင်းလည်း ဒီဇိုင်နာသင်တန်း တက်ပြီး အောင်မြင်တဲ့ မာမီရှိန်း စီးပွားရေးလိုင်း ဝင်တော့မလို့လား"

"တောင်ပြုန်းလောက်ပဲ အပျင်းပြေ. . . ဟာ. . . ဘာတွေ လျှောက်မေးနေတာလဲကွာ. . ဖွ. . ဟဲ့. . ဖွတ်"

ဝေလွင်က မျက်ခုံးလေး ပင့်လိုက်ရင်း. . .

"ဟဲ့ မကြီးပိုင်. . . လုပ်မနေနဲ့၊ အပြင်ထွက်ရအောင်၊ ရယ်ဒီဝမ်း. . တူး. . သရီး. . ကဒ်"

"အေးပါ. . . ညည်းကလည်း. . သွားစို့"

ခဏနေတော့ အဲဒီအခန်းထဲကပဲ ကန့်ကလျနဲ့ အခြောက်မနှစ်ယောက် အပြင်ထွက်သွားပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

လောကဆိုတာ

မာယာများတယ်လေ

ကိုယ်ကျရာအတ်ရုပ်မှာ

ပီပြင်မှ အကယ်ဒမီရမှာပေါ့





# အခန်း(၁၆)

ဒီလိုနဲ့ တစ်ရက်နှစ်ရက်အတွင်းမှာပဲ သက်ထားစံနဲ့ ပိုင်ပိုင်စိုးရဲ့ဆက်ဆံရေးက ပိုပြီးတိုးတက်လာပါတယ်။ ဝေလွှင်ဆိုလည်း ဟိုဒန်ဆာကောင်မလေးတွေနဲ့ တရှုံးရှုံးပေ့ါ။

ဒီကြားထဲ ဖြစ်ချင်တော့ ဝေလွှင်နဲ့ပိုင်ပိုင်စိုးအခန်းထဲမှာ ရှိနေတုန်း တံခါးခေါက်သံ ကြားလိုက်ရတယ်။ ဝေလွှင်က ထပြီးဖွင့်ပေးလိုက်တယ်။ တစ်ဆက်တည်း မျက်လုံးပြူးထွက်သွားလေရဲ့။

တွေ့လိုက်ရတာက ဒန်ဆာအဖွဲ့ကို အုပ်ချုပ်နေတယ်ဆိုတဲ့ အပျိုကြီးပါ။ ဝေလွှင်က ချက်ချင်းပဲ အမူအရာပြောင်းသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . မမပါလား၊ ဘာကိစ္စရှိလို့လဲဟင်"

အပျိုကြီးက မျက်မှောင်ကြုံ့ပြီး ကြည့်တယ်။ အခန်းထဲကို လည်း ပိုင်စိုးပိုင်နင်း ဝင်လာပြီး ခုံတစ်ခုံမှာ ဝင်ထိုင်လိုက်တယ်။

ဝေလွင်ကိုလည်း စေ့စေ့ကြည့်ရင်း. . .

"ဒီမှာ. . . မင်း သိရိကို ကြိုက်နေတာလား"

ဝေလွင်က ပျာပျာသလဲပဲ. . .

"အို. . . မမကလည်း မဟုတ်တာ"

အပျိုကြီးက မခိုးမခန့်နဲ့ ရယ်လိုက်သေးတယ်။ ပြီးမှ. . .

"ဒီမှာ. . . ငါ အခြောက်တွေနဲ့ နှစ်အတော်များများ နေဖူးတယ်"

"အဲ့ဒါ သူများနဲ့ ဘာဆိုင်လို့လဲ"

"အေး. . . ငါ ရှင်းရှင်းပဲ ပြောမယ်၊ မင်း အခြောက်လုံးဝမဟုတ်ဘူး"

"ဗျာ. ."

ဒီတစ်ခါတော့ ဝေလွင် ဗျာခနဲ ထွက်သွားရပါတယ်။ ဘေးက ပိုင်ပိုင်စိုးလည်း ပျာသွားရတယ်။

ဝေလွင်က အထစ်အထစ်နဲ့. . .

"ခင်. . ခင်ဗျား. . တကယ်သိနေတယ်၊ ဟုတ်. . ဟုတ်လား"

"သိတာပေါ့. . . အခြောက်အင်္ဂါခြောက်ပါးရှိတယ်၊ မင်းက နှစ်ပါးတောင် မပြည့်တဲ့အခြောက်ပဲလေ"

"ဗျာ"

"မဗျာနဲ့. . . လုပ်စားချင်ရင် မှတ်ထား၊ အခြောက်ဆိုတာ





အနုနဲ့အရင့်ကို ရောမွှေထားတဲ့စိတ်နဲ့ လုပ်စားနေတာ

(၁) စကားသံက လျှာဖျားခတ်သံ ထွက်ရမယ်

(၂) လမ်းလျှောက်ရင် မိန်းမတွေထက် ပိုနွဲ့ရမယ်

(၃) ပျော့ပျောင်းတဲ့လက်နဲ့ ဆုပ်ကိုင်မှု မြဲရမယ်"

ပြောရင်း အပျိုကြီးမမက လက်ဟန်ပြလိုက်လို့ ဝေလွင် ပေါင်ကလေး လိမ်ပြီး နောက်ဆုတ်သွားတယ်။

"(၄) တင်ကို နောက်ပစ်ထားဖို့က အိမ်သာတက်တာတောင် မလွတ်ဘူး. . .

(၅) အခြောက်မှန်ရင် အသက်မွေးမှုပညာတစ်ခု အပိုင်တတ်ရမယ်. . .

(၆) ငွေကို ရေလို သုံးနိုင်တယ်

ကဲ. . . မင်းတို့မှာ ဘယ်နှစ်ချက် ကိုက်ညီမှုရှိလဲ၊ ဟွန်း. . . လာမဘတ်နဲ့၊ လုပ်စားနေတာကြာပြီ. . . သိရဲ့လား"

ပြောရင်း အပျိုကြီးပုံစံက တစ်မျိုးဖြစ်လာတယ်။ ဝေလွင်ကို လည်း ရွှန်းရွှန်းစားစား ကြည့်ရင်း. . .

"ဒီအကြောင်းတွေ ဘယ်သူ့ကိုမှ မသိစေချင်ရင် အထူးသဖြင့် သိရိကို မသိစေချင်ရင်ပေါ့၊ မမနဲ့မောင်လေး ညှိလို့ရတယ် သိလား"

ဘုရား. . ဘုရား. . ပြောင်ပြောင်တင်းတင်းကို ဖြစ်လာပါပေါ့ လား။ ဝေလွင်က မျက်နှာအပျက်ပျက်နဲ့. . .

"ဘယ်. . ဘယ်လိုညှိရမှာလဲဟင်"

"အဟင်း. . . ပြောပြမှာပေါ့ကွာ၊ မောင်လေး. . . မမအခန်း ကို သိတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်. . ဟုတ်ကဲ့"

"သိရင် ဒီညနေလေးနာရီ မမအခန်းထဲကပဲ စောင့်နေမယ်၊ မင်း အပေးအယူ လုပ်ချင်ရင် လာခဲ့ပေါ့၊ မဟုတ်ရင်တော့. . . ဟင်း. . ဟင်း. . ပေါက်ပါတယ်နော်"

"ဗျာ. . ."

ဝေလွင် ကြက်သီးဖြန်းဖြန်းထသွားရတယ်။ အပျိုကြီးကတော့ အဓိပ္ပါယ်ပါပါကို ကြည့်ရင်း ထွက်သွားပါပြီ။ ဝေလွင်လည်း ကုတင်ပေါ်မှာ ခြေပစ်လက်ပစ် လှဲချလိုက်လေရဲ့။

"သွားပါပြီကွာ. . . ကွိုင်တော့ အကြီးအကျယ် တက်ပါပြီ"

ဝေလွင့်အဖြစ်ကို ကြည့်ရင်း ပိုင်ပိုင်စိုး စိတ်လည်းညစ် ရယ်လည်း ရယ်ချင်သွားသည်။ ဘယ်လိုကူညီရမှန်းတော့ မသိဘူး။

"ဝေလွင်. . . အဲ့ဒီအပျိုကြီးဆိုတာကြီးကလည်း ဟိုဟာကြီး ထင်တယ်နော်၊ မင်းသွားရင် ကားလိမ့်မယ်"

"ငါသိတယ်. . . အခြောက်အရင့်စားကြီးကွ၊ ဗိုး. . . သေသာ သေလိုက်ချင်တော့တယ်"

ခဏနေတော့မှ ဝေလွင်က ဆုံးဖြတ်လိုက်ဟန်နဲ့. . .

"ဖြစ်ချင်တာဖြစ်ကွာ. . . ငါ သွားတွေ့ပြီး ရှင်းလိုက်မယ်၊ သိရိသိသွားလို့ မုန်းသွားလည်း ဂရုမစိုက်တော့ဘူး"

"စဉ်းတော့ စဉ်းစားပါဦးကွာ၊ မင်းအကြောင်းတွေ သိသွားရင် ငါလည်း သွားပြီနော်၊ ငါနဲ့သက်ထားတို့က. . ."

စကားကို ဖြတ်ထားလိုက်ပေမယ့် ဝေလွင် သဘောပေါက်ပါတယ်။ နည်းနည်းလည်း တွေဝေသွားတယ်။





ပြီးမှ ခပ်လေးလေး ပြောတယ်။

"အေးပါကွာ. . . ငါ အကောင်းဆုံးဖြစ်အောင် လုပ်ပါ့မယ်"

နှစ်ယောက်သား စကားဆက်မပြောဖြစ်ဘဲ အခန်းထဲမှာပဲ ထိုင်နေမိကြတယ်။ ညနေရောက်မှ ဝေလွင်က စဉ်းစားထားပြီးသားပုံစံနဲ့ ထွက်သွားလေရဲ့။

ပိုင်ပိုင်စိုးလည်း သက်ထားစံဆီ ထွက်လာခဲ့တယ်။ စတိုမှာ သွားစုံစမ်းတော့ သူလာရင် စားသောက်ခန်းမဆီကို လာခဲ့ပါလို့ မှာထားခဲ့တယ်တဲ့လေ။

ဒါနဲ့ပဲ စားသောက်ခန်းမဆီကို ထွက်လာခဲ့တယ်။ ရောက်တော့ အမြဲတမ်း ပန်းကလေးလို လန်းနေတဲ့ သက်ထားစံကို တွေ့လိုက်ရပါတယ်။

သက်ထားစံကပဲ နှစ်လိုဖွယ်အပြုံးလေးနဲ့. . .

"လာလေ ပိုင်ပိုင်၊ ဒီနေ့ တို့က ဂျူတီအော့ဖ်မို့ စောစောထွက်လာခဲ့တာ"

ပိုင်ပိုင်စိုး အသာပဲ ဝင်ထိုင်လိုက်တယ်။ သက်ထားစံက ပိုင်ပိုင်စိုးကို အကဲခတ်ပြီး. . .

"ပိုင်ပိုင်. . မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်လို့လဲ"

ခပ်နွမ်းနွမ်းလေး ပြုံးပြရင်း ပိုင်ပိုင်စိုးက. .

"ဘာမှမဖြစ်ပါဘူး. . . ဒီညနေဆိုရင် သင်္ဘောက ကျွန်းပေါ် ရောက်တော့မယ်နော်၊ အဲဒီမှာ တစ်ရက်နေပြီးရင် ပြန်ရတော့မှာလေ၊ သက်ထားနဲ့ နောက် တွေ့ရတော့မှာ မဟုတ်ဘူးနော်"

သက်ထားစံရဲ့မျက်နှာလေးလည်း ညှိုးသွားတယ်။ ပြီးမှ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်ပြင်လိုက်ရင်း. . .

"ဩော်. . . ပိုင်ပိုင်ကလည်း၊ လူချင်းမတွေ့ရလည်း ဖုန်းဆက်လို့ ရသားပဲဥစ္စာ၊ ဖုန်းနံပါတ်တွေလည်း နှစ်ယောက်စလုံး သိထားပြီးပြီပဲ"

ပိုင်ပိုင်စိုးက သက်ပြင်းဖွဖွချကာ. . .

"သက်ထား"

"ဟင်. ."

"ဟိုလေ. . . ယောကျ်ားတစ်ယောက်ဖြစ်အောင် ကြိုးစားနေတယ် သိလား၊ အခု ဝိတ်မ,တယ်၊ ဒိုက်ထိုးတယ်၊ ကရာတေး ကစားတယ်၊ တရားထိုင်တယ်၊ မကြာခင် ယောကျ်ားဖြစ်မယ်လို့လည်း ယုံကြည်တယ်၊ အဲ့သလို ဖြစ်လာရင် သက်ထားက ရှိန်ပြီး မခေါ်တော့မှာလည်း ကြောက်မိတယ်၊ မုန်းသွားမလားဆိုတဲ့အတွေးက ခြောက်အိပ်မက်ပဲ သက်ထားရယ်. . . သိလား"

ရင်ထဲက လာတဲ့စကားတွေကို ပိုင်ပိုင်စိုး ပြောလိုက်တာပါ။

သက်ထားစံ ရင်ထဲမှာလည်း မမုန်းပါဘူး ပိုင်ပိုင်ရယ်၊ တို့နှစ်ယောက်ကြားက အမှားအယွင်းဆိုတာ ပိုင်ပိုင် အခုလိုဘဝထဲကို ရောက်နေတာ တစ်ခုတည်းပါလို့ မြည်တမ်းနေမိတယ်။

သူမရင်ထဲမှာလည်း ပိုင်ပိုင်စိုးအပေါ် မပြောပြတတ်တဲ့ သံယောဇဉ်တစ်မျိုးနဲ့ ငြိတွယ်နေပါပြီ။ အဲဒီအတွက် မချင့်မရဲဖြစ်ရသလို ဘယ်သူ့ကို ဒေါသထွက်ရမှန်းလည်း မသိဘူး။

စဉ်းစားနေတုန်းမှာပဲ. . .

"သက်ထား. . . ဘာတွေစဉ်းစားနေတာလဲဟင်၊ တို့ မေးတာ





လည်း မဖြေဘူး"

သက်ထားစံ သတိဝင်လာပြီး. . .

"ဩော်. . . အင်း. . . ဘာလို့ မုန်းရမှာလဲ ပိုင်ပိုင်ရယ်၊ ပိုင်ပိုင်ကို တို့ချစ်ပါတယ်"

"အို. . ."

ဒီစကားဟာ သက်ထားစံရင်ထဲက အမှန်တရားဖြစ်ပြီး ပိုင်ပိုင်စိုးကတော့ သူ့ရဲ့လက်ရှိအခြောက်ဘဝကို ချစ်တယ်လို့ပဲ နားလည်လိုက်ပါတယ်။

အဲ့ဒါကြောင့်. . .

"သက်ထား. . . တို့ကို တကယ်ချစ်တာပါနော်၊ အခြောက်ဖြစ်ဖြစ် ယောကျ်ားဖြစ်ဖြစ်နော်. . . ဟုတ်တယ်နော်လို့"

"အင်းပါ ပိုင်ပိုင်ရဲ့"

နှစ်ယောက်သား အတော်ကြာ စူးစိုက်ကြည့်နေမိသေးတယ်။ ခဏနေမှ သက်ထားစံက. . .

"ပိုင်ပိုင်. . ."

"ဘာလဲ သက်ထား"

သက်ထားစံက ခေါင်းလေး ခါရင်း. . .

"ဘာမှမဟုတ်တော့ပါဘူး. . ဩော်. . စားစရာတွေ မှာရအောင်နော်"

"အင်း. . . အင်း"

အမှန်တော့ သက်ထားစံက ပိုင်ပိုင်စိုးကို ဒီဘဝကို ဘယ်လို ရောက်လာတာလဲလို့ မေးဖို့ ကြိုးစားလိုက်တာပါ။ ဒါပေမယ့် ပိုင်ပိုင်စိုးကို



www.burmeseclassic.com

www.burmeseclassic.com



အားနာလို့ မြို့သိပ်လိုက်ပါတယ်။

စားသောက်ပြီးစီးတော့ သက်ထားစံကပဲ. . .

"ကဲ. . . ပိုင်ပိုင်၊ မနက်ဖြန် ကျွန်းပေါ် ရောက်ရင် ပိုင်ပိုင်ကို သာယာတဲ့နေရာလေးတွေ လိုက်ပို့မယ်. . . သိလား"

"အင်း. . . ကျေးဇူးပဲ"

ခံစားချက် တူညီပေမယ့်လည်း အနေအထားမတူတဲ့ အသိတွေနဲ့ လမ်းခွဲခဲ့ကြတယ်။ အခန်းထဲ ပြန်ရောက်တဲ့အထိ ပိုင်ပိုင်စိုးရင်ထဲမှာ မွန်းဝေနေမိသေးရဲ့။

ညနက်တဲ့အထိကို အိပ်မပျော်နိုင်သေးဘူး။ ညတစ်နာရီထိုးတဲ့အထိ ဝေလွင်ပေါ်မလာတော့ တံခါးကို လော့ခ်ချပြီး ပိုင်ပိုင်စိုး အိပ်ပစ်လိုက်ပါတယ်။

အဲဒီအချိန် ဝေလွင်တစ်ယောက်မှာတော့. . .





## အခန်း(၁၇)

အခန်းတံခါးကို တဒုန်းဒုန်း လာထုနေလို့ အိပ်ချင်မူးတူးနဲ့ ပိုင်ပိုင်စိုး တံခါးသွားဖွင့်ပေးလိုက်တယ်။ ဆံပင်တွေ ပွယောင်းယောင်းဖြစ်နေပြီ။ မျက်နှာအပျက်ကြီးပျက်နေတဲ့ ဝေလွင်ကို တွေ့လိုက်ရရဲ့။

ဝေလွင်က အခန်းထဲ ပြေးဝင်လာပြီး ငိုသံကြီးနဲ့. . .

"ငါ. . ငါ့ဘဝတော့ သွားပါပြီကွာ. . . အဟီး"

ပိုင်ပိုင်စိုး လန့်သွားရတယ်။ ဒီကောင် ပြဿနာတက်လာပြီဆိုတာ သေချာတယ်လေ။

"ငါသတိပေးထားရက်နဲ့ ဝေလွင်ရာ၊ မင်းက အတွေ့အကြုံ



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး၊ ဖွန်းခရင်းသံ ထွက်နိုင်တယ်လို့ ပြောထားရက်နဲ့”

“ဟာ. . . အဲ့ဒါ မဟုတ်ဘူးကွ. . ဟီး. . အီး”

“ဟာ. . ဝေလွင်. . ပြောစမ်းပါကွာ၊ ဘာဖြစ်လာတာလဲ”

ပခုံးကို လှုပ်ရင်း ပိုင်ပိုင်စိုး မေးလိုက်တယ်။ အဲဒီတော့မှ ဝေလွင်က. . .

“ငါ မနေ့ညက ဟိုအပျိုကြီးဆီကို သွားတယ်ကွာ၊ သူက ငါနဲ့ ပတ်သက်ချင်တာကွ၊ ငါလည်း သီရိကို ပြောချင်ပြောလိုက်တော့ဆိုပြီး ထွက်လာခဲ့တာ”

“အဲဒီတော့. . . ”

“ထွက်လာတော့ ကုန်းပတ်မှာ အေမီတို့နဲ့ တွေ့တယ်၊ ငါ့ကို လည်း ဘီယာသောက်ရင်း ကာရာအိုကေဆိုဖို့ ခေါ်တယ်၊ ငါလည်း စိတ်ညစ်ညစ်နဲ့ လိုက်သွားမိတယ်၊ ဟိုမှာ ဘယ်လောက်သောက်ဖြစ် သွားလဲ မသိဘူး၊ မနက်နိုးလာတော့ အေမီအခန်းထဲကို ရောက်နေတာ ကွ”

“အဲဒါများ. . . ဘာဖြစ်လဲကွာ၊ မင်းကိုလည်း သူတို့လို အခြောက်လို့ ထင်နေတာပဲဥစ္စာ”

“မဟုတ်သေးဘူး ငပိုင်ရာ၊ မနက်အိပ်ယာက နိုးတော့ အေမီ က ပြောတယ်၊ သူက အခြောက်လို ဟန်ဆောင်နေတာတဲ့၊ ငါ့ကိုလည်း ကျေးဇူးတင်ပါတယ်လို့ ပြောတာ”

“ဟင်. . . ”

“ဟုတ်တယ် သူငယ်ချင်း၊ ပထမတော့ သူပြောတာ ငါနားမ လည်ဘူး၊ သူ အခန်းထဲက ထွက်သွားတော့မှ ငါ့ကိုယ်ပေါ်က စောင်ကို





ဆွဲခွာလိုက်တာ. . ငါ့. . ငါ့အောက်ပိုင်းမှာ ဘာမှဝတ်မထားဘူး. . . အဟီး”

“ဟေ. . . ”






www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၈)

**ကျွန်း**ပေါ် လျှောက်ကြည့်ရင်း သာယာတဲ့နေရာလေးတွေကို သက်ထားစံက လိုက်ပြတယ်။ ရင်ထဲမှာ ကြည်နူးမိပေမယ့် ဝေလွင့်အကြောင်းကို စဉ်းစားမိတိုင်း စိတ်ထဲ ကြက်သီးထမိတယ်။ ဒီကောင်လည်း အခန်းထဲကကို အပြင်မထွက်တော့ဘူး။ ရှက်လို့တဲ့လေ။

လျှောက်ကြည့်ရင်း တစ်နေရာမှာ ထိုင်ဖို့ သက်ထားစံက ပြောလာတယ်။ ပိုင်ပိုင်စိုးကိုလည်း. . .

"ပိုင်ပိုင်. . . သက်ထားနဲ့ သွားရတာ မပျော်ဘူးလားဟင်"

"ပျော်တာပေါ့ သက်ထားရယ်၊ တို့ဘဝမှာ ဒီအကြောင်းတွေကို





ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး"

"ဖြစ်နိုင်ရင် ရန်ကုန်ပြန်မလိုက်တော့ဘဲ ဒီမှာပဲ သက်ထားနဲ့ နေခဲ့ချင်တော့တယ်"

"အင်း. . . သက်ထားရောပဲ"

နှစ်ယောက်သား ဖွဖွပြုံးမိကြတယ်။

ပိုင်ပိုင်စိုးက. . .

"ကိုးကိုးကျွန်းက သာယာသားပဲနော်၊ ရန်ကုန်နဲ့ ဘယ်လောက်ဝေးလဲ မသိဘူး"

သက်ထားစံက အဝေးကို ငေးရင်း. . .

"ကိုးကိုးကျွန်းက ရန်ကုန်ရဲ့အနောက်တောင်ဘက် ရေမိုင် (၂၆၀) ဝေးတယ်၊ (၁၉၇၄)ခုနှစ်မှ မြို့အဆင့် သတ်မှတ်ခဲ့တာလေ၊ ဒီမှာရှိတဲ့ အကျဉ်းစခန်းဆိုတာက (၁၉၉၈-၅၉)မှ စတင်ခဲ့တာ"

"သက်ထားက ဒါတွေလည်း သိသားပဲ"

"အမြဲတမ်း သွားနေရတော့လည်း လေ့လာထားတဲ့သဘောပါ၊ ပြောရဦးမယ်. . . ပိုင်ပိုင်လည်း ဗဟုသုတ ရတာပေါ့"

"အင်း. . . ပြောလေ"

သက်ထားစံက တစ်ချက်စဉ်းစားလိုက်ပြီးမှ. . .

"ခု သက်ထားတို့ ရောက်နေတဲ့ ကိုးကိုးကြီးကျွန်းက (၃၃၀၃) ဧက ကျယ်တယ်၊ ဒီကျွန်းရဲ့မနီးမဝေးမှာ တခြားကျွန်းလေးတွေ ရှိသေးတယ် ပိုင်ပိုင်ရဲ့"

"ဟင်. . . ဟုတ်လား"

"ဟုတ်တယ်. . . အဲ့ဒါတွေကတော့ ကိုးကိုးလေးကျွန်း၊ ဖိနပ်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်း၊ စားပွဲကျွန်းလို့ ခေါ်တဲ့ မဂ်လာကျွန်း၊ ကြွက်ကျွန်း၊ လွယ်ရီကျွန်း၊ ပါလီပါလဲ့ကျွန်း၊ ငှက်သိုက်ကျွန်း၊ အုန်းပင်ကျွန်း၊ ဇီးဖြူကျွန်း၊ ဆင်ကျွန်းနဲ့ လူခေါင်းကျွန်းတဲ့"

"ဟယ်. . . သက်ထားက တော်လိုက်တာ"

သက်ထားစံက ဘာမှမပြောဘဲ ပြုံးနေပါတယ်။ အဝေးကို အတန်ကြာ ငေးရီနေပြီးမှ သက်ပြင်းဖွဖွချရင်း. . .

"ကဲ. . . ပိုင်ပိုင် ထမင်းစားချိန်နီးပြီ၊ ပြန်ရအောင်"

"ခဏလေး. . . သက်ထား"

"ဟင်. . . ဘာလုပ်မလို့လဲ"

အဲဒီတော့မှ ပိုင်စိုးက သူ့ဟန်းဖုန်းကို ထုတ်လိုက်တယ်။ ပြီး. . .

"သက်ထားနဲ့တို့နဲ့ ဓါတ်ပုံရိုက်ရအောင်နော်"

သက်ထားစံက မျက်ခုံးလေး ပင့်ရင်း ခေါင်းညိတ်ပြလိုက်တယ်။ ပြီး ပိုင်ပိုင်စိုးက သူ့မျက်နှာကို သက်ထားစံမျက်နှာနား ကပ်လိုက်ပြီး ဟန်းဖုန်းနဲ့ ဓါတ်ပုံရိုက်လိုက်တယ်။

"ဒီပုံလေးကို တို့ ဘယ်တော့မှ မဖျက်ဘူး သိလား"

"ပိုင်ပိုင်ကလည်း ပိုလိုက်တာ"

ရှက်စနိုးနဲ့ ပြောရင်း သက်ထားစံက ထရပ်လိုက်တယ်။ အဲဒီမှာပဲ စီးလာတဲ့ဒေါက်ဖိနပ်က ခဲလုံးကို နင်းမိပြီး. . .

"အမေ့. ."

"ဟာ. ."

ဟန်ချက်ပျက်သွားတဲ့ သက်ထားစံကို ပိုင်ပိုင်စိုး လှမ်းထိန်း





လိုက်ရတယ်။ ယိုင်ပြီးပြိုလဲလာတဲ့ ခန္ဓာကိုယ်လေးဟာ ပိုင်ပိုင်စိုး ရင်ခွင်ထဲကို အတိအကျ ရောက်သွားလေရဲ့။ ဒါတင်မကသေးဘူး။ ရှက်ရှက်နဲ့ မော့ကြည့်လိုက်တဲ့ သက်ထားစံမျက်နှာနုနုဟာ ငုံ့ကြည့်လိုက်တဲ့ ပိုင်ပိုင်စိုးနှာခေါင်းဖျားနဲ့ မိတ်ဆက်သွားပါတယ်။

"အို. . ."

"ဟာ. . ဆောရီး. . သက်ထား"

သက်ထားစံ မျက်နှာလေး ရဲပြီး ဘာပြောရမှန်းမသိဘဲ ကတုန်ကယင်ဖြစ်သွားတော့တယ်။ အခြောက်ဆိုပေမယ့်လည်း ပိုင်ပိုင်စိုးက တကယ်ဆို ယောကျ်ားလေးလေ။ တစ်ခါမှ အနမ်းမခံရဖူးတဲ့ပါးလေးကို ယောင်ပြီး ပွတ်လိုက်မိရဲ့။

သက်ထားစံ ရင်တွေ တုန်နေသလို ပိုင်ပိုင်စိုးလည်း ရင်ခုန်သံ တဒိုင်းဒိုင်းနဲ့ ခေါင်းကို ငုံ့ထားမိတယ်။

အဲ့ဒီအခိုက်မှာပဲ သက်ထားက တုန်ခါတိုးညှင်းတဲ့အသံနဲ့. . .

"ပိုင်ပိုင်. . . ပိုင်ပိုင့်စကားသံတွေက. . သိပ်. . သိပ် မနွဲ့တော့ဘူး နော်"

"ဟုတ်လား. . . ကိုယ်တောင် သတိမထားမိဘူး. . .

ပြီး. . ပြီးတော့ ပိုင်ပိုင့်ဆီမှာ ယောကျ်ားတစ်ယောက်ရဲ့ ခံစားမှုတွေ ဖြစ်နေတယ်"

"ဟင်"

ဒီတော့ သူမကို ဖက်ထားမိတဲ့လက်တွေ လွှတ်ပစ်ပြီး လူချင်း ခွာပစ်လိုက်တယ်။ ကိုယ့်ဘာသာလည်း သိလိုက်တယ်မဟုတ်လား။

တောက်. . . မျက်နှာပူလိုက်တာကွာ



www.burmeseclassic.com

www.burmeseclassic.com



ခဏနေမှ သက်ထားစံက လှုပ်ရှားနေတဲ့စိတ်ကို ထိန်းပြီး စကားကို ဖော့ပြောလိုက်တယ်။

"ကဲပါ ပိုင်ပိုင်ရယ် . . . မတော်မဆပဲဟာ၊ တောင်းပန်ဖို့ မလိုပါဘူး၊ လာ . . . သွားရအောင်"

ပိုင်ပိုင်စိုး ပင့်သက်ကို ရှိုက်ပြီး . . .

"တို့ . . တို့လေ . . သက်ထားကို ချစ်တယ် သိလား"

ဒီစကားကို သက်ထားစံက တစ်မျိုးနားလည်သွားပုံ ရပါတယ်။ ပိုင်ပိုင်စိုးကို ခပ်အေးအေးပဲ ပြန်ပြောလိုက်တယ်။

"အင်းပါ . . . ပိုင်ပိုင် ဘယ်လိုချစ်တယ်ဆိုတာ သက်ထားသိပါတယ်"

စကားအဆုံးမှာတော့ ပိုင်ပိုင်စိုးရင်ထဲကို လေးလံမှုတွေက ချက်ချင်းဖိစီးလိုက်ပါတော့တယ်။





## အခန်း(၁၉)

ကျွန်းပေါ်က မပြန်ခင်ညမှာပဲ သင်္ဘောပေါ်မှာ ပျော်ပွဲရွှင်ပွဲတွေ လုပ်ပါတယ်။ ဒန်ဆာအဖွဲ့တွေက 'က' ပေးကြသလို အခြောက်တွေ သီချင်းဆိုမယ့်အစီအစဉ်တွေလည်း ပါပါတယ်။ ရှိသမျှ လူတွေအားလုံး ပျော်ရွှင်နေကြရဲ့။

ပိုင်ပိုင်စိုးလည်း သက်ထားစံအနားမှာ ထိုင်ရင်း လွတ်လပ်တက်ကြွနေကြတဲ့လူတွေကို ငေးနေမိတယ်။ ဝေလွင်ကတော့ သူ့ဘဝသူ ဘယ်လိုတရားရသွားလဲ မသိဘူး။ အခြောက်တွေနဲ့ပဲ လုံးထွေးစားသောက်နေလေရဲ့။

ခုလည်း ထိုင်နေရင်း ဘေးက သက်ထားစံက စကားစလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ပိုင်ပိုင် သီချင်းတက်ဆိုပါလားဟင်"

"အာ. . . သက်ထားကလည်း"

ပြောရင်း ငတိက ရှက်တက်တက် အမူအရာလေးတောင် လုပ်ပြလိုက်သေးရဲ့။ သက်ထားစံက မျက်လုံးလေး စွေကြည့်ပြီး. . .

"ဆိုရမယ်ကွာ. . . မဆိုချင်ရင်က"

ပိုင်ပိုင်စိုး ကြံရာမရ ဖြစ်နေပါတော့တယ်။ အဲဒီအချိန်မှာပဲ သက်ထားစံက ဘာကိုတွေးမိတယ် မသိပါဘူး။ ပိုင်ပိုင်စိုးလက်ကို ဆွဲလိုက်ရင်း. . .

"လာ. . လာ. . သက်ထား စီစဉ်ပေးမယ်"

မပြောမဆို ဆွဲခေါ်သွားပါတော့တယ်။ ပိုင်ပိုင်စိုးလည်း ကော့ပတ်ကော့ပတ်နဲ့ ပါသွားတော့တာပေါ့။ ပြီးမှ မျက်လုံးပြူးရတော့တယ်။ သက်ထားစံက သူ့အခန်းကို ခေါ်သွားတာပါ။ အခန်းထဲရောက်တော့ ပိုင်ပိုင်စိုး ရင်တွေ တုန်နေတယ်။

သက်ထားစံက သူ့ဗီဒိုထဲက ဂါဝန်အကောင်းစားတစ်ထည်ကို ရွေးယူလိုက်ရင်း. . .

"ရော့. . . ပိုင်ပိုင် ဒါလေးဝတ်ပြီးက၊ ပိုမိုက်သွားအောင်"

ပေးလာတဲ့ဂါဝန်ကို ကြည့်ပြီး ပိုင်ပိုင်စိုး ကြောင်နေတယ်။ စင်ပေါ် တက်ကရမယ်ဆိုတာ လွယ်တာမဟုတ်ဘူး။ ပြီးတော့ တစ်ခါမှ မဝတ်ဖူးတဲ့ဂါဝန်ကြီးနဲ့။

သက်ထားစံကတော့ မျက်လုံးတောက်တောက်ကလေးတွေနဲ့ မျှော်လင့်တကြီး ကြည့်နေတယ်။

ပိုင်ပိုင်စိုးလည်း သက်ပြင်းချလိုက်ပြီး. . .





"သက်. . သက်ထားက တကယ် ကစေချင်တာလား"

"အင်းပေါ့. . . ဂါဝန်ဝတ်လိုက်လေ၊ သက်ထား ဟိုဘက် လှည့်နေပေးမယ်"

"ဖြစ်ပါ့မလား သက်ထားရာ၊ ကိုယ်က အခု အခြောက်မဟုတ် ယောက်ျားမဟုတ်နဲ့ ဖြစ်နေပြီ"

"အို. . . ခဏလေးပဲဟာ၊ ပိုင်ပိုင့်ကို မိန်းမဘဝ ပီပီပြင်ပြင်နဲ့ မြင်ဖူးထားချင်လို့ ဝတ်လိုက်ပါဆို"

သက်ထားစံ တစ်ဖက်လှည့်သွားတာတောင် ချီတုံချတုံ ဖြစ်နေရသေးတယ်။ မိန်းမတစ်ယောက်ရှေ့မှာ အဝတ်အစားလဲဖို့ ဆိုတာ ရှက်လည်းရှက်ပါရဲ့။

နောက်တော့ မထူးတော့ပါဘူးဆိုပြီး အဝတ်အစားတွေ ချွတ်ပြီး ဂါဝန်ကို ဝတ်လိုက်တယ်။ ကိုယ့်ကိုယ်ကို ငုံ့ကြည့်ရင်း ရှိန်းတိမ်း ဖိန်းတိမ်းကြီးနဲ့ပေါ့။

"ရ. . ရပြီ သက်ထား"

မပွင့်တပွင့်လေး ပြောလိုက်တော့ သက်ထားစံက လှည့်ကြည့်ပြီး လက်ခုပ်တီးလိုက်တယ်။

"လှလိုက်တာ ပိုင်ပိုင်ရယ်၊ အဲ. . . ခဏနေဦး"

ပြောပြောဆိုဆိုပဲ သက်ထားစံက သူ့မိတ်ကပ်ဘောက်စ်ကို ဖွင့်ပြီး ပိုင်ပိုင်စိုးရဲ့မျက်နှာပေါ်မှာ လိမ်းခြယ်ပေးပြန်တယ်။ မျက်နှာချင်း နီးကပ်လွန်းနေတော့ သက်ထားစံရဲ့နှာသီးဖျားကလေးဟာ ပိုင်ပိုင်စိုး ပါးပြင်ပေါ် လာထိတွေ့နေတယ်။ သက်ထားရဲ့ကိုယ်သင်းရနံ့ကလည်း ပိုင်ပိုင်စိုးကို မရိုးနိုင်အောင် သွေးဆူစေတာ အမှန်ပဲ။ ရင်ခုန်သံကို



www.burmeseclassic.com

www.burmeseclassic.com



ထိန်းချုပ်ထားရတာ ဘယ်လောက်ပင်ပန်းမှန်း သူ တကယ်လက်တွေ့ သိလာရတယ်။

အဲ့ဒါကြောင့် သက်ထားရဲ့ခါးလေးကို ဆွဲယူပြီး. . .

"သက်ထား ဘယ်လိုပဲပြင်ပြင် ကိုယ် မိန်းမစိတ် ပြန်ရမှာ မဟုတ်တော့ဘူး သက်ထား"

"အို. . . ပိုင်ပိုင်ကလည်း လွှတ်ပါ၊ ဒီမှာ တန်းလန်းကြီး"

"ဟင်. . . ဘယ်မှာလဲ"

ပိုင်ပိုင် တကယ်လန့်သွားတယ်။ ဂါဝန်ကြီးနဲ့ဆိုတော့ ပိုလန့်တယ် မဟုတ်လား။ ဒါပေမယ့် သက်ထား ရှက်ရယ်,ရယ်ရင်း. . .

"ဒီမှာ မိတ်ကပ်ပြင်တာကို ပြောနေတာ"

"ဟူး. . . တော်ပါသေးရဲ့၊ ကိုယ်တကယ်လန့်သွားတာ"

"အခစ်ခစ်ခစ်"

ဖီးလိမ်းပြင်ဆင်ပြီးသွားတော့ သက်ထားစံက ပိုင်ပိုင်စိုးလက်ကို ဆွဲပြီး ခန်းမထဲ ပြန်ခေါ်လာတယ်။ နဂိုက မိန်းမချော,ချောတဲ့အပြင် ခုလို ဝတ်စားလိုက်တော့ တကယ့်အခြောက်တွေတောင် ရင်သပ်ရှုမော ဖြစ်နေကြလေရဲ့။ ဝေလွှင်ဆို လှမ်းကြည့်ရင်း ပါးစပ်ကြီး ပြဲလို့။

သက်ထားစံက စက်ဆရာကို သွားကပ်ပြောလိုက်တယ်။ ပြီး ပိုင်ပိုင်စိုးကို စင်ပေါ် တွန်းတင်ပေးလိုက်လေရဲ့။

စင်ပေါ် ရောက်တော့ ပိုင်ပိုင်စိုး ဒူးတွေ တုန်နေပါတယ်။ ဒါတောင် ဂါဝန်အရှည်ကြီး ဖြစ်နေလို့။ ဘာလုပ်ရမှန်းမသိဘဲ အောက်က ပရိသတ်တွေကို လက်အုပ်လေး ချီပြလိုက်မိတယ်။

ခဏနေရင်ပဲ ဆောင်းဘောက်စ်သီချင်းသံဟာ မြူးမြူးကြွကြွ





ထွက်ပေါ်လာတော့တယ်။

"ကမ်းခြေ. . ကမ်းခြေနားကို. . အပန်းဖြေ. . မင်းရောက်သွားတော့"

ခုတလော နာမည်ကြီးနေတဲ့ အဆိုတော် ဝိုင်းစုခိုင်သိန်းရဲ့ သီချင်းပါ။ ပိုင်ပိုင်စိုးလည်း အောက်က သက်ထားစံကို ကြည့်လိုက်တယ်။ သက်ထားစံက လက်မလေး ထောင်ပြတယ်။

ဟယ်. . . မထူးတော့ပါဘူးဆိုပြီး စိတ်ကို သွင်းရင်း ပိုင်ပိုင်ထိုးကလိုက်တယ်။ လက်ခုပ်သံတွေဆိုတာ ဝေါခနဲပဲ။

ခဏနေတော့လည်း စည်းချက်ညီညီ ကရင်းနဲ့ ကရတာ လမိုင်းကပ်လာပါတယ်။ တတ်သလောက် မှတ်သလောက်နဲ့ပဲ ပိုင်ပိုင်စိုး အားရပါးရ ကနေမိတော့တယ်။

သီချင်းလည်း ဆုံးရော၊ လက်ခုပ်သံတွေ ထပ်ထွက်လာကြတယ်။ ဘာပဲပြောပြော ရင်ထဲမှာ အားတစ်ခု စီးဝင်ပြီး ကြည်နူးသွားမိတာ အမှန်ပဲ။

စင်ပေါ်က ဆင်းပြီး သက်ထားစံဆီ သွားဖို့ ခြေလှမ်းပြင်လိုက်တယ်။ အဲဒီအချိန်မှာပဲ. . .

"မောင်. ."

ရင်းနှီးတဲ့ခေါ်သံကြောင့် ဆတ်ခနဲ လှည့်ကြည့်မိလိုက်တယ်။

"ဟင်. ."



www.burmeseclassic.com

www.burmeseclassic.com

နောက်ရည်းစားနဲ့ ကြည်နူးဖို့ကြိုတင်နှိုး
အရင်ရည်းစားရောက်လာတာကရော
ကံဆိုးမှုတစ်ခုပဲလား
(ဘာပဲပြောပြော feel ငုပ်သွားတာတော့အမှန်ပဲဗျာ)





## အခန်း(၂၀)

မိုးဦးမေကို မမျှော်လင့်ဘဲ တွေ့လိုက်ရလို့ ပိုင်ပိုင်စိုး ကြက်သေ,သေသွားရတာ အမှန်ပါ။

မိုးဦးမေက တအံ့တသြပုံစံနဲ့. . .

"မောင်. . မောင်. . ဘယ်လိုဖြစ်နေတာလဲ"

ဘယ်လိုမှ ကြံရာမရဘဲ မိုးဦးမေလက်ကို ဆွဲပြီး ကုန်းပတ်ကို ခေါ်သွားလိုက်တယ်။ ရောက်တော့. . .

"မိုး. . မိုးဦးက ဘယ်လိုရောက်လာတာလဲ"

မိုးဦးမေမျက်နှာလေးဟာ အိုစာသွားတယ်။ မျက်လွှာလေးကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ချရင်း. . .

"မောင့်နောက်ကို လိုက်လာတာပါ. . . တောင်းပန်ချင်လို့"

"ဟင်. . "

"ဟုတ်တယ် မောင်. . . ဘာမှမဟုတ်တဲ့ မောင့်ရဲ့အားနည်းချက်ကို အကြောင်းပြပြီး မိုးဦးမောင့်ကို ဖြတ်ခဲ့တာ၊

ဒါ. . ဒါပေမယ့် မောင်ရယ်. . မိုးဦး တခြားတစ်ယောက်ကို ဘယ်လိုမှ ချစ်လို့မရဘူးဆိုတာ သိလာရတယ်၊ အရမ်းလည်း ခံစားရတယ်၊ ခု မောင်ဆီကို လိုက်လာတာ မောင့်ကို တောင်းပန်ချင်လို့ မောင် ခွင့်လွှတ်တယ်ဆိုရင် အမြန်ဆုံး လက်ထပ်ကြမယ်လေ၊ ခွင့်လွှတ်တယ် မဟုတ်လားဟင်"

ပိုင်ပိုင်စိုး ငိုင်သွားတယ်။ ပါးစပ်ကလည်း. . .

"မိုးဦးကို မောင် အရင်ကတည်းက အပြစ်မတင်ခဲ့တာပါ။ ဒါပေမယ့်. . ."

"ဝမ်းသာလိုက်တာ မောင်ရယ်၊ ဘာဒါပေမယ့်မှ လုပ်မနေနဲ့၊ ဒါ. . ဒါနဲ့. . ဒီအဝတ်အစားတွေက. ."

ကိုယ့်ကိုယ်ကို ငုံ့ကြည့်ရင်း ပိုင်ပိုင်စိုးက. . .

"ဒါက အပျော်ဆိုပြီး ကနေတာ"

မိုးဦးမေက စေ့စေ့ကြည့်ရင်း. . .

"ကဲ. . . မောင် အဝတ်အစားတွေ လဲပြီး သင်္ဘောပေါ်က ဆင်းလာခဲ့၊ မိုးဦးက မော်တော်စင်းလုံးငှားပြီး မောင့်ဆီ လိုက်လာခဲ့တာ၊ ခုပဲ ပြန်ကြရအောင်နော်၊ မိုးဦးအောက်က စောင့်နေမယ်၊ မော်တော်နာမည်က(. . . )တဲ့၊ အမြန်ဆုံး လာခဲ့နော်"





ပြောချင်တာတွေ ပြောပြီး မိုးဦးမေ လှည့်ထွက်သွားပါတယ်။ ပိုင်ပိုင်စိုး ငိုင်တွေပြီး ကျန်ခဲ့ရတယ်။

သူပြန်လိုက်သွားရမလား။ ဒီမှာလည်း သက်ထားကို ချစ်နေမိပြီ။ ခုလို ဆိုပြန်တော့လည်း မိုးဦးကိုလည်း မေ့လို့မရသေးတာ အမှန်ပဲ။ အိပ်မက်ဟောင်းတွေဟာ နိုးကြွလာကြတယ်။

အဲဒီအချိန်မှာပဲ. . .

"ပိုင်ပိုင်စိုး"

စူးရှတဲ့ခေါ်သံနဲ့အတူ လှည့်ကြည့်လိုက်တော့ မျက်ဝန်းထဲမှာ မီးညွှန့်တွေနဲ့ သက်ထားစံကို တွေ့လိုက်ရတော့တယ်။

"သက်. . သက်ထား"

"မခေါ်နဲ့"

သက်ထားစံရဲ့မျက်နှာဟာ အရှက်နဲ့ခံပြင်းမှုတွေ ရောပြီး နီရဲတင်းမာနေတယ်။

"ကျွန်မကို ဒီထက်ပိုပြီး မလှည့်စားပါနဲ့တော့ ပိုင်ပိုင်၊ ကျွန်မ အားလုံးကြားပြီးပါပြီ၊ ဒီသင်္ဘောက အပျော်စီးသင်္ဘောဆိုတာ ဟုတ်ပါတယ်၊ ဒါပေမယ့် သင်္ဘောဝန်ထမ်းအမျိုးသမီးတွေက အပျော်မယ် မဟုတ်ဘူး ပိုင်ပိုင်၊ ရှင့်မှာ ဒီလိုအနှောင်အဖွဲ့တွေ ရှိနေရင် ကျွန်မကို. . ဟင့်. . အင့်"

စကားသံတွေဟာ မြားလို ရင်ထဲကို ထုတ်ချင်းဖောက် ဝင်လာကြတယ်။ ပိုင်ပိုင်စိုးက တောင်းပန်တဲ့အကြည့်နဲ့. . .

"မဟုတ်. . မဟုတ်ဘူး သက်ထား၊ ကိုယ်ရှင်းပြပါရစေ၊ သက်ထားအနားမှာ ကိုယ်နေချင်လို့ ခုလိုလုပ်ခဲ့တာပါ၊ ခွင့်ပြောဖို့



www.burmeseclassic.com

www.burmeseclassic.com



အကြိမ်ကြိမ် ကြိုးစားပေမယ့် သက်ထားစိတ်ဆိုးပြီး မုန်းသွားမှာလည်း ကြောက်တယ်၊ ကိုယ့်ကို ခွင့်လွှတ်ပါနော်"

"ရှင်က လူလိမ်လူညာပဲ၊ ဒါနဲ့တောင်မှ ကျွန်မဆီက ခွင့်လွှတ်ဖို့ တောင်းခံရဲသေးတယ်ပေါ့"

"တဆိတ် ကျေးဇူးပြုပြီး ကိုယ့်စကားကို ဆုံးအောင်နားထောင်ပေးပါဦး သက်ထားရယ်၊ ပြီးမှ သက်ထား ကြိုက်သလို ဆုံးဖြတ်ပါ။ မိုးဦးမေဆိုတဲ့ ကောင်မလေးနဲ့ ကိုယ်နဲ့ ချစ်သူဖြစ်ခဲ့တယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် ကိုယ်တို့ မပတ်သက်တော့တာ ကြာပါပြီ၊ ကိုယ့်အပေါ်မှာ နားလည်မှု မပေးနိုင်တဲ့ မိန်းမတစ်ယောက်ကိုလည်း ကိုယ်မေ့ထားခဲ့တာ ကြာပါပြီ၊ ကိုယ့်နှလုံးသားကို ပြန်လည်သန့်စင်နေချိန်မှာပဲ သက်ထားကို ကိုယ်တွေ့ခဲ့တာပါ၊ သက်ထားကို ကိုယ်တွေ့ခဲ့ခြင်းကပဲ ကိုယ့်ဘဝရဲ့အဓိပ္ပါယ်စစ်စစ်ကို ရှာတွေ့သွားသလို ကိုယ်ခံစားခဲ့ရတာပါ၊ သက်ထားကို ကိုယ်ချစ်တယ်၊ အဲဒါ ယောကျ်ားတစ်ယောက်အနေနဲ့ အတည်တံ့ဆုံး စကားတစ်ခွန်းပဲဆိုတာ သက်ထား ယုံပါ"

ပြောပြီး သူ သက်ထားမျက်နှာလေးကို သေသေချာချာပင် စိုက်ကြည့်ပစ်လိုက်တယ်။ သူမရဲ့မျက်ဝန်းတွေထဲကနေ သူမရဲ့ နှလုံးသားကို ထွင်းဖောက်မြင်ရလောက်တဲ့အထိပေါ့။ ဒါပေမယ့် သူ့အကြည့်ကြောင့် သက်ထားကလည်း မျက်လုံးကို လွှဲဖယ်သွားခြင်း မရှိပါဘူး။ သူ့ကို ခပ်တည်တည်ပဲ ပြန်ကြည့်ပါတယ်။ ကြည့်ရင်းကြည့်ရင်း သူမမျက်ဝန်းအိမ်မှာ မျက်ရည်ဥတွေ တွဲခိုလို့လာတာ တွေ့ရတယ်။

"သက်ထား နားလည်ပါတယ် ပိုင်ပိုင်ရယ်၊ သက်ထား ပိုင်ပိုင်ကို နားလည်သလို မိုးဦးမေကိုလည်း နားလည်တယ်၊ သူ့ခမျာ ဒီအထိ





တောင် လိုက်လာပြီးမှ ပိုင်ပိုင်က တို့နဲ့ နေခဲ့မယ်ဆိုရင် သူ ဘယ်လို ခံစားရမလဲ၊ နောက်ပြီး သူက ပိုင်ပိုင်ရဲ့အရင်ချစ်သူလေ၊ ပိုင်ပိုင်တို့ ချစ်ခဲ့ဖူးကြတယ်လေ၊ အဲဒီတော့ ပြန်ချစ်ဖို့ဆိုတာ မခဲယဉ်းပါဘူး ပိုင်ပိုင်ရယ်၊ ပိုင်ပိုင် သူ့ဆီကိုပဲ ပြန်သွားလိုက်ပါနော်၊ ပြီးတော့. . . ပြီးတော့လေ. . သက်ထားကို လုံးဝမေ့လိုက်ပါတော့ ပိုင်ပိုင်ရယ်"

သက်ထား စိတ်ထဲကနေပြီးတော့ပဲ စကားတွေ ပြောနေမိတယ်။ ဒီစကားတွေကို ပိုင်ပိုင်မသိပါဘူး။ ဝဲတက်လာတဲ့မျက်ရည်တွေကို မျက်တောင်ခတ်သိမ်းရင်း. . .

သက်ထားစံဟာ ခက်ထန်နေတဲ့မျက်နှာလေးနဲ့ပဲ ရှေ့ကို တိုးလာတယ်။ ပိုင်ပိုင်စိုးမျက်နှာကိုလည်း စူးစိုက်ကြည့်ရင်း. . .

"ရှင့်အတွက် ကျွန်မရဲ့အဖြေကတော့. . ."

စကားအဆုံးမှာပဲ သက်ထားစံရဲ့လက်တစ်ဖက်ဟာ လေပေါ် မြောက်တက်သွားတယ်။ ပါးပြင်ပေါ်က နာကျင်မှုနဲ့အတူ သူ တစ်ဘဝစာ နာကျင်ရတော့မယ်ဆိုတာ ပိုင်ပိုင်စိုး ရိပ်မိလိုက်ပါတော့တယ်။

သက်ထားစံဟာ သူ့ရှေ့ကတင်မကဘဲ သူ့ဘဝထဲကပါ ထွက်ခွာသွားတော့မယ်ထင်ရဲ့။

ချစ်ခြင်းတရားတစ်ခုအတွက် ရိုးသားစွာ လိမ်ခဲ့မိတဲ့ မုသားဖြူဖြူနဲ့ လူတစ်ယောက်ရဲ့အဆုံးသတ်ဟာ လူလိမ်လူညာတဲ့လားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



မင်းအချစ်နဲ့ ငါ့အချစ်
တန်းတူညှိဖို့
အခုလို မှသားဖြူဖြူသုံးရတာ
ငါ့ကိုကြည်ဖြူပါ ကောင်မလေးရယ်...။



# အခန်း(၂၁)

အဲဒီအဖြစ်တွေကို ဝေလွင်မသိသေးပါဘူး။ အခန်းထဲပြန်ရောက်မှပဲ မရှိတော့တဲ့ ပိုင်ပိုင်စိုးအဝတ်အစားတွေအစား စာတစ်စောင်ပဲ တွေ့လိုက်ရတယ်။ စာဖတ်အပြီးမှ ဝေလွင် အားလုံးသိရပါတော့တယ်။

ကိုယ့်အကြောင်းကိုယ်လည်း ပြန်မစဉ်းစားချင်တော့ လောက်အောင် ရှက်ရွံ့နာကျည်းနေမိတယ်။

ဒါနဲ့ပဲ ကုန်းပတ်ပေါ်ကနေ ပင်လယ်ဆီကို ငေးနေမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခဏနေတော့ မွှေးရနံ့လေးနဲ့အတူ. . .

"ကိုဝေလွင်. . ."

"ဟင်. . . သီရိ"

သီရိက ဝေလွင့်ကို မကြည့်ဘဲ. . .

"သမီးအားလုံးသိပြီးသွားပါပြီ ကိုဝေလွင်"

ဝေလွင် ရှက်အမ်းသွားရတယ်။ ချက်ချင်းပဲ အားနာဟန်နဲ့. . .

"ဆောရီးပါ သီရိရယ်. . ကိုယ်. . ကိုယ်. ."

"သမီးနားလည်ပါတယ်၊ ဒါနဲ့ သမီးကို ပြောချင်တဲ့စကား ရှိသေးလားဟင်"

ဝေလွင် ခေါင်းအသာခါပြလိုက်တယ်။

သီရိကို ချစ်တယ်လို့ ပြောဖို့ လိပ်ပြာမလုံချင်တော့ဘူး။

ဟိုအိပ်မက်ဆိုးကြီးကပဲ ခြောက်လှန့်နေတယ်။

သီရိက သက်ပြင်းချပြီး. . .

"သမီးသဘောပေါက်ပါပြီ၊ ရော့. . . ကိုဝေလွင်၊ ရန်ကုန်ရောက်လို့ သတိရရင် ဖုန်းဆက်ပေါ့"

လိပ်စာကဒ်ကလေးကို ကိုင်ပြီး ဝေလွင် ငိုင်နေမိတယ်။

အဲဒီအချိန်မှာပဲ. . .

"ဝေလွင်. ."

လှည့်ကြည့်လိုက်တော့ အေမီ။ စိတ်ရောကိုယ်ပါ ဝေလွင် ရှက်ရွံ့ပူနွေးသွားရတယ်။

"ဘာကိစ္စလဲ အေမီ"





"ဩော်. . . ခုနက ကောင်မလေးက လှတယ်နော်၊ ဝေလွင့်ချစ်သူလား"

ဝေလွင် တအံ့တသြ ကြည့်မိတယ်။

အေမီကပဲ. . .

"ဝေလွင် အခြောက်မဟုတ်မှန်း အေမီ အစောကြီးကတည်းက သိပါတယ်၊ မူးပြီး အေမီအခန်းထဲမှာ အိပ်တဲ့နေ့ကလည်း ဘာမှ မဖြစ်ခဲ့ပါဘူး၊ ဝေလွင်ကို အေမီ နောက်ခဲ့တာပါ"

"ဟင်. . . တကယ်"

"တကယ်ပေါ့. . . ခု ဝေလွင် အဲ့ဒါကြောင့် စိတ်ညစ်နေတာ သိလို့ လာပြောတာ"

"ဟာ. . . ဝမ်းသာလိုက်တာ"

ပြောရင်း အေမီကိုတောင် ဖက်နမ်းလိုက်သေးတယ်။

အေမီက. . .

"အာ. . . ဒီလူကြီးကလည်း၊ သွား. . . လူဆိုး၊ ဟိုကောင်မလေးဆီ သွားတော့. . ."

ခုမှ ဝေလွင် သတိဝင်လာတယ်။

"ဟုတ်တယ်. . . သီရိဆီ သွားရမယ်၊ ရန်ကုန်အထိ မစောင့်နိုင်တော့ဘူး"

လွတ်လပ်ပျော်ရွှင်မှုတွေနဲ့အတူ ဝေလွင် ပြေးထွက်သွားတယ်။

ရယ်မောရင်း ကျန်ခဲ့တဲ့ အေမီအတွေးထဲမှာတော့. . .

"အခြောက်မတွေမှာလည်း ချစ်တတ်တဲ့နှလုံးသား ရှိတယ်ဆိုတာ ဝေလွင် သတိမထားမိဘူး မဟုတ်လားဟင်၊ ကံဆိုးမတွေရဲ့ဘဝက



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်သိမ်းမကောင်းမှန်း သိလို့ ဝေလွင့်ရဲ့ဖြူစင်မှုကို မထိမတို့ရက်တာပါဟယ်"





## အခန်း(၂၂)

ရန်ကုန်ပြန်ရောက်ပြီး နောက်တစ်ပတ်လောက်မှာပဲ မိုးဦးမေက လက်ထပ်ဖို့ကိစ္စကို စီစဉ်ပါတော့တယ်။ ညည့်ခံပွဲ မလုပ်ခင် သူတို့ခရစ်ယာန်ဘာသာထုံးစံအတိုင်း ဘုရားကျောင်းမှာ လက်ထပ်ရမှာပါ။

ခုကျမှပဲ ပိုင်ပိုင်စိုး စိတ်တွေ လေးနေမိတယ်။ မိုးဦးမေနဲ့ လက်ထပ်ရမှာကို ဘာလို့ မပျော်ရွှင်နိုင်ရတာလဲ။

တွေးရင်းနဲ့ သက်ထားစံကို ပြင်းပြင်းရှရှ သတိရလာမိတယ်။ ဒါပေမယ့် အကုန်လွန်ကုန်ပြီလေ။ မိုးဦးမေကတော့ အတော်ပါက်ကြွနေတာ အမှန်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်တွေဟာ အိပ်မက်ဆိုရင် ကောင်းမှာပဲလို့ ပိုင်ပိုင်စိုး တွေးမိပါတယ်။ ခုတော့ အားလုံးနောက်ကျခဲ့ရပါပြီ။

ဒီလိုနဲ့. . .

ဘုရားကျောင်းမှာ လက်ထပ်ရမယ့်နေ့ကို ရောက်လာပါတော့တယ်။ မိုးဦးမေဟာ အလှကြီးလှနေသလို ပိုင်ပိုင်စိုးလည်း အနောက်တိုင်းဝတ်စုံနဲ့ သန့်ခန့်နေလေရဲ့။

ငြိမ်နေတဲ့ ပိုင်ပိုင်စိုးကို မိုးဦးမေက. . .

"မောင်. . . လက်ထပ်ရမှာ မပျော်ဘူးလားဟင်"

"ပျော်ပါတယ်"

"ဟင်း. . . မောင့်အသံက အသက်မပါသလိုပဲ"

ဘာမှပြောမနေတော့ပါဘူး။ သက်ပြင်းပဲ ခိုးချလိုက်မိတယ်။

"မောင်. . ခဏနေဦး. . မေမေ့ကို ပြောစရာရှိလို့"

မိုးဦးမေ ထွက်သွားပြီး မရှေးမနှောင်းမှာပဲ. . .

"ငပိုင်. ."

"ဟင်. . . ငလွှင်"

ဝေလွှင်နဲ့ သူ့ကောင်မလေးကို တွေ့လိုက်ရတယ်။

ဝေလွှင်က. . .

"မင်းစိတ်ညစ်နေပြီမဟုတ်လား ငပိုင်၊ တစ်ခုခုကို ပြတ်သားလိုက်စမ်းပါ"

"ဒါ. . ဘာလုပ်လို့ ရတော့မှာလဲ"

"ဟေ့ကောင်. . . မင်းက မိုးဦးမေတို့ရဲ့ကြွယ်ဝမှုကို တပ်မက်နေတာလား၊ မင်း သက်ထားစံအပေါ်. . . "





"တော်ပါတော့ကွာ. . ငါ. . ငါ သက်ထားကို သိပ်ချစ်ပါတယ် ဒါပေမယ့်. . "

ဝေလွှင်က ခပ်တင်းတင်းကြည့်ပြီး. . .

"တော်တော့. . . ငါလည်း အဲဒါကိုပဲ သိချင်တာ၊ လာ. . . သီရိ သွားမယ်"

ဝေလွှင်တို့အတွဲ လှည့်ထွက်သွားတယ်။ နောက်ထပ် နာရီဝက်လောက်အကြာမှာတော့ ပိုင်ပိုင်စိုးနဲ့မိုးဦးမေကို ခရစ်ယာန်ဘုန်းကြီးက လက်ထပ်ပေးနေပါပြီ။

ဘုန်းကြီးက. . .

"ဒီမင်္ဂလာပွဲကို ကန့်ကွက်မယ့်သူ ရှိပါသလား"

စကားအဆုံးမှာပဲ. . .

"ကန့်ကွက်ပါတယ်"

"ဟင်. ."

"အို. ."

ကန့်ကွက်တဲ့အသံဟာ တစ်ယောက်တည်းက ပြောတဲ့အသံ မဟုတ်ပါဘူး။ အုပ်စုလိုက်ကြီး အော်လိုက်တာပါ။

ကြည့်လိုက်တော့ ဝေလွှင်အပါအဝင် အခြောက်အုပ်စုကြီးကို တွေ့လိုက်ရတယ်။

အေမီက ရှေ့ကို ထွက်ပြီး ပိုင်ပိုင်စိုးကို ကြည့်တယ်။ ပြီး မျက်ရည်တွေ ဝိုင်းလာရင်းနဲ့. . .

"ပိုင်ပိုင်တို့တွေဘဝက မိန်းမယူလို့မရဘူးလေ၊ အို. . . ညည်းလည်း သိပါတယ်၊ ကိုယ့်ဘဝထဲကိုယ် ပြန်လာခဲ့ပါ ပိုင်ပိုင်ရယ်. . .



www.burmeseclassic.com

www.burmeseclassic.com



နော်"

ကျန်တဲ့အခြောက်တွေကလည်း. . .

"ပိုင်ပိုင် သစ္စာမဖောက်ပါနဲ့"

"လုပ်ရက်လိုက်တာ ပိုင်ရယ်"

အဲဒီအသံတွေတင် မဟုတ်ဘူး။ ပရိသတ်ထဲကပါ တီးတိုး ဝေဖန်သံတွေ ထပ်ထွက်လာတော့တယ်။

"ဟာ. . . အခြောက်ကြီးဆိုပါလား"

"ဟင်. . . မြင်နေရတာတော့ အစိုကြီးပါ"

"အလိုလေး. . . သူဌေးကြီးသမီးတော့ လူညွန့်တုံးတော့မှာပါလား"

"လူကို မဖြစ်နိုင်တာ"

"ဒုက္ခပါပဲနော်"

"လုပ်ကြပါဦးဗျို့. . . အခြောက်ကြီးတဲ့ဗျို့"

ပိုင်ပိုင်စိုးလည်း ဘာလုပ်ရမှန်းမသိဖြစ်နေတုန်း မိုးဦးမေ အဖေကြီးအနား ရောက်လာလေရဲ့။ သူ့သမီးလက်ကို ဒေါသတကြီး ဆွဲရင်း. . .

"လာစမ်း. . သမီး. . ဒီလိုကောင်မျိုး ဒီလိုအချိန်သိတာ နင် အရမ်းကြီး ကံကောင်းတယ်မှတ်"

မိုးဦးမေ ကန့်လန့်ကန့်လန့်နဲ့ ပါသွားချိန်မှာပဲ အခြောက်တွေ ပြေးဝင်လာ၊ ပိုင်ပိုင်စိုးကို ပွေ့ချီပြီး အပြင်ကို ခေါ်ထုတ်သွား၊ ရှုပ်ကုန်ပြီ။

ပရိသတ်တွေလည်း ရီရခက် ငိုရခက်နဲ့ ဘာလုပ်ရမှန်းကို မသိကြတော့ဘူး။





ခုမှပဲ ပိုင်ပိုင်စိုး အနေအထားကို သဘောပေါက်ပါတော့တယ်။ ဒါဟာ ဝေလွင့်ရဲ့အကြံ ဆိုတာကိုပါ စိတ်ထဲမှာလည်း အနှောင်အဖွဲ့ လွတ်သွားသလို ပေါ့ပါးဝမ်းသာမှုတွေနဲ့ပေါ့။

အပြင်ရောက်တော့ ပိုင်ပိုင်စိုးက လေးနက်စွာပဲ. . .

"ဝေလွင်. . . မင်းအပါအဝင် အားလုံးကို ငါကျေးဇူးတင်ပါတယ်ကွာ"

"မလိုပါဘူး ငပိုင်၊ မင်း သက်ထားကိုပဲ ချစ်တာ ငါသိတယ်လေ၊ ကဲ. . . သက်ထားဆီ သွားတော့၊ အဲ. . . သက်ထားက ဟို သဘောကုမ္ပဏီမှာ မလုပ်တော့ဘူးနော်"

"ဟင်. ."

"ဟုတ်တယ် ငပိုင်၊ သူလည်း အဲဒီအလုပ်မှာဆိုရင် မင်းကို သတိရနေမှာစိုးလို့နဲ့ တူပါတယ်၊ ခု. . သက်ထား အလုပ်လုပ်နေတဲ့ နေရာက. . . . . . ."



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူရဲ့ဖခြရင်းမှာဆိုရင်
ဘယ်လိုသတ်မှတ်ခြင်းနဲ့ဖြစ်ဖြစ်
ကိုယ်ဝပ်စင်းရဲပါတယ် ချစ်သူ



BURMESE CLASSIC .com

# အခန်း(၂၃)

မန်နေဂျာအဖြစ် သူမ တာဝန်ယူထားရတဲ့ စနက်ဘား (snack-bar)ဆိုင်လေးဟာ ခေတ်မီသပ်ရပ်ပါတယ်။ ခန်းမထဲမှာ စားသောက်နိုင်သလို သီးသန့်ခန်းလေးတွေထဲမှာလည်း လွတ်လွတ်လပ်လပ် ထိုင်လို့ရပါတယ်။

ဒီမှာ သူမ အလုပ်ဝင်တာ တစ်ပတ်ကျော်ကျော်ပဲ ရှိပါသေးတယ်။ သဘော်ပေါ်မှာ အလုပ်မလုပ်ချင်တော့တာနဲ့ ဒီအလုပ်ကို ပြောင်းလိုက်တာပါ။ သဘော်မှာဆိုရင် အဟောင်းတွေ အသစ်ဖြစ်ပြီး သတိရနေမိဦးမှာလေ။ ခုလည်း သတိမရဘဲ နေတာ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းချရင်း အလုပ်ထဲကိုပဲ စိတ်နှစ်ထားလိုက်တယ်။ ကြားခဲ့ရတဲ့စကားအရ ဒီအချိန်ဆို ပိုင်ပိုင်စိုးလည်း လက်ထပ်ပြီးရောပေါ့။ အဲဒီအချိန်မှာပဲ. . .

ကောင်မလေးတစ်ယောက် ဆိုင်ထဲကို ဝင်လာတယ်။ ပြီးသီးသန့်ခန်းလေးတစ်ခန်းထဲ ထပ်ဝင်သွားပြန်တယ်။

ဝိတ်တာလေးက အခန်းထဲ လိုက်ဝင်သွားပြီး. . .

"ဘာသုံးဆောင်မလဲ ခင်ဗျ"

ကောင်မလေးက မီနူးကို ငုံ့ကြည့်ရင်းက. . .

"စတော်ဘယ်ရီမစ်ရှိတ်တစ်ခွက်ရယ်. . ထမင်းကြော်တစ်ပွဲပါပဲ"

"ဟုတ်ကဲ့"

မကြာခင်မှာပဲ စားသောက်စရာတွေ လာပို့ပါတယ်။ သိပ်မကြာလိုက်ပါဘူး။ အဲဒီသီးသန့်ခန်းကနေ ခွမ်းကနဲ ခွမ်းကနဲ ပန်းကန်ကွဲသံတွေက ထွက်လာတော့တယ်။

အတွေးထဲမှာ မျောနေတဲ့သက်ထားစံ လန့်သွားရတယ်။ ဘာဖြစ်တာလဲ။ အလုပ်ဝင်တာတောင် မကြာသေးဘူး၊ ပြဿနာတော့တက်ပြီနဲ့တူတယ်။

အဲဒီအချိန်မှာပဲ အဲဒီအခန်းကို တာဝန်ယူတဲ့ဝိတ်တာလေးရောက်လာလို့. . .

"မောင်လေး. . . ဘာဖြစ်လို့လဲ"

ဝိတ်တာလေးက မျက်စိပျက် မျက်နှာပျက်နဲ့. . .

"ဒီလို အစ်မ. . . မစ်ရှိတ်ထဲမှာရော ထမင်းကြော်ထဲမှာပါ





ဆံပင်ရှည်တွေ ပါလာလို့ ကာစတန်မာက ဒေါသထွက်ပြီး ခုံပေါ်က တွန်းချလိုက်တာပါ"

"ဟယ်. ."

သက်ထားစံ ခေါင်းကြီးသွားတယ်။ ဒုက္ခပါပဲ။ စားသုံးသူက အမှန်ဆိုတော့လည်း. . .

"ဒါနဲ့ မောင်လေး မတောင်းပန်လိုက်ဘူးလား"

"တောင်းပန်ပါတယ် အစ်မ၊ သူက မန်နေဂျာနဲ့ ရှင်းချင်တယ်ဆိုလို့ပါ"

"ဩော်. . . "

စိတ်မသက်မသာနဲ့ သက်ထားစံ ထရပ်လိုက်ပါတယ်။ ကိုယ့်ဘက်က အမှားဆိုတော့ အနူးအညွတ် တောင်းပန်ရတော့မှာပဲ။

သူမကို ကြည့်ပြီး ဝိတ်တာလေးက. . .

"အစ်မ. . အစ်မ. . အဲဒီကာစတန်မာက ဟို. . "

လက်ကာပြရင်း သက်ထားစံ ထွက်လာခဲ့လိုက်တယ်။

အခန်းထဲ ရောက်တော့ ထိုင်ခုံမှာ တစ်ဖက်လှည့်ပြီး ထိုင်နေတဲ့ကောင်မလေးကို တွေ့လိုက်ရတယ်။ ဆံပင်ခွေခွေလေးတွေကလည်း ပခုံးပေါ်မှာ ဝဲကျနေပါတယ်။ သက်ထားစံက. . .

"ဒီက ညီမလေးကို တောင်းပန်ပါတယ်၊ ကျွန်မက ဒီဆိုင်က မန်နေဂျာပါ"

ကောင်မလေး လှည့်မကြည့်သေးဘဲ. . .

"ဒါဆို ခု ဘယ်လိုလုပ်ပေးမှာလဲ"

"ဟိုလေ. . . ညီမလေး စားချင်တာကို အသန့်ရှင်း အသပ်



www.burmeseclassic.com

www.burmeseclassic.com



ရပ်ဆုံးဖြစ်အောင် ပြန်လုပ်ပေးပါ့မယ်၊ ဘာသုံးဆောင်မှာလဲရှင့်၊ လိုအပ်တာ ပြောပါ. . . အဆင်ပြေရပါစေမယ်"

"အင်း. . . လိုချင်တာကတော့"

စကားကို ဖြတ်ထားလိုက်ပြီးမှ. . .

"သက်ထားစံ"

"ရှင်. . "

တအံ့တသြဖြစ်နေတုန်းမှာပဲ ကောင်မလေးက ဖြည်းဖြည်းချင်း လှည့်လာတယ်။

"ဟင်. . . ပိုင်ပိုင်"

ပိုင်ပိုင်စိုးက ခေါင်းပေါ်က ဆံပင်တုကို ဆွဲဖြုတ်လိုက်ပြီး. . .

"ဟုတ်တယ်. . . ခုကို လိုအပ်နေတာ သက်ထားစံဆိုတဲ့ ကောင်မလေးပဲ. . . ရနိုင်ပါတယ်နော်"

"အို. . . "

သက်ထားစံ ရှက်စွံ့ပြီး ခေါင်းလေး ငုံ့ကိုင်းသွားရတယ်။ ပိုင်ပိုင်စိုးက အနားလျှောက်လာပြီး. . .

"သက်ထား. . "

"ရှင်. . "

"ကိုယ့်ကို ခွင့်လွှတ်ပါ သက်ထားရယ်၊ သက်ထားကို ချစ်လို့ ညာခဲ့မိတာပါ"

"ဟို. . ဟိုတစ်ယောက်က"

"မှန်တာပြောရင် သစ္စာပါ။ သက်ထားပေါ် ရှိတာ မေတ္တာပါ။ ကိုယ်ရန်ကုန်ပြန်ရောက်လို့ သူနဲ့အတူရှိနေပေမယ့် ဘယ်လိုမှ မပျော်





ဘူး၊ သက်ထားကိုပဲ နေ့နေ့ညည သတိရနေမိတယ်၊ နောက်ဆုံး သက်ထားကလွဲရင် ဘယ်သူ့ကိုမှ ကိုယ့်နှလုံးသားက လက်မခံနိုင်တာ သေချာသွားခဲ့လို့ ကိုယ့်ကိစ္စအားလုံး ရှင်းပြီး သက်ထားဆီ ပြန်လာခဲ့တာပါ။ ကိုယ်တို့ အရင်လိုပဲ ချစ်ကြရအောင်နော်"

"ဟင်. . . ဘယ်တုန်းက ချစ်ခဲ့ဖူးလို့လဲ. . . မချစ်ပါဘူး"

ပိုင်ပိုင်စိုး အသဲယားသွားရတယ်။

"ဟင်. . . ချစ်တယ်လို့ပဲ၊ ကျွန်းမှာတုန်းက ပြောခဲ့တယ်လေ"

"အာ. . အဲဒါက ဟို. . အခြောက်လို့ ထင်ပြီးပြောခဲ့တာရှင့်"

"ဩော်. . . ဒီလိုလား၊ ကိုယ်လည်း အဲဒီတုန်းက အခြောက်ပုံစံနဲ့ သက်ထားကို နမ်းမိခဲ့တာ၊ ခုတော့. . ကဲ. . "

ပြောရင်း သက်ထားစံ ကိုယ်လုံးလေးကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်တယ်။ ပါးမို့မို့လေးကို နမ်းမလို့ ကြံစည်လိုက်စဉ်မှာပဲ. . .

"ဟိုး. . . ဆရာကြီး၊ ကိုယ့်ပုံကိုယ်လည်း ပြန်ကြည့်ဦး၊ နမ်းချင်ရင် ယောကျ်ားလိုပုံစံနဲ့ လာခဲ့. . . ဒါပဲ"

"အင်. . . "

ပိုင်ပိုင်စိုး နင်သွားရပါတယ်။ ချစ်သူကို ဒီနေရာမှာ နမ်းရဖို့အရေး ဂါဝန်ကြီးပဲ ဆွဲချွတ်လိုက်ရင် ကောင်းမလားလို့ တွေးရင်း. . .

ရွှင်လန်းချမ်းမြေ့ပါစေ



www.burmeseclassic.com